ကြေးမုံ
The Mirror Daily
၁၉၅၇ ဖြို့ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

၁၃၈၈ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁ ရက် အင်္ဂါနေ့။ Tuesday, 30 June 2026 ၁၂၂၁

ရန်တုံ့မမူသဖြင့်သာလျှင် ရန်တို့ ငြိမ်း

ဤလောကၦ ရန်တို့သည် ရန်တုံ့မူခြင်းအားဖြင့် ဘယ်အခါမှ မငြိမ်းကုန်၊ ရန်တုံ့မမူသဖြင့်သာလျှင် ရန်တို့သည် ငြိမ်းကုန်၏၊ ဤသို့ ရန်တုံ့မမူသဖြင့် ရန်ငြိမ်းခြင်းသည် ရှေးအစဉ်အလာ ဓမ္မတာသဘော ပေတည်း။

ယမကဝဂ်(ဓမ္မပဒ–၅)

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်၏ ဖိတ်ကြားချက်အရ ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ အလက်ဇန္ဒား လူကာရှန်ကို မြန်မာနိုင်ငံသို့ အလုပ်သဘောခရီးစဉ် လာရောက်မည်

နေပြည်တော် ၆ ရက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်၏ ဖိတ်ကြားချက်အရ ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ အလက်ဇန္ဒား လူကာရှန်ကိုသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသို့ မကြာမီကာလအတွင်း အလုပ်သဘောခရီးစဉ် လာရောက်မည်ဖြစ်သည်။

သတင်းစဉ်



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးချုပ်များအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

အများနှင့်သက်ဆိုင်သည့်လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အရှည်ကိုမြော်တွေး၍ စနစ်တကျဆောင်ရွက်

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးချုပ်များအား တွေ့ဆုံအမှာစကားပြောကြား

နေပြည်တော် ၆ ရက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးချုပ်များအား ယနေ့နံနက်ပိုင်းတွင် နိုင်ငံတော်သမ္မတရုံးတော် အစည်းအဝေးခန်းမ၌ တွေ့ဆုံအမှာစကားပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးခင်မောင်ရိုး၊ ဒေါက်တာ ချောချောစိန်၊ ဒေါက်တာ မျိုးသိန်းကျော်၊ ဦးမင်းနောင်နှင့် ဦးမျိုးသန်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ တက်ရောက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ★

နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် ၆ ရက်

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်

ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မိုး/၈လ

ငဖဲမြို့နယ်၌ ဆီထွက်သီးနှံ မိုးနှမ်း ၁၂၈၉၉ ဧက စိုက်ပျိုးပြီးစီး

ငဖဲ ၆ ရက်



မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ်၌ မန်းချောင်းရေလောင်တမံဆည်၊ ရင်းရှည်ဆည်နှင့် ဆည်ငယ်ကန်ငယ်တို့မှ ပို့လွှတ်သောရေတို့ဖြင့် မိုးသီးနှံ နှမ်း ၁၂၃၉၃ ဧက စိုက်ပျိုးရန်လျာထားခဲ့ရာ ယနေ့အထိ ၁၂၈၉၉ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်၍ လျာထားချက်ထက် ၅၀၆ ဧက ပိုမိုကျော်လွန်စိုက်ပျိုးနိုင်ခဲ့သည်။

စာမျက်နှာ ၅ ကော်လံ ၁ သို့ ❂

ချောင်းဦးမြို့နယ်၌ အိန္ဒိယနိုင်ငံ၏ (QIP)အစီအစဉ်ဖြင့် အရည်အသွေးကောင်းဝါနှင့် မတ်ပဲသီးနှံစိုက်ခင်း ဧက ၂၀၀ ကျော် စိုက်ပျိုးမည်

ချောင်းဦး ၆ ရက်

စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့ စိုက်ပျိုးရေးဦးစီးဌာနတွင် ယနေ့ နံနက်ပိုင်းက အိန္ဒိယနိုင်ငံ၏ Quick Impact Project(QIP) အစီအစဉ်ဖြင့် အရည်အသွေးနှင့် အထွက်နှုန်းကောင်းမွန်သည့် ဝါမျိုးစေ့၊ မတ်ပဲမျိုးစေ့များကို တောင်သူများ လက်ဝယ်အရောက်ထောက်ပံ့ပေးအပ်ပွဲ ကျင်းပသည်။

စာမျက်နှာ ၄ ကော်လံ ၄ သို့ ❋

ပွင့်ဖြူမြို့နယ်၌ ဟင်းသီးဟင်းရွက် ၁၃၉၇ ဧက စိုက်ပျိုးပြီးစီး



ပွင့်ဖြူ ၆ ရက်

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ဟင်းသီးဟင်းရွက် ၁၆၀၂ ဧက စိုက်ပျိုးရန်လျာထားပြီး မေလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့အထိ ၁၃၉၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်သည်။

“ဟင်းသီးဟင်းရွက် စိုက်ပျိုးရာမှာ ခရမ်း(စိမ်း/ညို)၊ ခရမ်းချဉ်၊

စာမျက်နှာ ၄ ကော်လံ ၄ သို့ ❖

အင်းစိန်အကျဉ်းထောင်မှ ပညာလေ့လာခွင့် ဆုံးရှုံးမှု မရှိဘဲ အောင်မြင်မှု ပန်းတိုင်ကို တက်လှမ်း နိုင်ခဲ့ကြသူများ၏ ဝမ်းသာပီတိစကားသံများ

တွေ့ဆုံမေးမြန်း စာမျက်နှာ » ၉

ပထမဆု ၁၅ သိန်း ချီးမြှင့်မည့် ခရီးသွားလုပ်ငန်းနှင့် ယဉ်ကျေးမှုဆိုင်ရာ Short Video ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ၆ ရက်

မြန်မာနိုင်ငံ၏ ခရီးစဉ်ဒေသ အလှအပများနှင့် ရိုးရာယဉ်ကျေးမှုများကို ကမ္ဘာလှည့်ခရီးသွားများ ပိုမိုသိရှိလာစေရန် ရည်ရွယ်၍ “ခရီးသွားလုပ်ငန်းနှင့် ယဉ်ကျေးမှု” ခေါင်းစဉ်ဖြင့် Short Video ပြိုင်ပွဲတစ်ခု ကျင်းပသွားမည်ဖြစ်ပြီး ပထမဆုကို ငွေကျပ် ၁၅ သိန်း ချီးမြှင့်မည်ဖြစ်ကြောင်း ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ သိရသည်။

စာမျက်နှာ ၄ ကော်လံ ၄ သို့ ■

ရာဇဝတ်အထူးအယူခံမှု နှစ်မှုနှင့် တရားမအယူခံမှု သုံးမှုတို့ကို စီရင်ချက်ချမှတ်ပြီး တရားမအထူးအယူခံမှု လေးမှုတို့ကို ရုံးထိုင်ကြားနာ

နေပြည်တော် ဇွန် ၂၉

ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသော ဦးသိန်းကိုကို၊ ဒေါက်တာကိုကိုနိုင်၊ ဦးဝင်းမြင့်၊ ဒေါ်စိုးခက်ခက်တို့ပါဝင်သည့် အထူးအယူခံခုံရုံးသည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ပုဗ္ဗသီရိမြို့နယ် မင်္ဂလာဒိပ ရပ်ကွက် ချင်းတွင်းလမ်းရှိ ဇေယျာသီရိခရိုင်တရားရုံး ရုံးခန်းအမှတ်(၁)၌ ပြည်ထောင်စုတရားလွှတ်တော်ချုပ် အထူးအယူခံခုံရုံး ရုံးထိုင်၍ ရာဇဝတ်အထူးအယူခံမှုအမှတ် ၃/၂၀၂၆ (ရှမ်း)၊ ၄/၂၀၂၆ (ရန်ကုန်)နှင့် တရားမအထူးအယူခံမှုအမှတ် ၉/၂၀၂၆ (တနင်္သာရီ)၊ ၁၆/ ၂၀၂၆ (ပဲခူး)၊ ၁၇/၂၀၂၆(ရှမ်း) စုစုပေါင်း ရာဇဝတ် အထူးအယူခံမှု နှစ်မှုနှင့် တရားမအယူခံမှု သုံးမှုတို့ကို စီရင်ချက်ချမှတ်ပြီး တရားမအထူးအယူခံမှု အမှတ် ၄၈/၂၀၂၅ (ရန်ကုန်)၊ ၈/၂၀၂၆ (ကချင်)၊ ၁၈/၂၀၂၆ (ရန်ကုန်)၊ ၁၉/၂၀၂၆(ရန်ကုန်) စုစုပေါင်း တရားမအထူးအယူခံမှု လေးမှုတို့ကို ရုံးထိုင်ကြားနာခဲ့ကြောင်း သိရသည်။

သတင်းစဉ်

(၂၉-၆-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

	အမေရိကန်ဒေါ်လာ	တရုတ်ယွမ်	ထိုင်းဘတ်	အိန္ဒိယရူပီး
ငွေလဲလှယ်နှုန်း	၃၆၆၄.၃ ~ ၃၆၆၄.၈	၅၅၇.၉ ~ ၅၅၈	၁၂၅.၅ ~ ၁၂၅.၆	၄၃.၆
ဈေးကွက်အတွင်းရောင်းဝယ်သည့် ပမာဏ	၂၇,၆၇၆,၅၈၈.၀၁	၃၀,၃၃၇,၁၁၁.၆၆	၂၈,၅၄၈,၁၃၂.၃၈	၁၈၁,၁၃၀.၅၂
ဗဟိုဘဏ်မှ ဈေးကွက်အတွင်း ရောင်းချပေးသည့် ပမာဏ				

ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏမှာ စားသုံးဆီ၊ စက်သုံးဆီ၊ စက်မှုကုန်ကြမ်း၊ ဆေးနှင့် ဆေးဝါးကုန်ကြမ်းပစ္စည်း၊ ကား/ဆိုင်ကယ်အပိုပစ္စည်း၊ ဂျို့ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းတင်သွင်းခြင်းတို့အတွက် ရောင်းချပေးခဲ့ခြင်းဖြစ်ပါသည်။ CMP ကဏ္ဍာဝင်ရောက်ငွေမှ စားသုံးဆီကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၀.၂၉ သန်းကိုလည်းကောင်း၊ CMP ကဏ္ဍာသို့ အမေရိကန်ဒေါ်လာ ၀.၁ သန်းကိုလည်းကောင်း ရောင်းချပေးခဲ့ပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

၂၉ - ၆ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၅၉၅၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ၆၉၀၀၀၀၀ ဖြစ်သည်။**

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် ၂၉ - ၆ - ၂၀၂၆

ကုမ္ပဏီအမည်	အဖွင့်ဈေး (ကျပ်)	အဝိတ်ဈေး (ကျပ်)	ရှယ်ယာစောင်ရေ	ရှယ်ယာတန်ဖိုး (ကျပ်)
FMI	၁၇,၀၀၀	၁၈,၀၀၀	၁,၁၉၅	၂၀,၉၃၀,၅၀၀
MTSH	၈,၆၀၀	၈,၆၀၀	၄,၅၈၀	၃၉,၃၈၈,၀၀၀
MCB	၁၂,၅၀၀	၁၂,၅၀၀	၃၂	၄၀၀,၀၀၀
FPB	၇,၁၀၀	၇,၀၀၀	၁,၆၈၅	၁၁,၉၀၃,၄၀၀
TMH	၃,၄၀၀	၃,၆၅၀	၆	၂၁,၁၅၀
EFR	၂,၀၀၀	၂,၀၅၀	၁,၅၉၄	၃,၀၉၅,၄၅၀
AMATA	၄,၀၀၀	၄,၀၀၀	၅၀	၂၀၀,၀၀၀
MAEX	၆,၀၀၀	၆,၁၀၀	၄,၅၁၇	၂၇,၅၄၇,၀၀၀
MADPL(PLB)	၆,၈၀၀	၆,၇၀၀	၆၃	၄၂၈,၃၀၀
ASPGB(PLB)	၆၄,၀၀၀	၆၀,၀၀၀	၅၈	၃,၄၈၀,၀၀၀

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

နိုင်ငံဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဝင်းနိုင်
စာတည်းမှူး - အေဝမ်းစိုး
စာတည်းများ - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဂါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်၌၊ နိုင်လင်းကြည်
ဘာသာပြန် - အောင်ကျော်ကျော်၊ စိုးသူရ
အကြီးတန်း သတင်းထောက်များ - ခင်မိမိမို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ နိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန်
အငယ်တန်း သတင်းထောက်များ - အောင်ကျော်ဦး၊ သန်းတင်အောင်၊ ခင်သက်မွန်၊ မြသီတာ
သုတေသန - ဇင်မာဝင့်
စာပြင် - ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - နိုလာစိုးနှင်းအဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - စိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန္တလေးရုံး - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၅၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

ခေတ်မီနည်းပညာပြောင်းလဲအသုံးပြု တန်ဖိုးမြှင့်ထုတ်ကုန်များထုတ်လုပ်

MSME လုပ်ငန်းများသည် မြန်မာနိုင်ငံကဲ့သို့ ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် အလုပ်အကိုင်အများဆုံးဖန်တီးပေးနိုင်ရုံသာမက ဒေသတွင်းစီးပွားရေးလည်ပတ်မှုကိုလည်း ပိုမိုအားကောင်းစေပြီး ပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို တိုက်ရိုက်အထောက်အကူပြုနေသည့်လုပ်ငန်းများဖြစ်သည်။ စိုက်ပျိုးမွေးမြူရေးကုန်ကြမ်းအခြေပြု MSME ကုန်ထုတ်လုပ်ငန်းများသည် နိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အခြေခံမောင်းနှင်ပေးသည့် အင်အားတစ်ရပ်အဖြစ် စွမ်းဆောင်ပေးလျက်ရှိသည်။

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က ကမ္ဘာ့အသေးစား၊ အလယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများနေ့ အထိမ်းအမှတ်အခမ်းအနားတွင် "မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို အခြေခံပြီး လုပ်ကိုင်နေကြသည့် နိုင်ငံဖြစ်သောကြောင့် ပြည်တွင်းရှိ MSME လုပ်ငန်းများအတွက် အလွယ်တကူ ရရှိနိုင်သည့် သဘာဝသယံဇာတနှင့် စိုက်ပျိုးမွေးမြူရေးအခြေခံ ဒေသထွက်ကုန်ကြမ်းများကို အသုံးပြုသည့် ကုန်ထုတ်လုပ်မှုကို အဓိကတွန်းအားပေး ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ သာမန်လုပ်ရိုးလုပ်စဉ် စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များကို မူလကုန်ကြမ်းအခြေအနေအတိုင်း ရောင်းချမှုအဆင့်မှ ခေတ်မီနည်းပညာအသုံးပြုပြီး တန်ဖိုးမြှင့်ထုတ်ကုန်ပစ္စည်းများ ပြောင်းလဲထုတ်လုပ်နိုင်အောင် ကြိုးစားကြရမည်ဖြစ်ကြောင်း" ပြောကြားခဲ့သည်။

MSME ကဏ္ဍသည် ကုန်ထုတ်လုပ်မှု၊ ရောင်းဝယ်မှု၊ ဝန်ဆောင်မှု စသည့် လုပ်ငန်းများအားလုံး ပါဝင်နေသောကြောင့် MSME စီးပွားရေးလုပ်ငန်းများကို အားပေးမြှင့်တင်ခြင်းဖြင့် နိုင်ငံတော်၏ ပြည်တွင်းအသားတင်ထုတ်လုပ်မှု(GDP) တိုးတက်လာမည်ဖြစ်ပြီး နိုင်ငံ့စီးပွား မြှင့်တင်ရေးတွင်လည်း များစွာအထောက်အကူပြုစေမည်ဖြစ်သည်။ နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်များကို လက်တွေ့ကျကျ အောင်အောင်မြင်မြင် အကောင်အထည်ဖော်နိုင်ရန်နှင့် မြန်မာနိုင်ငံ၏ အခြေခံကျောရိုးဖြစ်သည့် MSME ကဏ္ဍ အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်နိုင်ရန်အတွက် "စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန"ကို နိုင်ငံတော်အစိုးရသစ်လက်ထက်တွင် စတင်တိုးချဲ့ ပြင်ဆင်ဖွဲ့စည်းပေးခဲ့သည်။

ယင်းသို့ ဆောင်ရွက်ခြင်းသည် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် MSME ကဏ္ဍကို စနစ်တကျဖြင့် ပြောင်းမြောက်စွာ တိုးတက်စေချင်သည့် နိုင်ငံတော်၏ မျှော်မှန်းချက်၊ ဦးတည်ချက်နှင့် သန့်ရှင်းကို ပြသခြင်းပင်ဖြစ်သည်။ ယနေ့ကမ္ဘာပေါ်တွင်ရှိသည့် စီးပွားရေးလုပ်ငန်းများ၏ ၉၀ ရာခိုင်နှုန်းခန့်သည် MSME လုပ်ငန်းများဖြစ်ပြီး အလုပ်အကိုင်ဖန်တီးပေးမှုအပိုင်း၌ ၆၀ ရာခိုင်နှုန်းမှ ၇၀ ရာခိုင်နှုန်းနှင့် GDP ၏ ၅၀ ရာခိုင်နှုန်းခန့်ရှိနေကြောင်း ကမ္ဘာ့ဘဏ်နှင့် ကုလသမဂ္ဂအချက်အလက်များအရ သိရသည်။ မြန်မာနိုင်ငံတွင်လည်း စီးပွားရေးလုပ်ငန်းများ၏ ၉၀ ရာခိုင်နှုန်းခန့်သည် MSME လုပ်ငန်းများဖြစ်နေပြီး အလုပ်အကိုင်ဖန်တီးပေးနိုင်မှု ၇၀ ရာခိုင်နှုန်းခန့်ရှိနေသည်ကို တွေ့ရသည်။

ထို့ကြောင့် MSME ကဏ္ဍဖွံ့ဖြိုးရေးသည် နိုင်ငံ့စီးပွားရေးဖြင့်တင်ရေးအတွက် မဖြစ်မနေလုပ်ဆောင်ရမည့် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ရှမြင်ပြီး အားလုံး ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြရမည်ဖြစ်သည်။ အထူးသဖြင့် ကုန်ထုတ်လုပ်မှုကဏ္ဍ အဆင့်ပေါ်ချောမွေ့ပြီး MSME ကဏ္ဍ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အပြန်အလှန်ချိတ်ဆက်နေသည့် မဏ္ဍိုင်ကြီး(၄)ရပ်ဖြစ်သည့် ကုန်ကြမ်း၊ သွင်းအားစု၊ အရင်းအနှီးနှင့် လူသားအရင်းအမြစ်တို့ တိုးတက်မြင့်မားအောင် ကြိုးစားလုပ်ဆောင်ကြရမည်ဖြစ်သည်။ မြန်မာနိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်သကဲ့သို့ MSME လုပ်ငန်းများလုပ်ကိုင်ရာ၌လည်း စိန်ခေါ်မှုများစွာရှိသည်။ စိန်ခေါ်မှုများကို ကျော်လွှားနိုင်ရန်အတွက် နိုင်ငံတော်နှင့် ပုဂ္ဂလိကကဏ္ဍ ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်သည်။ အခက်အခဲများကို ကျော်လွှားနိုင်ရန်အတွက် စုပေါင်းလုပ်ဆောင်သည့်စနစ်၊ စိတ်တူသဘောတူ သမဝါယမပုံစံဖြင့် အောင်မြင်အောင် ဆောင်ရွက်နိုင်သည်။

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကိုအခြေခံသည့် နိုင်ငံဖြစ်သောကြောင့် ပြည်တွင်း၌ အလွယ်တကူရရှိနိုင်သည့် စိုက်ပျိုးမွေးမြူရေးထွက်ကုန်များကို အပြည့်အဝ အသုံးချကြရမည်ဖြစ်သည်။ သွင်းအားစုများဖြစ်သည့် စက်သုံးဆီ၊ လျှပ်စစ်မီး၊ ဓာတ်မြေဩဇာနှင့်ကုန်ထုတ်လုပ်မှု စက်ကိရိယာပစ္စည်း အစိတ်အပိုင်းများကို သင့်တော်သည့်နည်းလမ်းများဖြင့် တီထွင်ကြံဆလုပ်ကိုင်ကြရန်လိုသည်။ အထူးသဖြင့် ကုန်ထုတ်လုပ်မှုစရိတ်စကများကို ဖြစ်နိုင်သမျှ လျှော့ချပေးနိုင်ရန်နှင့် ကုန်ထုတ်ဝန်းအား တိုးတက်လာရေးအတွက် သက်ဆိုင်ရာဌာနများက ဖြည့်ဆည်းပေးရမည်ဖြစ်သည်။ နိုင်ငံတကာမှ ထုတ်ကုန်များကဲ့သို့ အရည်အသွေးပြည့်မီနိုင်ရန် သုတေသနပြုလုပ်ကိုင်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံရှိ MSME လုပ်ငန်းများအနေဖြင့် အစဉ်အလာမပျက် လုပ်ကိုင်နေသည့် လုပ်ရိုးလုပ်စဉ် စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များကို မူလကုန်ကြမ်း၊ မူလထုတ်ကုန်အတိုင်း ရောင်းချသည့်အဆင့်မှ ခေတ်မီနည်းပညာများကို အသုံးပြု၍ တန်ဖိုးမြှင့်ထုတ်ကုန်ပစ္စည်းများ ပြောင်းလဲထုတ်လုပ်နိုင်အောင် နိုင်ငံတော်နှင့် ပုဂ္ဂလိကကဏ္ဍ ပူးပေါင်းလက်တွဲ ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

★ ရှေ့ဖုံးမှ

ဦးစွာ နိုင်ငံတော်သမ္မတက အဖွင့်အမှာစကားပြောကြားရာတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြည်ထောင်စုမှ ဆောင်ရွက်ပေးရသည့် အမျိုးသားအဆင့် စီမံကိန်းများရှိသကဲ့သို့ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် အကောင်အထည်ဖော် ဆောင်ရွက်ရသည့် စီမံကိန်းများလည်းရှိကြောင်း၊ အဆိုပါ စီမံကိန်းများကို အကျိုးရှိရှိအောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ မိမိတို့တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် ရှိပြီးဖြစ်သည့် ထူးခြားသည့်ဝိသေသများအရ စိုက်ပျိုးမွေးမြူရေး ဖြစ်ထွန်းအောင်မြင်နိုင်သောလုပ်ငန်းများကို ဖိဖိစီးစီးရွေးချယ်လုပ်ကိုင်ကြရန်နှင့် အခြားလုပ်ငန်းများကိုလည်း မိမိတို့တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် လိုအပ်သလို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်လိုကြောင်း၊ ထို့ကြောင့် မိမိတို့တွင်ရှိပြီးဖြစ်သည့် ဒေသအလိုက်အားသာချက်များကို အဓိကအသုံးချ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများကို ဆောင်ရွက်သွားကြစေလိုကြောင်း။

နိုင်ငံတစ်ဝန်း လမ်းပန်းဆက်သွယ်မှုများ ကောင်းမွန်စေရေး မူဝါဒချမှတ်၍ ဆောင်ရွက်လျက်ရှိကြောင်း၊ လမ်းများ ရေရှည်တည်တံ့ ကောင်းမွန်နေစေရေးနှင့် သတ်မှတ်ထားသည့် လမ်းအင်္ဂါရပ်များနှင့် အညီဖြစ်စေရေး ဆောင်ရွက်သွားရန် လိုကြောင်း၊ လမ်းများရေရှည်ခိုင်ခံ့ကောင်းမွန်စေရေးအတွက် လမ်းဘေးဝဲယာ ရေစီးရေလာကောင်းမွန်စေရေး ဆောင်ရွက်ပေးရန်လိုကြောင်း၊ သွားလာရခက်ခဲသည့် နယ်စပ်ဒေသများ၏ လမ်းပန်းဆက်သွယ်မှုများ ကောင်းမွန်စေရေးကို အဓိကထား ဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများအတွက် လိုအပ်သည့်ဘဏ္ဍာငွေများကို နိုင်ငံတော်မှ ခွင့်ပြုပေးလျက်ရှိကြောင်း။

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် လူသားအရင်းအမြစ်များ များစွာလိုအပ်ကြောင်း၊ ဒေသတွင်းနေထိုင်သူများအနေဖြင့် မိမိတို့ဒေသအတွင်း နေထိုင်လုပ်ကိုင်လိုကြပြီး အလုပ်အကိုင် အခွင့်အလမ်းများပေါများပါက ဒေသတွင်း၌သာ နေထိုင်လုပ်ကိုင်ကြမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဒေသအလိုက်အလုပ်အကိုင်အခွင့်အလမ်းများကို ဖော်ဆောင်ပေးနိုင်ရေး ဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် အခြေခံပညာကျောင်းများတွင် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးဘာသာရပ်များကို သင်ကြားပေးလျက်ရှိပြီး နောင်တစ်ချိန်တွင် ဒေသအတွက် လူသားအရင်းအမြစ်များ ဖြစ်ထွန်းလာမည်ဖြစ်ကြောင်း၊ အလားတူ စက်မှု၊ စိုက်ပျိုးရေးနှင့်မွေးမြူရေး အခြေခံပညာကျောင်းများ၌ ကျောင်းသားကျောင်းသူများတက်ရောက်သင်ကြားကြစေရေး စည်းရုံးဆောင်ရွက်သွားကြရန်လိုကြောင်း။

ယနေ့ခေတ်သည် နည်းပညာခေတ်ဖြစ်သဖြင့် စက်မှုနည်းပညာဘက်သို့ စိတ်ပါဝင်စားမှုများကြကြောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးပညာရပ်သည်လည်း နိုင်ငံအတွက် မဖြစ်မနေလိုအပ်သည့် ပညာရပ်များပင်ဖြစ်ကြောင်း၊ ထို့ကြောင့် စိုက်ပျိုးမွေးမြူရေး ပညာရပ်များကို သင်ကြားခြင်းဖြင့်လည်း ဘဝရပ်တည်ရေးအတွက် များစွာအကျိုးဖြစ်ထွန်းစေမည်ကို သိရှိစေရေး စံနမူနာပြလုပ်ကိုင်ပြသကြရန်လိုကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် ပညာရေးကဏ္ဍ မြှင့်တင်ရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိပြီး KG+9 အထိ မသင်မနေရပညာရေးစနစ် ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယခုအခါ ကျောင်းများ ပြန်လည်ဖွင့်လှစ် သင်ကြားလျက်ရှိပြီး တန်းစဉ်ကူးပြောင်းမှုများ ကောင်းမွန်တိုးတက်စေရေး တတ်နိုင်သမျှ ပို၍ဝန်းဆောင်ရွက်သွားကြရန် လိုကြောင်း၊ နိုင်ငံတော်အစိုးရမှ ဖွင့်လှစ်ထားသည့် အခြေခံပညာကျောင်းများမှ ထူးချွန်သည့် ကျောင်းသား ကျောင်းသူများ ပို့မိတို့တက် ပေါ်ထွန်းလာစေရေး ဆောင်ရွက်ပေးရန် လိုကြောင်း၊ အစိုးရပညာရေးစနစ်ကို မြှင့်တင်နိုင်ရေး ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဝန်ကြီးဌာနသာမက တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များကလည်း ပို၍ဝန်းဆောင်ရွက်သွားကြရန် လိုကြောင်း။

ကျောင်းသား ကျောင်းသူများ တစ်ကိုယ်ရေကျန်းမာရေးအတွက် ကျောင်းကျန်းမာရေးကိုလည်း စဉ်ဆက်မပြတ် စစ်ဆေး ဆောင်ရွက်ပေးသွားရန်လို ကြောင်း၊ မူလတန်းအရွယ်မှစတင်၍ ကောင်းမွန်သည့် အလေ့အကျင့်များရရှိအောင် ဆောင်ရွက်ပေးရန်လိုကြောင်း၊

“မိမိတို့တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ရှိပြီးဖြစ်သည့် ထူးခြားသည့်ဝိသေသများအရ စိုက်ပျိုးမွေးမြူရေး ဖြစ်ထွန်းအောင်မြင်နိုင်သောလုပ်ငန်းများကို ဖိဖိစီးစီးရွေးချယ်လုပ်ကိုင်ကြရန်နှင့် အခြားလုပ်ငန်းများကိုလည်း မိမိတို့တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် လိုအပ်သလို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်လို”

ကျောင်းတက်ရောက်၍ ပညာသင်ကြားခြင်းအားဖြင့် သင်ခန်းစာများတွင်ပါရှိသည့် နီတိများကိုသင်ကြားပြီး ကျန်းမာရေးအသိပညာရှိမည်၊ အာဟာရပြည့်ဝစွာ စားသုံးနိုင်မည်ဆိုပါက စွမ်းရည်စွမ်းအား ရှိသည့် နိုင်ငံတော်အတွက် လိုအပ်သော အနာဂတ်လူငယ်များကို မွေးထုတ်ပေးနိုင်မည်ဖြစ်ကြောင်း။

အကြောင်းအမျိုးမျိုးကြောင့် ဖွင့်လှစ်နိုင်ခြင်းမရှိသည့် စာသင်ကျောင်းများမှ ပြန်လည်ဖွင့်လှစ်နိုင်သည့် အခြေခံပညာကျောင်းများကို ပြန်လည်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ပေးသွားရန် လိုကြောင်း၊ ကောင်းစွာ ပညာသင်ကြားရေးကို ခြိမ်းခြောက်မှုများကြောင့် ပိတ်ထားရသည့် ကျောင်းများရှိကြောင်း၊ ထိုသို့ ဆောင်ရွက်ခြင်းသည် မိမိတို့ဒေသကို နိမ့်ပါးသည့်နေရာသို့ရောက်အောင် တွန်းပို့ဖျက်ဆီးနေခြင်းပင်ဖြစ်ကြောင်း၊ ပညာရေးကိုဖျက်ဆီးခြင်းသည် နိုင်ငံ၏အနာဂတ်ကို ဖျက်ဆီးခြင်းပင်ဖြစ်ကြောင်း၊ ထိုသို့ ဒေသပျက်စီးရေး ဆောင်ရွက်နေမှုများကို နိုင်ငံချစ်စိတ်၊ ဒေသချစ်စိတ်၊ မျိုးချစ်စိတ်ရှိသူများက ဒေသတွင်းစုပေါင်းအားဖြင့် ပို၍ဝန်းဆန့်ကျင် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်ထမ်းဆောင်လျက်ရှိသည့် တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများ ပူးပေါင်း၍ စာသင်ကျောင်းများ လုံခြုံရေးလုပ်ငန်းများကို ဆောင်ရွက်ပြီး ကျောင်းများအားလုံး ပြန်လည်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ဒေသအလိုက် လုံခြုံရေးပိုင်းဆိုင်ရာများနှင့်ပတ်သက်၍ စီမံချက်များ ရေးဆွဲဆောင်ရွက်သွားရန်လိုကြောင်း။

ဝန်ကြီးချုပ်များနှင့် အစိုးရအဖွဲ့ဝန်ကြီးများအနေဖြင့် မိမိတို့ဒေသအလိုက် ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေး အတွက်လည်း မြေပြင်ကွင်းဆင်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ဒေသတွင်းဖြစ်ပေါ်လျက်ရှိသည့် ပကတိအခြေအနေမှန်များနှင့် လိုအပ်ချက်များကို သိရှိဖြည့်ဆည်းပေးနိုင်ရေး ဆောင်ရွက်သွားကြရန်လိုကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် စည်ပင်သာယာရေး ဝန်ကြီးများအနေဖြင့် မြို့ရွာများ သန့်ရှင်းသာယာလှပစေရေး ဆောင်ရွက်သွားကြရန်လိုကြောင်း၊ အများပြည်သူများအပန်းဖြေနိုင်သည့် ပန်းခြံများ၊ ပန်းဥယျာဉ်များနှင့် အပန်းဖြေနေရာများကို Town Plan များရေးဆွဲ၍ စနစ်တကျဖော်ဆောင်ပေးသွားရန်လိုကြောင်း၊ မြို့ပြတည်ဆောက်ရေး လုပ်ငန်းများကို ဆောင်ရွက်ရာတွင် ခေတ်နှင့်လျော်ညီစွာ ဖြင့်အရှည်မြော်တွေးလျာထား ဆောင်ရွက်ကြရန်လိုကြောင်း၊ စာသင်ကျောင်းများ သန့်ရှင်းသာယာလှပရေးနှင့် စံမီသည့် အခြေခံပညာကျောင်းများ ဖြစ်စေရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ အလားတူ ရုံး/ဌာနများ သန့်ရှင်းသာယာလှပရေးနှင့် ရုံးလုပ်ငန်းစနစ်များ စနစ်တကျဖြစ်စေရေးဆောင်ရွက်သွားရန်လိုကြောင်း။

ပြည်သူများ၏ ရုပ်ပိုင်း/စိတ်ပိုင်း ဆိုင်ရာများ မြင့်မားရေးနှင့်ပတ်သက်၍ ဒေသအလိုက် အားကစားပွဲများ ကျင်းပ ပြုလုပ်သွားရန်လိုကြောင်း၊ ထိုသို့ဆောင် ရွက်နိုင်ရန်အတွက် ရှိပြီးဖြစ်သည့် အားကစားကွင်းများ စနစ်တကျဖြစ်စေ ရေး ဆောင်ရွက်ပေးရန်လိုကြောင်း၊ လူငယ်များ၏ အားကစားကဏ္ဍ မြှင့်တင် ရေးကို ဆောင်ရွက်ပေးနိုင်ရန် အခြေခံ ပညာအဆင့်၊ အဆင့်မြင့်ပညာအဆင့် အားကစားပြိုင်ပွဲများ၊ မြို့နယ်အလိုက်၊ ခရိုင်အလိုက်၊ အသက်အရွယ်အလိုက် ဖိတ်ခေါ်အားကစားပြိုင်ပွဲများ ကျင်းပ ဆောင်ရွက်သွားရန်လိုကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင်လည်း အမှန်တကယ် အကျိုးရှိအောင် ဆောင်ရွက်ပေးရန်လို ကြောင်း၊ အားကစားပြိုင်ပွဲများကို ဆောင်ရွက်နိုင်ခြင်းဖြင့် လူငယ်များ၏ စိတ်ဓာတ်နှင့် ခံယူချက်များတိုးတက် ကောင်းမွန်လာမည်ဖြစ်ပြီး မိမိတို့နိုင်ငံ၏ အားကစားကဏ္ဍကို မြှင့်တင်ဆောင်ရွက် နိုင်မည်ဖြစ်ကြောင်း။

ဒေသဖွံ့ဖြိုးတိုးတက်ရေး အတွက် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် Agro-Based Industries ကို ဆောင်ရွက်သွားနိုင်ရန်လိုကြောင်း၊ မိမိတို့တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် မိမိတို့ဒေသ၏ အားသာချက်များကိုအသုံးချဆောင်ရွက်သွားရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် အသေးစား၊ အလယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းသည် အဓိကကျသဖြင့် MSME လုပ်ငန်းများကိုဖြင့်တင်၍ ပြည်တွင်းကုန်ထုတ်လုပ်ငန်းများ တိုးတက်အောင် ဆောင်ရွက်သွားကြရန် လိုကြောင်း၊ မိမိတို့နိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံ တစ်ခုဖြစ်သဖြင့် နိုင်ငံအတွင်းမှထွက်ရှိသည့် စိုက်ပျိုးမွေးမြူရေး ထုတ်ကုန်များကို အခြေခံသော ကုန်ထုတ်လုပ်ငန်းများကို ဆောင်ရွက်ခြင်းဖြင့် နိုင်ငံ၏ စီးပွားရေးကဏ္ဍကို များစွာမြှင့်တင်ဆောင်ရွက်နိုင် မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များက တက္ကသိုလ်ဝင်ငံစာမေးပွဲ အောင်စာရင်း ထုတ်ပြန်ခဲ့မှုနှင့် အောင်ချက်ရာခိုင်နှုန်း မြင့်မားလာမှုအခြေအနေများ၊ ၂၀၂၆-၂၀၂၇ ပညာသင်နှစ်တွင် ကျောင်းသား ကျောင်း သူများ ကျောင်းအပ်နှံမှုရာခိုင်နှုန်း မြင့်မား လာမှု၊ အခြေခံကျောင်းများ၌ ဆရာ ဆရာမ လိုအပ်ချက်များအား ဖြည့်ဆည်းပေးနိုင် ရေး ဆောင်ရွက်လျက်ရှိသည့်အခြေအနေ များ၊ အစိုးရနှင့် ပုဂ္ဂလိကကျောင်းများ၌ အဆောက်အအုံများ သတ်မှတ်စံနှုန်းနှင့် အညီဆောင်ရွက်ရေး၊ ပြည်နယ်နှင့်တိုင်း ဒေသကြီးအလိုက် စိုက်ပျိုးဈေးများ မှန်ကန်ရေးနှင့် စိုက်ပျိုးသီးနှံများ အထွက် နှုန်းကောင်းမွန်စေရေး စိစစ်ဆောင်ရွက်ခဲ့ သည့်အခြေအနေများ၊ ဒေသတွင်းမျိုးရင်း မှ မျိုးကောင်းမျိုးသန့်များ ထုတ်လုပ်နိုင်ရေး ဆောင်ရွက်နေမှု၊ လယ်ယာမြေအသုံးပြုမှု များနှင့်စပ်လျဉ်း၍ ဥပဒေ၊ စည်းမျဉ်း စည်းကမ်းများနှင့်အညီ ဆောင်ရွက်ရန် ကြပ်မတ်ဆောင်ရွက်နေမှု၊ ငလျင်ဒဏ် သင့်ပြည်နယ်နှင့် တိုင်းဒေသကြီးများ အပါ အဝင် နိုင်ငံတစ်ဝန်း ဘဏ္ဍာနှစ်အလိုက် ဦးစားပေးအဆင့်လမ်း၊ တံတား၊ အဆောက် အအုံများ ဆောက်လုပ်နေမှုနှင့် ပြုပြင် ဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ ပညာ ရေးနှင့်ကျန်းမာရေးကဏ္ဍ အပါအဝင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက် နေမှုအခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက နိဂုံးချုပ် အမှာစကားပြောကြားရာတွင် မူလတန်းပြ ဆရာ ဆရာမများ လိုအပ်ချက် ရှိပြီး ကျောင်းသား ကျောင်းသူများကို စနစ်တကျသင်ကြားပေးနိုင်သည့် ဆရာ ဆရာမများဖြစ်ရန်လိုအပ်သဖြင့် ခန့်အပ်မည့် ဆရာ ဆရာမများကို သင်ကြားရေး ပညာရပ်များ အမြဲမပြတ်ဖြည့်ဆည်း သင်ကြားပေးသွားရန် လိုကြောင်း၊ ကျောင်းသား ကျောင်းသူများကို အတန်း ပညာရပ်များသာမက အတတ်ပညာများ ကိုပါ သင်ကြားပေးနိုင်ရန်လိုကြောင်း၊ သင်ယူလိုစိတ်၊ သင်ကြားလိုစိတ်များ ရှိအောင်လည်း ဆောင်ရွက်ပေးရန်လို ကြောင်း၊ ပညာရပ်များအလိုက် ထူးချွန်သူ များကိုလည်း ပညာသင်ဆုများပေးအပ်နိုင် ရေး ဆောင်ရွက်ပေးနိုင်ရန်လိုကြောင်း။

ကျန်းမာရေးကဏ္ဍ မြှင့်တင်ရေးနှင့် ပတ်သက်၍ နိုင်ငံတော်မှ ဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ သန့်ရှင်း သပ်ရပ်သည့် ဆေးရုံများဖြစ်စေရေးနှင့် ဆရာဝန်များရှိစေရေး ဆောင်ရွက်ပေးရန် လိုကြောင်း၊ သက်ဆိုင်ရာကျေးရွာ၊ တိုက်နယ်၊ မြို့နယ်၊ ခရိုင် စသည့် အဆင့် နှင့်လျော်ညီသည့် ဆေးရုံများဖြစ်အောင် ဆောင်ရွက်ပေးရန်လိုကြောင်း၊ ဆေးရုံတွင် ဆရာဝန်များနှင့် သူနာပြုများ စဉ်ဆက် မပြတ်ရှိစေရေး ဝန်ထမ်းများတိုးမြှင့် ခန့်ထားနိုင်ရန် နိုင်ငံတော်မှဆောင်ရွက် ပေးသွားမည်ဖြစ်ပြီး ကျန်းမာရေးကဏ္ဍ မြှင့်တင်နိုင်ရေးအတွက် နိုင်ငံတော်ရန်ပုံငွေများကို တိုးမြှင့်ဆောင်ရွက်ပေးသွား မည်ဖြစ်ကြောင်း။

စီးပွားရေးနှင့်ပတ်သက်၍ ပြည်တွင်း ကုန်ထုတ်လုပ်မှုများ တိုးတက်လာမည် ဆိုပါက ပြည်ပသွင်းကုန်များ လျော့ချနိုင် ပြီး ပြည်ပဖို့ကုန်များ ပိုမိုရရှိနိုင်မည်ဖြစ် ကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ခြင်းဖြင့် ကုန်စျေးနှုန်းကြီးမြင့်မှုကို အထိုက် အလျောက် လျော့ချနိုင်မည်ဖြစ်ကြောင်း၊ သွင်းအားစုများ စျေးနှုန်းကြီးမြင့်မှုများ ကြောင့်လည်း ထုတ်လုပ်မှုကုန်ကျစရိတ် များကြီးမြင့်လာခြင်းဖြစ်ကြောင်း၊ ကုန်စျေးနှုန်း ကျဆင်းရေးအတွက် အားလုံးက ပိုင်းဝန်း ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း။

စိုက်ပျိုးရေးထုတ်ကုန်များ တိုးတက် လာစေရေးနှင့်ပတ်သက်၍ သီးနှံစိုက်စွမ်း အားများတိုးတက်အောင် သီးထပ် စွမ်းအားများ တိုးတက်လာစေရေး ဆောင်ရွက်ကြရန်လိုကြောင်း၊ အလားတူ မွေးမြူရေးနှင့်ပတ်သက်၍လည်း ဖွံ့ဖြိုး တိုးတက်အောင် ဆောင်ရွက်ကြစေလို ကြောင်း၊ စိုက်ပျိုးမွေးမြူရေးပညာရပ်များ နှင့်ပတ်သက်၍ လိုအပ်ပါက ပညာသင်ဆု များပေး၍ မွေးထုတ်လေ့ကျင့်ပေးသွားရန် လိုကြောင်း။

စိုက်ပျိုးရေးလုပ်ငန်းများတွင် စုပေါင်း ဆောင်ရွက်သည့်စနစ်ဖြင့် ဆောင်ရွက် သွားမည်ဆိုပါက လုပ်ငန်းများပိုမိုလျင်မြန် အောင်မြင်စွာဖြင့် ပြီးစီးနိုင်မည်ဖြစ် ကြောင်း၊ ဥပမာအားဖြင့် စပါးရိတ်သိမ်း ရေးအဖွဲ့များနှင့် ထွန်ယက်ရေးအဖွဲ့များကို မြို့နယ်များအလိုက် စုပေါင်းစနစ်ဖြင့် စုဖွဲ့ထားမည်ဆိုပါက လိုအပ်သလိုအချိန် နှင့်တစ်ပြေးညီ လုပ်ငန်းများဆောင်ရွက် နိုင်မည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက် ခြင်းအားဖြင့် ရာသီဥတုကြောင့် ဖြစ်ပေါ် လာနိုင်သည့် သီးနှံပျက်စီးဆုံးရှုံးမှုများ နည်းပါးစေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဒေသအလိုက် စုပေါင်းလုပ်ဆောင်တတ် သည့်အကျင့်ကို အကောင်အထည်ဖော် ဆောင်ရွက်ကြစေလိုကြောင်း၊ မိမိတို့ဒေသ ကောင်းကျိုးအတွက် ဆောင်ရွက်ရာ တွင် မိမိတို့သိရှိနားလည်ထားကြသည့် နည်းလမ်းပေါင်းစုံဖြင့် စေတနာထား ကြိုးပမ်း ဆောင်ရွက်သွားကြရန် လိုကြောင်း။

လမ်းများ ပုံစံတကျဖြစ်စေရေးအတွက် လမ်းမကြီးများဥပဒေတွင် လမ်းအမျိုး အစားများအလိုက် သတ်မှတ်ချက်များကို ပြဋ္ဌာန်းထားပြီးဖြစ်ကြောင်း၊ လမ်းနယ် များကိုလည်း စနစ်တကျထိန်းသိမ်းကြ ရန်လိုကြောင်း၊ လမ်းဘေးဝဲယာများအနီး ရွာမြေနှင့် မြို့မြေမဟုတ်သည့်နေရာများ တွင် လူနေအိမ်များဆောက်လုပ်နေထိုင် ကြသည်ကို တွေ့ရှိရကြောင်း၊ ထိုသို့ နေထိုင်ကြခြင်းဖြင့် အုပ်ချုပ်ရေးဆိုင်ရာ အခက်အခဲများ ရှိလာမည်ဖြစ်သဖြင့် စနစ်တကျဖြစ်စေရေး အုပ်ချုပ်ရေးဆိုင်ရာ အဖွဲ့အစည်းများအနေဖြင့် စည်းမျဉ်း စည်းကမ်းများနှင့်အညီ ကြပ်မတ်ဆောင် ရွက်သွားကြရန်လိုကြောင်း၊ အများနှင့် သက်ဆိုင်သည့်လုပ်ငန်းများကို အကောင် အထည်ဖော် ဆောင်ရွက်ရာတွင် အရှည် ကိုမြော်တွေး၍ စနစ်တကျဆောင်ရွက် သွားရန်လိုကြောင်းမှာကြားပြီး အစည်း အဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

သတင်းစဉ်

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့သို့

လာရောက်လေ့လာသည့် Naypyitaw State Academy မှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား တွေ့ဆုံ

နေပြည်တော် ဇွန် ၂၉

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီသည် တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၅ ရက်မြောက်နေ့သို့ လာရောက်လေ့လာသည့် Naypyitaw State Academyမှ ပါမောက္ခချုပ် ဒေါက်တာနုနုလွင် ဦးဆောင်သည့် ဆရာ ဆရာများနှင့် ကျောင်းသား ကျောင်းသူ ၄၀၀ ကျော်အား ယနေ့ညနေပိုင်း ပြည်သူ့လွှတ်တော်အစည်းအဝေးပြီးချိန်တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ သဘင်ဆောင်၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် ကျောင်းသား ကျောင်းသူများအား အနာဂတ်လူငယ် အုတ်တစ်ချပ် သဲတစ်ပွင့် Video Click ကို ဦးစွာပြသသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက နှုတ်ခွန်းဆက်အမှာစကားပြောကြားရာတွင် ပြည်သူ့လွှတ်တော်အစည်းအဝေးသို့ လာရောက်လေ့လာကြသည့် Naypyitaw State Academy ဘာသာရပ်အသီးသီးမှ ကျောင်းသား ကျောင်းသူများအား ဝမ်းပန်းတသာ လှိုက်လှိုက်လဲလဲကြိုဆိုပါကြောင်း၊ ယနေ့အစည်းအဝေးတွင် လေ့လာသင့် လေ့လာထိုက်သည်များကို လေ့လာခွင့်ရသည့်အတွက် အထိုက် အလျောက်အကျိုးရှိလိမ့်မည်ဟု ယုံကြည်ပါကြောင်း၊ လွှတ်တော်ဆိုသည်မှာ နိုင်ငံတစ်နိုင်ငံတွင် ဒီမိုကရေစီစနစ်ဖော်ဆောင်ရာတွင် မဲပေးရွေးချယ်ရသည့် ရွေးကောက်ပွဲစနစ်ဖြင့် ဖြတ်သန်းရသော မဲဆန္ဒနယ်မြေရှိ ပြည်သူများမှ မိမိတို့၏အသဲကြားက မဲတစ်ပြားကို မိမိတို့နှစ်သက်သည့် ပုဂ္ဂိုလ်၊ မိမိဒေသအကျိုးကို သယ်ပိုးဆောင်ရွက်ပေးနိုင်သည့် ပုဂ္ဂိုလ်များကို မဲပေးရွေးချယ်၍ စုစည်းထားသည့်နေရာကို လွှတ်တော်ဟုခေါ်ပါကြောင်း၊ မိမိတို့နိုင်ငံတွင်ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်ဟူ၍ လွှတ်တော်နှစ်ရပ်ရှိပြီး ပြည်သူ့လွှတ်တော်ဆိုသည်မှာ မြို့နယ်ကို အခြေခံ၍လည်းကောင်း၊ လူဦးရေကိုအခြေခံ၍ လည်းကောင်း ဥပဒေနှင့်အညီ ရွေးကောက်တင်မြှောက်ထားသော ကိုယ်စားလှယ်များ ပါဝင်ပါကြောင်း၊ အမျိုးသားလွှတ်တော်ဆိုသည်မှာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုစီအတွက် ကိုယ်စားလှယ် ၁၂ ဦးကျစီ တူညီစွာဖြင့် ရွေးကောက်တင်မြှောက်ထားသူများ ပါရှိပါကြောင်း၊ အရေးကြီးသည့်ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်ပေါင်း၍ ပြည်ထောင်စုလွှတ်တော်တွင် ဆုံးဖြတ်ရပါကြောင်း၊ အလားတူ တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင်လည်း တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်များ ရှိပါကြောင်း။



လွှတ်တော်၏ အဓိကတာဝန်များအနေဖြင့် အစိုးရတစ်ရပ် ဖြစ်တည်ရေးအတွက် နိုင်ငံအကြီးအကဲများနှင့် လွှတ်တော်အကြီးအမှူးများကို ရွေးချယ်တင်မြှောက်ပေးရပါကြောင်း၊ ဥပဒေပြုရေးသည် လွှတ်တော်၏ အဓိကတာဝန်ဖြစ်ပြီး နိုင်ငံတော်တွင် မြန်မာဘာသာဖြင့် ပြဋ္ဌာန်းထားသည့် ဥပဒေ ၁၄၉ ခု ရှိပြီး အင်္ဂလိပ်ဘာသာဖြင့်ပြဋ္ဌာန်းထားသည့် ဥပဒေပေါင်း ၁၀၀ ကျော်ရှိကာ ပြည်သူ့လွှတ်တော်က အစဉ်အမြဲလေ့လာသုံးသပ်၍ ခေတ်နှင့်လျော်ညီသည့် ဥပဒေများကို ပြဋ္ဌာန်းခြင်း၊ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်း ခေတ်စနစ်နှင့်မကိုက်ညီသည့် ဥပဒေများကို အသစ်ပြန်လည်ပြဋ္ဌာန်းခြင်းတို့ကို ဆောင်ရွက်ရပါကြောင်း၊ ထို့ပြင် ဥပဒေပြုရေးမဏ္ဍိုင်သည် အုပ်ချုပ်ရေးမဏ္ဍိုင်၊ တရားစီရင်ရေးမဏ္ဍိုင်တို့နှင့် ပေါင်စပ်ညှိနှိုင်းခြင်း၊ အကြံပြုခြင်း၊ တိုက်တွန်းခြင်းနှင့် အဆိုပြုခြင်းတို့ကိုလည်း ဆောင်ရွက်ရပါကြောင်း၊ **ပြည်သူ့အသံ လွှတ်တော်အသံ၊ ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ၊ ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်ကဖော်ဆောင်ရွက်**ဆိုသည့် ဆောင်ပုဒ်နှင့်အညီ မဲပေးရွေးချယ်လိုက်သည့် ကိုယ်စားလှယ်များမှ တစ်ဆင့် အစိုးရနှင့်ပြည်သူအကြား ခါးဆက်သဖွယ် ပေါင်းကူးဆောင်ရွက်ရပါကြောင်း၊ တစ်နည်းအားဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရန်အတွက် ဥပဒေပြုရေးမဏ္ဍိုင်၊ အုပ်ချုပ်ရေးမဏ္ဍိုင်၊ တရားစီရင်ရေးမဏ္ဍိုင်တို့သည် ဟန်ချက်ညီညီဖြင့် လက်တွဲပူးပေါင်း၍ ဆောင်ရွက်ရသည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် Naypyitaw State Academy မှ ပါမောက္ခချုပ် ဒေါက်တာနုနုလွင်က ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့အား အမှတ်တရ လက်ဆောင်များပေးအပ်ပြီး ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက အမှတ်တရလက်ဆောင် ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများက ပြည်သူ့လွှတ်တော်၏ အခန်းကဏ္ဍနှင့် လွှတ်တော်မဲခွဲစနစ်၊ ဥပဒေပြုရေး အဆင့်ဆင့်နှင့် ပညာရေးကဏ္ဍများနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို မေးမြန်းကြရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြန်လည်ဖြေကြားသည်။

တွေ့ဆုံပွဲအပြီးတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌတို့က တက်ရောက်လာကြသည့် Naypyitaw State Academy မှ ပါမောက္ခချုပ်၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား တစ်ဦးချင်း ရင်းရင်းနှီးနှီးတွေ့ဆုံ နှုတ်ဆက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်



ပြန်ကြားရေးဝန်ကြီးဌာန မိုးရာသီသစ်ပင်စိုက်ပျိုးပွဲနှင့် ငါးမျိုးစိုက်ထည့်ပွဲ ကျင်းပ

နေပြည်တော် ဇွန် ၂၉

ပြန်ကြားရေး ဝန်ကြီးဌာန၏ ၂၀၂၆ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲနှင့် ငါးမျိုးစိုက်ထည့်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် တပ်ကုန်းမြို့ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဝင်းအတွင်း ကျင်းပသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးထိန်လင်းက ကမ္ဘာတစ်ဝန်း၌ ရာသီဥတုဖောက်ပြန်မှုများ ကြုံတွေ့နေရပြီး အစွန်းရောက်ရာသီဥတု ဖြစ်စဉ်များ ဖြစ်ပွားခဲ့ရာတွင် မြန်မာနိုင်ငံအလယ်ပိုင်းရှိ မြို့များ၌လည်း ကမ္ဘာ့အပူဆုံးမြို့များ စာရင်းတွင် ထိပ်ပိုင်းမှပါဝင်ခဲ့ကြောင်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတည်ရှိသည့် တပ်ကုန်း မြို့နယ်သည်လည်း ပူပြင်းခြောက်သွေ့သည့်ဒေသတွင် ပါဝင်နေမှုကြောင့် ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ယခုကဲ့သို့ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို စီစဉ်ကျင်းပခြင်းဖြစ်ပါကြောင်း၊ ငါးမျိုးစိုက်ထည့်မှုကိုလည်း ငါးသယ်ဓာတ်များပြားလာစေရန်၊ ငါးထုတ်လုပ်မှုတိုးတက်လာစေရန်နှင့် ဝန်ထမ်းများအတွက် သက်သာချောင်ချိရေး ဆောင်ရွက်ပေးနိုင်ရန် ရည်ရွယ်ချက်များဖြင့် သစ်ပင်စိုက်ပျိုးပွဲနှင့်တွဲဖက်ပြီး စီစဉ်ကျင်းပခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးက ပြန်ကြားရေးဝန်ကြီးဌာနရှိ ဝန်ကြီးရုံးနှင့် ဌာနဆိုင်ရာများအလိုက် ပျိုးပင်များကို ခွဲဝေပေးအပ်သည်။

ဆက်လက်၍ ပြန်ကြားရေးဝန်ကြီးဌာန၏ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအတွက် ပျိုးပင်များကို တပ်ကုန်းမြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိက မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ်ထံ လွှဲပြောင်းပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက မဟော်ဂနီပင်ကို ဦးစွာစိုက်ပျိုးပေးပြီး ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများက သတ်မှတ်နေရာများတွင် ပျိုးပင်များကို ဆက်လက် စိုက်ပျိုးကြရာ ပြည်ထောင်စုဝန်ကြီးက လိုက်လံကြည့်ရှုအားပေးသည်။

ထို့နောက် စိန်တစ်လုံးသရက်ပင် ၅၀၀ ကို ဝန်ထမ်းများ စုပေါင်းစိုက်ပျိုးမှုကိုလည်းကောင်း၊ ကာကီဘဲအကောင်ရေ ၂၀၀ နှင့်ဆိတ် ၁၅၄ ကောင် မွေးမြူထားရှိမှုကိုလည်းကောင်း ကြည့်ရှုအားပေးသည်။

ယင်းနောက် ငါးမျိုးစိုက်ထည့်ပွဲကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီးနှင့် ဝန်ထမ်းများက ငါးသားပေါက်များကို စိုက်ထည့်ပေးကြသည်။

ယနေ့တွင် သစ်ပင်/ ပျိုးပင် ၁၂၀၀ နှင့် စိန်တစ်လုံးသရက်ပင် ၅၀၀ စိုက်ပျိုးမှုနှင့်အတူ ငါးမြစ်ချင်းကောင်ရေ ၅၀၀၀ ကိုလည်း စိုက်ထည့်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

❋ ချောင်းဦးမှ

ဦးစွာ မြို့နယ်စီမံကိန်းဦးစီးမှူးက မျိုးစေ့များ ထောက်ပံ့ပေးအပ်ပြီး အရည်အသွေးနှင့် အထွက်နှုန်း ကောင်းမွန်သည့် မျိုးစေ့များ မြို့နယ်အတွင်း ပြန့်ပွားစေပြီး တောင်သူများ အထွက်နှုန်းကောင်းမွန်၍ ဝင်ငွေတိုးပွားအဆင်ပြေစေရန် ရည်ရွယ်ကြောင်း ပြောကြားသည်။ ထို့နောက် မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးတင့်ဆွေက မျိုးစေ့ထောက်ပံ့ပေးအပ်ရခြင်း၏ ရည်ရွယ်ချက်ကို ထပ်ဆင့်ပြောကြားပြီး တောင်သူ ၉၃ ဦး၏ လက်ဝယ်အရောက် ဝါမျိုးစေ့နှင့် မတ်ပဲမျိုးစေ့များ ထောက်ပံ့ပေးအပ်ခဲ့သည်။

၂၀၂၆-၂၀၂၇ ခုနှစ် သီးနှံစိုက်ပျိုးရာသီတွင် ချောင်းဦးမြို့နယ်၌ အိန္ဒိယနိုင်ငံ၏ Quick Impact Project (QIP) အစီအစဉ်ဖြင့် အရည်အသွေးနှင့် အထွက်နှုန်းကောင်းမွန်သည့် ဝါမျိုးစေ့ ၁၈၆ ဧကနှင့် မတ်ပဲမျိုးစေ့ ၆၂ ဧကကို တောင်သူ ၉၃ ဦးက စိုက်ပျိုးမည်ဖြစ်ကြောင်း၊ အဆိုပါသီးနှံမျိုးစေ့များ အထွက်နှုန်းတိုးတက်မြင့်မားရေးအတွက် စိုက်ပျိုးကြသည့် တောင်သူများအား မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက အနီးကပ်ကြီးကြပ်၍ နည်းပညာများ ဆွေးနွေးပို့ချလျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးတင့်ဆွေထံမှ သိရသည်။

ဝင်းမြင့်အောင်(ပြန်ဆက်)

■ ပထမဆုမှ

အဆိုပါပြိုင်ပွဲကို မြန်မာနိုင်ငံရှိ စိတ်ဝင်စားဖွယ်ခရီးစဉ်ဒေသများ၊ ယဉ်ကျေးမှုအမွေအနှစ်နေရာများ၊ တိုင်းရင်းသားလူမျိုးစုတို့၏ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများနှင့် ပွဲတော်များကို ပြည်ပခရီးသွားများ ပိုမိုသိရှိပြီး လာရောက်လည်ပတ်ရန်နှင့် မြန်မာ့ခရီးသွားလုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် ကျင်းပခြင်းဖြစ်သည်။

ပြိုင်ပွဲဝင်ဗီဒီယိုများကို ဇွန် ၂၉ ရက်မှ စတင်ပေးပို့နိုင်ပြီး ဩဂုတ် ၂၁ ရက် မွန်းလွဲ ၃ နာရီ နောက်ဆုံးထားရှိ ဟိုတယ်နှင့်ခရီးသွားဥပဒေနှင့်ကြားမှုဦးစီးဌာန ခရီးသွားဖြင့်တင်ရေးဌာနခွဲ ဥက္ကာရသီရိမြို့နယ် နေပြည်တော်သို့ ပေးပို့ရမည်ဖြစ်သည်။

ပြိုင်ပွဲတွင် ဆုရရှိသည့်ဗီဒီယိုများကို စက်တင်ဘာ ၂၇ ရက်တွင် နေပြည်တော်၌ကျင်းပမည့် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့အထိမ်းအမှတ်အခမ်းအနားတွင် ခင်းကျင်းပြသသွားမည်ဖြစ်ပြီး ပထမဆု ဒွေကျပ် ၁၅ သိန်း၊ ဒုတိယဆု ဒွေကျပ် ၁၂ သိန်း၊ တတိယဆု ဒွေကျပ် ၁၀ သိန်းနှင့် နှစ်သိမ့်ဆု ၅ ဆုအတွက် တစ်ဆုလျှင် ဒွေကျပ် သုံးသိန်းစီ ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။ TWA

❖ ပွင့်ဖြူမှ

ပန်းမုန်လာ၊ ဂေါဇီထုပ်၊ မုန့်ညင်း(စိမ်း/ဖြူ)၊ အာလူး၊ မုန်လာဥဖြူ၊ ရုတ်၊ ပဲတောင့်ရှည် စတဲ့သီးနှံတွေကို စိုက်ပျိုးပါတယ်။ စိုက်ပျိုးသီးနှံအားလုံးကို အစားအစာဘေးကင်းစေဖို့နဲ့ အရည်အသွေးကောင်းမွန်စေဖို့ GAP နည်းစနစ်နဲ့ စိုက်ပျိုးနိုင်အောင်၊ ဓာတုဓာတ်ကြွင်း အနည်းဆုံးဖြစ်အောင် ကျန်းမာရေးနဲ့ ညီညွတ်အောင် စိုက်ပျိုးနိုင်ဖို့ နည်းပညာတွေ ပံ့ပိုးပေးပါတယ်” ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြသည်။

ပူးပေါင်းဆောင်ရွက်

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ဒေသတွင်းရှိ ဟင်းသီးဟင်းရွက် စိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက စိုက်ဇများ တိုးချဲ့စိုက်ပျိုးရေး၊ အထွက်နှုန်း တိုးတက်စေရေးတို့ အတွက် လိုအပ်သော မျိုးကောင်းမျိုးသန့်များရရှိအောင် ဆောင်ရွက်ပေးခြင်း၊ GAP နည်းစနစ်နှင့်အညီ စိုက်ပျိုးနိုင်အောင် ဆောင်ရွက်ခြင်း၊ ပိုးမွှားရောဂါကင်းရှင်းရေး နည်းလမ်းများ အသိပညာပေးခြင်းတို့ကို တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)

ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး အမျိုးသားလွှတ်တော်ရေးရာကော်မတီဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် ကော်မတီဝင်များအား တွေ့ဆုံ

နေပြည်တော် ၆ နှစ် ၂၉

ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးသည် ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိအမျိုးသားလွှတ်တော် အဆောက်အအုံ အစည်းအဝေးခန်းမ၌ အမျိုးသားလွှတ်တော်ရေးရာကော်မတီဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် ကော်မတီဝင်များအား တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ကော်မတီလုပ်ငန်းများဆောင်ရွက်ရာတွင် မိမိတို့ထမ်းဆောင်ရသည့် တာဝန်များကို ရိုးရှင်းသည့် ဝတ္ထုရားတစ်ခုအဖြစ် သဘောမထားဘဲ ပြည်သူလူထု၏ အကျိုးစီးပွားကို ရှေးရှုပြီး စစ်မှန်သည့်စေတနာ၊ မဆုတ်မနစ်သည့် ဝီရိယတို့နှင့် အားသွန်ခွန်စိုက် လုပ်ဆောင်ကြစေလိုကြောင်း၊ ကော်မတီအချင်းချင်း အပြန်အလှန်ပူးပေါင်းညှိနှိုင်းပြီး ရေးရာကော်မတီများ၏ အရေးပါသည့် အခန်းကဏ္ဍကို လက်တွေ့လုပ်ဆောင်ချက် များနှင့် သက်သေပြကာပြည်သူ့ဆန္ဒကို ဖော်ထုတ်ဆောင်ရွက်ပေးသည့် လွှတ်တော်၏ ကော်မတီတစ်ခုအနေဖြင့် သမိုင်းမှတ်တမ်းတင်နိုင်ကြပါစေကြောင်း၊ မိမိတို့ ကော်မတီအသီးသီး၏ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ကြရာတွင် တာဝန်ကျေမပုတ်ဘဲ စေတနာထားပြီး အောင်မြင်အောင် ဆောင်ရွက်နိုင်ကြပါစေကြောင်း ပြောကြားသည်။



ထို့နောက် တက်ရောက်လာကြသည့် ရေးရာကော်မတီဥက္ကဋ္ဌများက ကော်မတီဖွဲ့စည်းထားရှိမှု အခြေအနေ၊ ကော်မတီအလိုက်လုပ်ငန်းများ စတင်ဆောင်ရွက်နေမှုနှင့် လုပ်ငန်းတာဝန်များ ခွဲဝေဖြန့်ထားမှုအခြေအနေ၊ ရှေ့ဆက်ဆောင်ရွက်သွားမည့် လုပ်ငန်း အစီအမံများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြချက်များအပေါ် အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌက ဖြည့်စွက်ဆွေးနွေးပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကား ပြောကြားပြီး တက်ရောက်လာကြသည့် ရေးရာကော်မတီဥက္ကဋ္ဌများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

အစည်းအဝေးသို့ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ Jeng Phang နေ့တောင်၊ ရေးရာကော်မတီဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ ကော်မတီဝင်များနှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

သတင်းစဉ်

ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးတင်မောင်ဝင်းနှင့် ကိုယ်စားလှယ်အဖွဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစာတ်မြို့၌ ကျင်းပသည့် (၁၀) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ နာ့ဗ်စကီးပိုရမ်သို့ တက်ရောက်

နေပြည်တော် ၆ နှစ် ၂၉

ပြည်ထောင်စု ရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးတင်မောင်ဝင်းနှင့် ကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ အမျိုးသားစီးပွားရေးနှင့် ပြည်သူ့အုပ်ချုပ်ရေးဆိုင်ရာ ရုရှားသမ္မတ အကယ်ဒမီ (The Russian Presidential Academy of National Economy and Public Administration– RANEPA) ၏ ဖိတ်ကြားချက်အရ စိန့်ပီတာစာတ်မြို့၌ ၆ နှစ် ၂၆ ရက်မှ ၂၇ ရက်အထိ ကျင်းပခဲ့သည့် (၁၀) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ နာ့ဗ်စကီးပိုရမ် (10th International Nevsky Forum) သို့ တက်ရောက်ဆွေးနွေးသည်။

အပြည်ပြည်ဆိုင်ရာ နာ့ဗ်စကီးဖိုရမ်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတရုံးလက်အောက်ခံအမျိုးသားစီးပွားရေးနှင့်ပြည်သူ့အုပ်ချုပ်ရေးဆိုင်ရာ ရုရှားသမ္မတအကယ်ဒမီ (The Russian Presidential Academy of National Economy and Public Administration – RANEPA) (စိန့်ပီတာစာတ် တက္ကသိုလ်ခွဲက ကြီးမှူးး၍ နိုင်ငံတကာ ပညာရေး၊ စီးပွားရေးနှင့် ပြည်သူ့အုပ်ချုပ်ရေးဆိုင်ရာ ကိစ္စရပ်များတွင် အတွေ့အကြုံများ ဖလှယ်နိုင်ရန်နှင့် ပူးပေါင်းဆောင်ရွက်မှုများ ဖြင့်တင်နိုင်ရန်ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ရာ အာရှ ဥရောပ၊ အာဖရိကနှင့် လက်တင်အမေရိက ဒေသများမှ နိုင်ငံဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးများ၊ ပညာရှင်များနှင့် သုတေသီများတက်ရောက်သော ဖိုရမ်ဖြစ်ပြီး အပြည်ပြည်ဆိုင်ရာ နာ့ဗ်စကီးဖိုရမ်သို့ နိုင်ငံပေါင်း ၁၆ နိုင်ငံမှ ကိုယ်စားလှယ် ၁၀၀ ခန့်နှင့် ပြည်တွင်းကိုယ်စားလှယ် ၁၀၀ ကျော် တက်ရောက်ခဲ့ကြသည်။



အဆိုပါဖိုရမ်တွင် စိန့်ပီတာစာတ်မြို့ အစိုးရအဖွဲ့ဝင် ပြည်ပဆက်ဆံရေးကော်မတီ ဥက္ကဋ္ဌ Evgemy Grigoriev က အဖွင့်အမှာစကား ပြောကြားပြီး ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌက မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုအတွက် ပြည်သူဗဟိုပြု အုပ်ချုပ်ရေးစနစ်တည်ဆောက်ရေး၊ နိုင်ငံ့ဝန်ထမ်းစွမ်းရည်မြှင့်တင်ရေး၊ ကမ္ဘာလုံးဆိုင်ရာ စိန်ခေါ်မှုများကို ပူးပေါင်းဆောင်ရွက်မှုဖြင့် ရင်ဆိုင်ဖြေရှင်းရန် လိုအပ်ပုံနှင့် ပြည်သူ့အုပ်ချုပ်ရေးကဏ္ဍတွင် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးဆိုင်ရာ အမြင်များကို မျှဝေဆွေးနွေးပြောကြားသည်။

ခရီးစဉ်အတွင်း မြန်မာကိုယ်စားလှယ်အဖွဲ့သည် စမိုလ်နီပြတိုက်နှင့် ကက်သရင်းနန်းတော်သို့ သွားရောက်လေ့လာခဲ့သည်။

၆ နှစ် ၂၅ ရက်တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစာတ်အစိုးရ ပြည်ပဆက်ဆံရေးကော်မတီဒုတိယဥက္ကဋ္ဌ Mr. Vyacheslav Kalganov နှင့် RANEPA အကယ်ဒမီမှ ညွှန်ကြားရေးမှူး Mr. Andrey Khlutkov တို့နှင့်တွေ့ဆုံ၍ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်များနှင့် အမျိုးသားစီးပွားရေးနှင့် ပြည်သူ့အုပ်ချုပ်ရေးဆိုင်ရာ ရုရှားသမ္မတအကယ်ဒမီတို့အကြား နိုင်ငံ့ဝန်ထမ်းလေ့ကျင့်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရှေ့ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို နွေးနွေးထွေးထွေးဖြင့် ဆွေးနွေးညှိနှိုင်းခဲ့ကြပြီး ယနေ့ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း သိရသည်။

သတင်းစဉ်

မူဆယ်မြို့၌ အားကစားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အသိပညာပေးဟောပြော

မူဆယ် ၆ နှစ် ၂၉

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့တွင် ခရိုင်အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ အားကစားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အသိပညာပေးဟောပြောပွဲနှင့် ကရာတေး၊ ဘောလုံးသရုပ်ပြပွဲကို ယနေ့တွင် အမှတ်(၁)၊ (၂)၊ (၃) အခြေခံပညာ အထက်တန်းကျောင်းများ၌ ဆောင်ရွက်သည်။

ဦးစွာ ခရိုင်အားကစားနှင့်ကာယပညာဦးစီးဌာန ခရိုင်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သွယ်သွယ်လှိုင်က ဟောပြောပွဲကျင်းပရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ကရာတေးအဖွဲ့က ကရာတေးကစားကွက်များကို သရုပ်ပြပေးခဲ့ကြသည်။ ဆက်လက်၍ ကျောင်းလက်ရွေးစင်ဘောလုံးသမားများက ဘောလုံးသရုပ်ပြ ကစားခဲ့ကြသည်။

အခမ်းအနားအပြီးတွင် ခရိုင်ဦးစီးမှူးက ကျောင်းအတွက် အားကစားအထောက်အကူပြု ဘောလုံးများကိုပေးအပ်ရာ အထက(၁)၊ (၂)၊ (၃)ကျောင်းများမှ ကျောင်းအုပ်များက လက်ခံရယူခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



✪ ဇဖမှ

ဇဖမြို့နယ်အတွင်း ၂၀၂၆ ခုနှစ်တွင် မိုးသီးနှံများ အဖြစ် စပါး၊ မြေပဲ၊ နေကြာ၊ ပဲစင်စုံ၊ ပဲတီစိမ်း၊ ငရုတ်စိ၊ ဖူးစားပြောင်းနှင့် နှမ်းများကို အများဆုံးစိုက်ပျိုးကြရာ မိုးနှမ်းစိုက်ပျိုးမှု လျာထားချက်ထက် ပိုမိုစိုက်ပျိုးကြကြောင်း၊ ယခင်နှစ်ကမိုးနှမ်း ၁၂၈၉၁ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး တစ်ဧက အထွက်နှုန်း ၈ ဿမ ၇၇ တင်းခန့် ထွက်ရှိသည်။

ယခုနှစ် မိုးရာသီ နှမ်းသီးနှံကို ကျေးရွာအုပ်စုများတွင် စမုန်နက် နှမ်းမျိုး ၅၁၇၇ ဧက၊ ဆင်းရတနာ-၃ ၃၄၂၂ ဧကနှင့် သိပ္ပံနှမ်းနက် ၈က ၄၃၀၀ စုစုပေါင်း ၁၂၈၉၃ ဧက စိုက်ပျိုးပြီးစီးပြီး ၎င်းတို့အနက်မှ ပန်းတိုင်အထွက်နှုန်း၊ ရရှိရေး ၈က ၂၁၅၀ လျာထားကြောင်းနှင့် ဒေသတွင်းစားသုံးဆီဖူလုံစေရေး၊ နှမ်းသီးနှံများ အောင်မြင်ဖြစ်ထွန်းရေးအတွက် ဇဖမြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်စိုးက ဦးဆောင်ကြီးကြပ်၍ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် သက်ဆိုင်ရာကွင်းဝန်ထမ်းများက ကွင်းဆင်း၍ ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မယု(ဇဖ)

မိုင်းရွာမြို့နယ်၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

မိုင်းရွာ ၆ နှစ် ၂၉

ရှမ်းပြည်နယ် (တောင်ပိုင်း) မိုင်းရွာမြို့နယ်တွင် လွိုင်လင်ခရိုင် သစ်တောဦးစီးဌာနက ၂၀၂၆ ခုနှစ် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းတွင် ဖာယကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းဝင်းအတွင်း၌ ကျင်းပသည်။

ဦးစွာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးအောင်သိုက်ဝင်းက အမှာစကား ပြောကြားပြီး သစ်တောဦးစီးဌာနမှတာဝန်ရှိသူများထံ စိုက်ပျိုးမည့် ပျိုးပင်များ ပေးအပ်သည်။

ထို့နောက် ခရိုင်/မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဆရာဆရာမများ၊ ကျောင်းသားကျောင်းသူများနှင့် ကျေးလက်နေပြည်သူများက ကျွန်းပင်၊ မန်ကျန်ရွာ၊ ခါတော်မိ၊ စိန်ပန်းနီ၊ မဲဇလီပင် စသည့်ပျိုးပင် ၁၅၀၀ တို့ကို စုပေါင်း စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

မိုင်းရွာ(ပြန်/ဆက်)





ပန်းဘဲတန်းမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်ထုတ်ပေးခြင်းကို ၆နှ ၂၈ ရက်က အထက(၂)၌ ကွင်းဆင်းဆောင်ရွက်ပေးရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးမင်းခိုင်နှင့် ဝန်ထမ်းများက အသက်(၁၀)နှစ်နှင့် (၁၈)နှစ်ကြား ကျောင်းသားကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်များနှင့် UIDကတ်များ ပေးအပ်စဉ်။ မြို့နယ်(ပြန်/ဆက်)

တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၅ ရက်မြောက်နေ့ ကျင်းပ

ဥပဒေကြမ်းတစ်ခု အတည်ပြုခြင်း၊ လမ်းများ အဆင့်မြှင့်တင်ဆောင်ရွက်ပေးနိုင်ရေး၊ နိုင်ငံဝန်ထမ်းများ သက်ပြည့် အငြိမ်းစားယူချိန်တွင် နေထိုင်ရေးနှင့် အလုပ်အကိုင် အခွင့်အလမ်းများရရှိရေး၊ မြစ်ကူးတံတား အမြန်တည်ဆောက်ပေးနိုင်ရေးတို့နှင့်စပ်လျဉ်း၍ မေးခွန်း ၄ ခု မေးမြန်းဖြေကြားခြင်းတို့ ဆောင်ရွက်



နေပြည်တော် ဇွန် ၂၉

တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၅ ရက်မြောက်နေ့ကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော် အဆောက်အအုံ ပြည်သူ့လွှတ်တော် အစည်းအဝေး ခန်းမ၌ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဥပဒေကြမ်းတစ်ခု အတည်ပြုခြင်း၊ လမ်းများအဆင့်မြှင့်တင်ဆောင်ရွက်ပေးနိုင်ရေး၊ နိုင်ငံဝန်ထမ်းများ သက်ပြည့်အငြိမ်းစားယူချိန်တွင် နေထိုင်ရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိရေး၊ မြစ်ကူးတံတားအမြန်တည်ဆောက်ပေးနိုင်ရေးတို့နှင့်စပ်လျဉ်း၍ မေးခွန်း ၄ ခု မေးမြန်းဖြေကြားခြင်းတို့ကို ဆောင်ရွက်ကြသည်။

ဦးစွာ အမျိုးသားလွှတ်တော်တွင် စတင်တင်သွင်းပြီး ပြင်ဆင်ချက်များဖြင့် အတည်ပြု၍ ပြည်သူ့လွှတ်တော်သို့ပေးပို့ထားသည့် "အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာ ဥပဒေကြမ်း" နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီအတွင်းရေးမှူး အမရပူရ မဲဆန္ဒနယ်မှ ဦးသိန်းထွန်းဦးက အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအနက် (၇၄) ချက်ကို ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက သဘောတူသည့်အတွက် လွှတ်တော်က အတည်ပြုပေးနိုင်ပါရန်နှင့် ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားသည့် ပြင်ဆင်ချက် (၄၁)ချက်အား အတည်ပြုပေးနိုင်ပါရန် တင်ပြရာ လွှတ်တော်က သဘောတူအတည်ပြုကြောင်း ကြေညာသည်။

ထို့နောက် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ သဘောထားမှတ်ချက်နှင့်ပြင်ဆင်ချက်တင်သွင်းထားသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ပြင်ဆင်ချက် (၁၄)ချက်ကို အပိုဒ်၊ အပိုဒ်ခွဲအလိုက် ပြင်ဆင်လိုသည့်အချက်များကို ဆွေးနွေးကြပြီး ဆန္ဒမဲဖြင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုပါဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲအလိုက် လွှတ်တော်တို့က အတည်ပြုကြောင်းနှင့်ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေအရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

ဆက်လက်၍ စဉ်ကိုင်မြို့နယ် ဇော်ရဲ မူလကတ္တရာလမ်းအား ၁၂ ပေမှ ၁၈ ပေ တိုးချဲ့ကတ္တရာလမ်းအဖြစ်ဆောင်ရွက်ပေးနိုင်ခြင်း ရှိမရှိ မေးခွန်းနှင့်စပ်လျဉ်း၍ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က စဉ်ကိုင်–ဖလပ်ဗိုလ်–စော်ရဲလမ်း၏ လက်ရှိလမ်းအခြေအနေမှာ ၁၂ ပေ အကျယ် ကတ္တရာလမ်း ၅ မိုင် ၇ ဖာလုံနှင့် ကျောက်ခင်းလမ်း ၃ ဖာလုံဖြစ်ပါကြောင်း၊ စဉ်ကိုင်–ဖလပ်ဗိုလ်–စော်ရဲလမ်း၌ ကတ္တရာခင်းရန် ကျန်ရှိသော ကျောက်ခင်းလမ်း ၃ ဖာလုံအား ကတ္တရာလမ်းအဖြစ် ၂၀၂၇–၂၀၂၈ ဘဏ္ဍာရေးနှစ်တွင် ပထမဦးစားပေးအဖြစ်လည်းကောင်း၊ လမ်းအကျယ် ၁၂ ပေမှ ၁၈ ပေသို့ တိုးချဲ့ဆောင်ရွက်ခြင်းကို ဒုတိယဦးစားပေးအဖြစ်လည်းကောင်း မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ရန်ပုံငွေတွင် လျာထားနိုင်ရေး ဆောင်ရွက်ပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

သန်လျင်မဲဆန္ဒနယ်မှ ဦးမိုးမြင့်၏ **တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် နိုင်ငံဝန်ထမ်းများ လုပ်သက်ပြည့် အငြိမ်းစားယူချိန်တွင် နေထိုင်ရန်အိုး/အိမ်နေရာများနှင့် အလုပ်အကိုင်အခွင့်အလမ်းများ စီစဉ်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်း** နှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က အငြိမ်းစားဝန်ထမ်းများအတွက် အင့်ဘစနစ်ဖြင့် နေထိုင်နိုင်ရန် အဆောက်အအုံ ၁၂ လုံး(အိမ်ခန်း ၅၂၀ ခန်း)ပါရှိသည့် နိုင်ငံဝန်ထမ်းအငြိမ်းစားအိမ်ရာ တစ်ခုအား နေပြည်တော်ကောင်စီနယ်မြေတွင် ၂၀၂၁ ခုနှစ်က တည်ဆောက်ခဲ့ပြီးဖြစ်ပါကြောင်း၊ လူနေထူထပ်များပြားသော ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် နေပြည်တော်တို့တွင် စီမံကိန်းများချမှတ်ပြီး ၂၀၂၁ ခုနှစ်မှ ၂၀၂၅ ခုနှစ်အတွင်း အိမ်ခန်းပေါင်း ၅၃၁၆ ခန်း ဆောက်လုပ်ပြီးစီးခဲ့ပြီး ဖြစ်ပါကြောင်း၊

နိုင်ငံဝန်ထမ်းအငြိမ်းစားများအပြင် တာဝန်ထမ်းဆောင်ဆဲဝန်ထမ်းများနှင့် ပြည်သူများမှ သက်သာသောနှုန်းထားဖြင့် ငှားရမ်းနေထိုင်လိုသူများ အနေဖြင့် သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရအဖွဲ့များသို့ အိမ်ခန်းများ လျှောက်ထားနိုင်ပြီး အချိုးကျခွဲဝေ၍ အငှားစာချုပ် ချုပ်ဆို ငှားရမ်းခွင့်ပြုပေးလျက်ရှိပါကြောင်း၊ ၂၀၂၆–၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် ရန်ကုန်မြို့ရှိ သုခဒဂုံ ပြည်သူ့အငှားအိမ်ရာ၌ အိမ်ခန်း ၄၀၀၊ မန္တလေးမြို့ရှိ မင်္ဂလာရန်ကင်း ပြည်သူ့အငှားအိမ်ရာ၌ အိမ်ခန်း ၂၂၄ ခန်း ထပ်မံဆောင်ရွက်လျက်ရှိပြီး သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် နေထိုင်ရန်အခက်အခဲရှိသော နိုင်ငံဝန်ထမ်းအငြိမ်းစားများ၊ တာဝန်ထမ်းဆောင်ဆဲဝန်ထမ်းများနှင့် ပြည်သူများကို အချိုးကျထပ်မံငှားရမ်းပေးသွားမည်ဖြစ်ပါကြောင်း။

တပ်မတော်သားများအတွက် ကာကွယ်ရေးဝန်ကြီးဌာနအစီအစဉ်ဖြင့် စစ်မှုထမ်းဟောင်းအိမ်ရာများကိုလည်း တိုင်းဒေသကြီး/ပြည်နယ်အသီးသီးတွင် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ နိုင်ငံဝန်ထမ်းအငြိမ်းစားများ၊ တာဝန်ထမ်းဆောင်ဆဲဝန်ထမ်းများနှင့် ပြည်သူများကို တန်ဖိုးနည်း/တန်ဖိုးသင့်/ တန်ဖိုးမြင့်အိမ်ခန်းများ CHID Bank တွင် စုငွေထားရှိပြီး အရစ်ကျငွေပေးသွင်းခြင်း၊ တစ်လုံးတစ်ခဲတည်း ငွေပေးသွင်းခြင်းစနစ်တို့ဖြင့် ရောင်းချပေးလျက်ရှိပါကြောင်း။

၂၀၁၄–၂၀၁၅ ဘဏ္ဍာရေးနှစ်မှ ၂၀၂၅–၂၀၂၆ ဘဏ္ဍာရေးနှစ် အိမ်ခန်းပေါင်း ၃၂၀၀၀ ကျော်အား ရောင်းချပေးနိုင်ခဲ့ပြီးဖြစ်ပါကြောင်း၊ လုပ်သက်ပြည့်ပြီးသူများဖြစ်သဖြင့် အစိုးရဝန်ထမ်းအဖြစ် အလုပ်အကိုင် ထပ်မံပေးအပ်နိုင်ခြင်း မရှိပါကြောင်း၊ သက်ဆိုင်ရာပဂ္ဂလိကဌာနများမှ အလုပ်ရှင်များ၏ အလုပ်ခေါ်စာနှင့်ကိုက်ညီသော အလုပ်အကိုင်အခွင့် အလမ်းများကို ရရှိစေနိုင်ရေး ချိတ်ဆက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

တနိုင်းမဲဆန္ဒနယ်မှ ဦးမြင့်ကို၏ **တနိုင်းမြို့နယ် ရှင်္ကေ့ယန်မြို့မှ စစ်ကိုင်းတိုင်းနယ်ခြားအထိ တောင်ပေါ်လမ်း ၁၅ မိုင်အား ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ရန် အစီအစဉ် ရှိ/ မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က ကချင်ပြည်နယ် တနိုင်းမြို့နှင့် ရှင်္ကေ့ယန်မြို့အကြား ၂၀၂၆–၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် မြို့/ရွာ အဝင်/အထွက် လမ်း ၁ မိုင် ၃ ဖာလုံကို ၁၈ ပေ အကျယ် ကွန်ကရစ်လမ်းခင်းခြင်း၊ ကျောက်ခင်းလမ်း ၄ မိုင် ဆောင်ရွက်ပေးခြင်း၊ မြေသားတာပေါင်တင်ခြင်း ၂ မိုင် ၃ ဖာလုံ ဆောင်ရွက်ပေးခြင်း၊ Box Culvert ၁၀ ခု တည်ဆောက်ခြင်းနှင့် ဘေလီတံတား ပေ ၉၀ တစ်စင်းတည်ဆောက်ခြင်းတို့ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

တနိုင်းမြို့နယ် ရှင်္ကေ့ယန်မြို့မှ စစ်ကိုင်းတိုင်းနယ်ခြားအထိ တောင်ပေါ်လမ်း ၁၅ မိုင်အား ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ပေးနိုင်ရန်အတွက် နောင်နှစ်များတွင် ဦးစားပေးဆောင်ရွက်နိုင်ရန် ကချင်ပြည်နယ်အစိုးရအဖွဲ့နှင့် ပေါင်းစပ်ညှိနှိုင်းပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်ကာ စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ခေါင်လန်ဖူးမဲဆန္ဒနယ်မှ ဦးဆင်ဆုန်း၏ **ပူတာအို–မဂ္ဂေ–ခေါင်လန်ဖူး လမ်းပေါ်ရှိ မဲခြမြစ်ကူးတံတားအမှတ် ၁/၄၄ ရှိဒမ်းတံတားအား အပြီးသတ်တည်ဆောက်ရန် အစီအစဉ်ရှိ/မရှိမေးခွန်း**နှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က ပူတာအို–မဂ္ဂေ–ခေါင်လန်ဖူး လမ်းပေါ်ရှိ မဲခြမြစ်ကူးတံတားကို ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာနမှ ၂၀၁၉–၂၀၂၀ ဘဏ္ဍာရေးနှစ်မှစတင်၍ တည်ဆောက်ခဲ့ပြီး ၂၀၂၅–၂၀၂၆ ဘဏ္ဍာရေးနှစ်အထိ ၅၇ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ပါကြောင်း၊ ရှိဒမ်းတံတား(အသစ်)အား အပြီးသတ်တည်ဆောက်နိုင်ရန် အဓိကအခက်အခဲမှာ လုပ်ငန်းဆောင်ရွက်နိုင်သည့်ကာလ နည်းပါးခြင်း ဖြစ်ပါကြောင်း။

မိုးရွာသွန်းမှုများပြားခြင်းကြောင့် တောင်ပြို၍ လမ်းများပိတ်ဆို့ခြင်းနှင့် မြစ်ရေလျှံခြင်း၊ ရေခဲတောင်များ အရည်ပျော်ခြင်းကြောင့် မဲခြမြစ်ရေ အတက်/အကျ ပြင်းထန်မြန်ဆန်ခြင်း၊ လုပ်ငန်းသုံးပစ္စည်းများ သယ်ယူရန် အခက်အခဲများနှင့် လုပ်သားများ ရေရှည် နေထိုင်ရန် အခက်အခဲများကြောင့် နှစ် ၁ နှစ်၏ ဇန်နဝါရီလ၊ ဖေဖော်ဝါရီလနှင့် မတ်လတို့တွင်သာ လုပ်ငန်းဆောင်ရွက်နိုင်သည့် အခြေအနေရှိပါကြောင်း။

လျာထားလုပ်ငန်းများအတွက် လိုအပ်သော တည်ဆောက်ရေးပစ္စည်းများကိုလည်း ပူတာအိုမြို့သို့ ကြိုတင်စုပုံထားရှိ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဆောလျင်စွာ အပြီးသတ်တည်ဆောက်နိုင်ရေး အတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် အလေးထား ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၅ ရက်မြောက်နေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ၁၆ ရက်မြောက်နေ့ကို ဇွန် ၃၀ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ်တွင် မီးဘေးအန္တရာယ်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲနှင့် မီးငြိမ်းသတ်နည်းလက်တွေ့သရုပ်ပြသခြင်းကို ဇွန် ၂၉ ရက်က အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးဝေဖြိုးလွင်နှင့် ဒုတိယဦးစီးမှူး ဦးဟိန်းဆက်ပိုင်တို့က မီးငြိမ်းသတ်နည်းများကို လက်တွေ့သရုပ်ပြသစဉ်။ မင်းလွင်ဦး(တန့်ယန်း)

အင်းစိန်မြို့နယ်၌ စာဖတ်ရှုနိုးမြှင့်တင်ရေး သုတ၊ ရသ၊ စာပေစာဖတ်ပိုင်း ကျင်းပ

ရန်ကုန် ဇွန် ၂၉

ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(အင်းစိန်)၊ မြို့နယ်စာပေဥယျာဉ်အသင်းနှင့် မြို့နယ်စာရေးဆရာအသင်းတို့ပူးပေါင်း ကျင်းပသည့် စာဖတ်ရှုနိုးမြှင့်တင်ရေး သုတ၊ ရသ၊ စာပေ စာဖတ်ပိုင်း ဆွေးနွေးပွဲကို ခရိုင်(ပြန်/ဆက်)ဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခွဲ ယမန်နေ့ မွန်းလွဲပိုင်းက ကျင်းပသည်။

အခမ်းအနားတွင် ဦးစီးအရာရှိ ဒေါ်ခိုင်ဇာထွန်းနှင့်တာဝန်ရှိသူများက စာဖတ်ပိုင်းဆွေးနွေးရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားကာ စာရေးဆရာများဖြစ်ကြသည့် ရွှေဘုတ်(အင်းစိန်)နှင့် ခွန်မြတ်သူ(အင်းစိန်)တို့က စာရေးဆရာကြီး နန္ဒသိန်းဇံ ရေးသားခဲ့သည့် "ခရောင်းလမ်းကို ဖြတ်ကျော်ခြင်း" ဘဝခရီးစဉ် အတွေးအမြင်များစာအုပ်ပထမပိုင်း၊ ဒုတိယပိုင်းအကြောင်းအရာများကို ဆွေးနွေးဟောပြောခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



ရန်ကုန်တိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနနှင့် သစ်တောဦးစီးဌာနတို့ပူးပေါင်း၍ လှည်းကူးမြို့နယ် ဝါးယားကုန်း ကျေးရွာ မင်းကုန်း–ဝါးယားကုန်း ကျေးရွာချင်းဆက်လမ်းအတွင်း မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၂၉ ရက်က ကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ဝင်းလှိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးရဲထွန်းနောင်နှင့် တာဝန်ရှိသူများက ပျိုးပင်များကို စုပေါင်းစိုက်ပျိုးစဉ်။ အိမ်ရွှေစင်လတ်

တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့ ကျင်းပ

နေပြည်တော် ဇွန် ၂၉

တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့ကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌဦးအောင်လင်းဇွေက တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့သို့ တက်ရောက်ခွင့်ရှိသည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၂၀၉ ဦးရှိသည့် အနက် ယနေ့အစည်းအဝေးသို့ ၂၀၂ ဦး တက်ရောက်သဖြင့် ထက်ဝက်ကျော်သည့်အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာကာ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ထို့နောက် ရှမ်းပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၁၂) နန်းဝိုးစိန်၏ **ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ မိုင်းပျဉ်းမြို့နယ်၊ ဝိန်းဆန်းရပ်ကွက် အခြေခံပညာအထက်တန်းကျောင်း အနောက်ဘက်ရှိ မြို့မအားကစားကွင်းတွင် မိုးလုံလေလုံ အားကစားခန်းမဆောင် တစ်ဆောင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ အားကစားရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်းက ရှမ်းပြည်နယ် မိုင်းပျဉ်းမြို့နယ်တွင် မြေဧရိယာ ဧကာ ၃ ဘမ ၉၆၀ ရှိ နှစ် ၃၀ မြေဂရန်ရရှိထားသည့် မြို့မ အားကစားကွင်း မြေနေရာတွင် ရိုးရိုး ဘောလုံးအားကစားကွင်း အလျား ၃၄၅ ပေ၊ အနံ ၂၂၅ ပေ တစ်ကွင်းနှင့်ပွဲကြည့်ဆောင်အလျား ပေ ၃၀၊ အနံ ပေ ၃၀ တစ်ဆောင်၊ ကွင်း၏မြောက်ဘက်တွင် ရုံးနှင့် နေအိမ်တွဲလျက် အလျား ပေ ၅၀၊ အနံ ပေ ၃၀ အဆောက်အအုံ တစ်လုံး ဆောက်လုပ်ထားရှိပြီး ဖြစ်ပါကြောင်း။

ကိုယ်စားလှယ်တင်ပြထားသည့် မြို့မအားကစားကွင်းအတွင်းတွင် မိုးလုံလေလုံ အားကစားရုံ တစ်ရုံ ဆောက်လုပ်ရန်အတွက် လိုအပ်သည့် တစ်ဆက်တစ်စပ်တည်း မြေဧရိယာလုံလောက်မှု မရှိပါကြောင်းနှင့် ဌာနပိုင်မြေနေရာ ထပ်မံရရှိပါက အားကစားရုံ တည်ဆောက်ရန် အတွက် ရှမ်းပြည် နယ် အစိုးရအဖွဲ့ ဘတ်ဂျက်၏ နီးစပ်ရာ ဘဏ္ဍာရေး နှစ်တွင် တင်ပြတောင်းခံနိုင်ရေး အတွက် ညှိနှိုင်းဆောင်ရွက်သွား မည်ဖြစ်ပါကြောင်း ဖြေကြားသည်။



မန္တလေး တိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၁) ဦးခင်မောင်ဝင်း၏ **မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်၊ စဉ့်ကိုင်မြို့နယ်နှင့် ကျောက်ဆည်မြို့နယ်အတွင်းရှိ လယ်ယာလုပ်ငန်းများ၌ လယ်ယာစိုက်ပျိုးခြင်းတွင် မြေပြင်ရန် လယ်ထွန်စက်နှင့် ရိတ်သိမ်းခြင်းအတွက် ရိတ်သိမ်းခြေစက်များကို လုံလောက်စွာ စီစဉ်ပေးရန် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်ဂက မြစ်သားမြို့နယ်တွင် ဌာနပိုင်ထွန်စက်ကြီး (၂၃)စီးသာရှိပြီး တောင်သူပိုင် ထွန်စက်ကြီး (၂၈၉)စီးနှင့် တောင်သူပိုင် လက်တွန်းထွန်စက် (၁၇၃၅)စီး ရှိပါကြောင်း၊ မိုးစပါးစိုက်ဧက(၅၅၄၈၅)၏ (၉၉ ဘသမ ၅ ရာခိုင်နှုန်း)ဖြစ်သည့် (၅၅၀၀)ဧက ရိတ်သိမ်းနိုင်သော စက်ကိရိယာများ အသုံးပြုပြီး မြေပြုပြင်ပေးနိုင်စွမ်းရှိပါကြောင်း၊ စဉ့်ကိုင်မြို့နယ်တွင် ဌာနပိုင်ထွန်စက်ကြီး (၁၃)စီးသာ ရှိပြီး တောင်သူပိုင်ထွန်စက်ကြီး (၁၀၅)စီးနှင့် တောင်သူပိုင် လက်တွန်းထွန်စက် (၁၁၅၁)စီး ရှိပါကြောင်း၊ မိုးစပါးစိုက်ဧက (၂၉၃၆၂)၏ (၈၁ ရာခိုင်နှုန်း)ဖြစ်သည့် (၂၄၀၇၅)ဧကကို စက်ကိရိယာများ အသုံးပြုထွန်ယက်နိုင်ပြီး ရာနှုန်းပြည့်ဆောင်ရွက်ရန် ထွန်စက်ကြီး (၃၂)စီး၊ လက်တွန်းထွန်စက် (၂၇၆)စီး လိုအပ်မည်ဖြစ်ပါကြောင်း၊ ကျောက်ဆည်မြို့နယ်တွင် ဌာနပိုင်ထွန်စက်ကြီး(၁၀)စီး သာရှိပြီး တောင်သူပိုင်ထွန်စက်ကြီး (၂၄၉)စီးနှင့် တောင်သူပိုင် လက်တွန်း ထွန်စက်အစီး(၅၄၀) ရှိပါကြောင်း၊ မိုးစပါးစိုက်ဧက (၅၂၃၃၄)၏ (၇၁)ရာခိုင်နှုန်းဖြစ်သည့် (၃၇၂၇၅)ဧကကို စက်ကိရိယာများအသုံးပြု ထွန်ယက်နိုင်ပြီး ရာနှုန်းပြည့်ဆောင်ရွက်ရန် ထွန်စက်ကြီး (၈၃)စီး၊ လက်တွန်းထွန်စက်(၇၁၁)စီး လိုအပ်မည်ဖြစ်ပါကြောင်း။

ရိတ်သိမ်းခြေလှေရေး လုပ်ငန်းအနေဖြင့် မြစ်သားမြို့နယ်တွင် မိုးစပါးစိုက်သိမ်းခြေလှေရာတွင် ဌာနပိုင် ရိတ်သိမ်းခြေလှေစက် (၁၀)စီး၊ နယ်မြေခံ တောင်သူပိုင် ရိတ်သိမ်းခြေလှေစက် (၁၀၇)စီး၊ ပြင်ပမြို့နယ်များမှ လာရောက်သည့် ရိတ်သိမ်းခြေလှေစက် (၇၂) စီး စုစုပေါင်း (၁၈၉)စီးဖြင့် မိုးစပါးစိုက်ဧက(၅၅၄၈၅)၏ (၈၉ ဘသမ ၂၁ ရာခိုင်နှုန်း)ဖြစ်သည့် (၄၉၅၀၀) ဧက ရိတ်သိမ်းနိုင်၍ ရာခိုင်နှုန်းပြည့် ရိတ်သိမ်းခြေလှေရန် အတွက် ရိတ်သိမ်းခြေလှေစက် အစီး(၂၀) လိုအပ်မည်ဖြစ်ပါကြောင်း၊ စဉ့်ကိုင် မြို့နယ်တွင် မိုးစပါး ရိတ်သိမ်းခြေလှေရာတွင် ဌာနပိုင် ရိတ်သိမ်းခြေလှေစက်(၃)စီးရှိပြီး နယ်မြေခံ တောင်သူပိုင် ရိတ်သိမ်းခြေလှေစက် (၁၈)စီး၊ ပြင်ပမြို့နယ်များမှ လာရောက်သည့် ရိတ်သိမ်းခြေလှေစက် (၇၄)စီး စုစုပေါင်း (၉၅)စီးဖြင့် မိုးစပါးစိုက်ဧက(၂၉၃၆၂)၏ (၃၂ ဘသမ ၈၆ ရာခိုင်နှုန်း)ဖြစ်သည့် (၂၁၀၀၀)ဧက ရိတ်သိမ်းနိုင်သော ကြောင့် ရာနှုန်းပြည့် ရိတ်သိမ်း ခြေလှေရန် ရိတ်သိမ်းခြေလှေစက် (၂၈)စီး လိုအပ်မည်ဖြစ်ပါကြောင်း၊ ကျောက်ဆည်မြို့နယ်တွင် မိုးစပါး ရိတ်သိမ်းခြေလှေရာတွင် ဌာနပိုင် ရိတ်သိမ်းခြေလှေစက် (၆)စီးသာ ရှိပြီး နယ်မြေခံ တောင်သူပိုင် ရိတ်သိမ်းခြေလှေစက် (၄၇)စီး၊ ပြင်ပမြို့နယ်များမှ လာရောက် သည့် ရိတ်သိမ်းခြေလှေစက် (၁၀၁)စီး စုစုပေါင်း(၁၅၄)စီးဖြင့် မိုးစပါးစိုက်ဧက (၅၂၃၃၄)၏ (၆၈ ဘသမ ၉၈ ရာခိုင်နှုန်း)ဖြစ်သည့် (၃၆၀၀၀)ဧက ရိတ်သိမ်းနိုင်သော ကြောင့် ရာနှုန်းပြည့် ရိတ်သိမ်း ခြေလှေရန် ရိတ်သိမ်းခြေလှေစက် (၅၇)စီး လိုအပ်မည်ဖြစ်ပါကြောင်း။

ဒေသတွင်း စိုက်ပျိုးရေးလုပ်ငန်း များတွင် လယ်ယာသုံးစက်ကိရိယာ များ အပြည့်အဝအသုံးချပြီး မြေပြုပြင် ထွန်ယက်ခြင်း၊ ရိတ်သိမ်းခြေလှေခြင်း လုပ်ငန်း များ ဆောင်ရွက်ရန်အတွက် တောင်သူများ လယ်ယာသုံး စက်ကိရိယာများ ပိုမိုပိုင်ဆိုင်မှု ရှိလာစေရန် စက်မှုလယ်ယာဦးစီး ဌာနက ပြင်ပဌာနေးဈေးများထက် ပိုမိုသက်သာသော ဈေးနှုန်းဖြင့် လက်ငင်းရောင်းချသည့် စနစ်ဖြင့် လည်းကောင်း၊ မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်က အရစ်ကျစနစ် များဖြင့်လည်းကောင်း၊ ပုဂ္ဂလိက လယ်ယာသုံး စက်ကိရိယာ ရောင်းချသည့် ကုမ္ပဏီများက အာမခံ အရစ်ကျစနစ်များဖြင့် လည်းကောင်း၊ တောင်သူများသို့ ရောင်းချပေးလျက်ရှိပါကြောင်း၊ ထို့ပြင် ဒေသအစိုးရများ၏ လိုအပ် ချက်အရ မိမိဝန်ကြီးဌာနသို့ လက်ငင်းငွေချေစနစ်ဖြင့် ဝယ်ယူ လိုသော စက်မှုလယ်ယာသုံးပစ္စည်း များကို နိုင်ငံခြားဘဏ္ဍာရေးရှိမူပေါ် မူတည်၍ ဆက်လက်တင်သွင်း ဖြန့်ဖြူး ရောင်းချပေးနိုင်ပါကြောင်း။

နယ်မြေအလိုက် စက်ပိုင်ဆိုင် သူများကို စုစည်းပြီး လယ်ယာသုံး စက်ကိရိယာ ဝန်ဆောင်မှုအသင်း များ ဖွဲ့စည်းဆောင်ရွက်နိုင်ပါက ဝန်ဆောင်ခနှုန်းထားများ ညှိနှိုင်း သတ်မှတ်ခြင်းနှင့် လယ်ယာသုံး စက်ကိရိယာ စီမံခန့်ခွဲမှုများ စနစ်တကျ ဆောင်ရွက်နိုင်မည် ဖြစ်ပါကြောင်း၊ စက်မှုလယ်ယာ ဦးစီးဌာနက လယ်ယာဝန်ဆောင်မှု ဆောင်ရွက်နေသည့် ဌာနပိုင်စက် များကို အသုံးပြုဆောင်ရွက်လိုပါ က သက်ဆိုင်ရာကျေးရွာအလိုက် မြေပြုပြင်မည်ဖြစ်ကာ၊ ရိတ်သိမ်း ခြေလှေပေးရမည့် ဧကများကို တွက်ချက်၍ ဌာနမှသတ်မှတ်ထား သော ဝန်ဆောင်ခ နှုန်းထားများ အတိုင်း မိမိတို့မြို့နယ်အသီးသီးရှိ စက်မှုလယ်ယာ စခန်းများတွင် ကျသင့်ငွေပေးသွင်းပြီး ဝန်ဆောင် မှုများ ရယူဆောင်ရွက်နိုင်ပါ ကြောင်း၊ စက်မှုလယ်ယာစခန်း များတွင်ရှိသည့် စက်ကိရိယာ အရေအတွက်ပေါ် မူတည်ပြီး တန်းစီဧယားအရ ဆောင်ရွက် ပေးသွားမည်ဖြစ်ပါကြောင်း။

ထို့ကြောင့် အဆိုပါမြို့နယ် (၃)ခုတွင် လယ်ယာလုပ်ငန်းများ၌ လယ်ယာစိုက်ပျိုးခြင်းတွင် မြေပြင် ရန် လယ်ထွန်စက်နှင့် ရိတ်သိမ်း ခြင်းအတွက် ရိတ်သိမ်းခြေလှေ စက်များကို စက်မှုလယ်ယာဦးစီး ဌာနအနေဖြင့် လုံလောက်အောင် စီစဉ်ပေးရန် ဆောင်ရွက်နိုင်မှု မရှိပါကြောင်းနှင့် နယ်မြေအလိုက် စက်ပိုင်ဆိုင်သူများ ပါဝင်သည့် ပုဂ္ဂလိကလယ်ယာသုံးစက်ကိရိယာ ဝန်ဆောင်မှုအသင်းများ ဖွဲ့စည်း နိုင်ရေး ပိုင်းဝန်းစည်းရုံးဆောင်ရွက် ပြီး ပုဂ္ဂလိကပိုင် စက်ကိရိယာများ ပါဝင်သုံးစွဲမှသာ စက်မှုလယ်ယာ ကူးပြောင်းရေး လုပ်ငန်းများကို အပြည့်အဝဆောင်ရွက်နိုင်မည် ဖြစ်ပါကြောင်း ဖြေကြားသည်။

ရန်ကုန် တိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စား လှယ်အမှတ်(၇) ဦးရဲရင့်စိုးညွှန့်၏ **ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးခရိုင်၊ လှည်းကူးမြို့နယ်၊ ဖောင်ကြီးကျေးရွာအနီးရှိ ငပိုးရိပ်ရေလှောင်တမံမှ ညောင်နှစ်ပင် ရေသန့်စက်ရုံသို့ ရေပိုက်လိုင်း သွယ်တန်းပြီး ရေရယူမည့် အစီအစဉ်ရှိ၊ မရှိနှင့် အစီအစဉ်ရှိပါက မည်သည့် အချိန်တွင် ဆောင်ရွက်ပေးမည်နှင့် မရှိပါက မည်သည့်အတွက်ကြောင့် ဖြစ်သည်ကို သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်ဂက ငပိုးရိပ် ရေလှောင်တမံနှင့် ရေကူတမံများမှ လယ်မြေဧရိယာ(၃၀၅၆၇)ဧကကို နွေစပါး ရေပေးဝေလျက်ရှိပြီး ရန်ကုန်မြို့တော် သောက်သုံးရေ အတွက် ရေဂါလန် သန်း(၁၃၀)ကို နေ့စဉ် ပေးဝေလျက်ရှိပါကြောင်း၊ သောက်သုံးရေ ပေးဝေရာတွင် ငပိုးရိပ်ရေလှောင်တမံ၏ ပင်မ တူးမြောင်းမကြီး ပေတိုင် (၈၂၀၀) ရှိ ရေခွဲအဆောက်အအုံအထိ အလျား(၁၅ ဘသမ ၅) မိုင်နှင့် ရေခွဲ အဆောက်အအုံမှ ညောင်နှစ်ပင် ရေသန့်စက်ရုံအထိ အလျား (၆) မိုင် စုစုပေါင်း (၂၁ ဘသမ ၅) မိုင်ကို မြေသားတူးမြောင်းဖြင့် ရေပေးဝေ လျက်ရှိပါကြောင်း။

ယခုအခါ မြေသားမြောင်းရေ ရယူရာတွင် ရေအရည်အသွေး ပိုမိုကောင်းမွန်စေရေးနှင့် ရေ ပမာဏပိုမိုရောက်ရှိစေရေးအတွက် ယခင်ရယူခဲ့သော မြေသားမြောင်း အစား ရေပိုက်လိုင်းစနစ်ဖြင့် ရေဂါလန်သန်း(၁၈၀) သွယ်တန်း ရယူနိုင်ရန်အတွက် ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီမှ လုပ်ငန်းဆောင်ရွက် ရန် ဖြစ်မြောက်နိုင်စွမ်း ရှိ/ မရှိ စူးစမ်းလေ့လာခဲ့ပြီး လုပ်ငန်း ဆောင်ရွက်ရန် ဖြစ်မြောက်နိုင်စွမ်း ရှိသဖြင့် ရန်ပုံငွေတင်ပြတောင်းခံ ပြီး ဆောင်ရွက်ရန် လျာထားစီမံ လျက်ရှိပါကြောင်း။

ငပိုးရိပ်ရေလှောင်တမံမှ (၁)ရက် လျှင် ရေဂါလန်သန်း (၁၈၀)ရယူနိုင် မည့် ရေယူအဆောက်အအုံအသစ် တစ်ခု တည်ဆောက်ခြင်း၊ အချင်း (၇ ဘသမ ၈)ပေ၊ အလျား(၀ ဘသမ ၅၆) မိုင်ခန့်ရှိသည့် ရေယူဥမင် လိုဏ်တစ်ခု တည်ဆောက်ခြင်း၊ ရေဂါလန် သန်း(၁၈၀)ပေးပို့ နိုင်သော 4 MVA စွမ်းအားရှိ ရေတွန်းစက်ရုံနှင့် ဓာတ်အားခွဲရုံ တည် ဆောက်ခြင်း၊ အချင်း(၈ ဘသမ ၈)ပေ၊အလျား (၁ ဘသမ ၂) မိုင်ခန့်ရှိသည့် ရေခေါ်ဆွဲမင်လိုဏ် တစ်ခု တည်ဆောက်ခြင်း၊ အချင်း (၇ ဘသမ ၈)ပေ၊အလျား (၁၀)မိုင် ခန့်ရှိသည့် ရေပိုက်လိုင်းတစ်ခု တည်ဆောက်ခြင်း စသည့်လုပ်ငန်း များ ဆောင်ရွက်ရမည် ဖြစ်ပါ ကြောင်း၊ သို့ပါ၍ တိုင်းဒေသကြီး အစိုးရအဖွဲ့အစီအစဉ်ဖြင့် ရန်ကုန် မြို့တော် စည်ပင်သာယာရေး ကော်မတီမှ ဘဏ္ဍာနှစ်အလိုက် တိုင်းဒေသကြီးရန်ပုံငွေတောင်းခံ ပြီး ရန်ပုံငွေခွဲဝေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

ရန်ကုန် တိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စား လှယ်အမှတ်(၇) ဦးရဲရင့်စိုးညွှန့်၏ **ပန်းလှိုင်မြစ်ကြောင်း ချောင်းကော မှပြဿနာ လျော့နည်းစေရန် ပန်းလှိုင်မြစ်ဝတွင် ရေတံခါးတည် ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ နှင့် အစီအစဉ်ရှိပါက မည်သည့် အချိန်တွင် ဆောင်ရွက်ပေးမည် ဖြစ်ပြီး မရှိပါက မည်သည့်အတွက် ကြောင့် ဖြစ်သည်ကို သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယ ဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်က ပန်းလှိုင်မြစ်သည် တစ်နှစ်ထက် တစ်နှစ် ပိုမိုတိမ်ကောလာခဲ့မှု ကြောင့် ၂၀၁၄-၂၀၁၅ ခုနှစ်တွင် နိုင်ငံတော်သမ္မတ၏ သီးသန့်ရန်ပုံ ငွေဖြင့် ပန်းလှိုင်မြစ်ကြောင်း ပြန်လည်တူးဖော်ခြင်း လုပ်ငန်း အား ဆောင်ရွက်ခဲ့ပါကြောင်း၊ အဆိုပါ ပန်းလှိုင်မြစ်ကြောင်း ပြန်လည်တူးဖော်ခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့သော်လည်း မြစ် အောက်ပိုင်းဖြစ်သည့် လှိုင်မြစ် ဘက်ခြမ်းတွင် ရေထိန်းတံခါး တည်ဆောက်နိုင်ခြင်း မရှိသည့် အတွက် ပန်းလှိုင်မြစ်မှာ သဲနုန်းများ ပြန်လည်ဝင်ရောက်၍ ဒိုက်၊ ဗေဒါ နှင့်ကျူပင်များ ပေါက်ရောက်ပိတ်ဆို့ လာပြီး မြစ်ကောတစ်ခုအဖြစ် ပြန်လည်ရောက်ရှိခဲ့ပါကြောင်း။

ပန်းလှိုင် မြစ်ကြောင်းကို ပြန်လည်တူးဖော်ပြီးပါကလည်း သဲနုန်းများ ပြန်လည်ဝင်ရောက် လာသဖြင့် နှစ်အနည်းငယ် အတွင်း တိမ်ကောသွားမည် ဖြစ်ရာ ရေတံခါးတစ်ခုကို ဦးစွာ တည်ဆောက်ရန် လိုအပ်မည်ဖြစ် ပါကြောင်း၊ ၂၀၁၃ ခုနှစ် မေလတွင် ပြည်ထောင်စုသမ္မတ မြန်မာ နိုင်ငံတော်အစိုးရဏင့် နယ်သာလန် နိုင်ငံအစိုးရတို့သည် ရေအရင်း အမြစ် ဘက်စုံစီမံခန့်ခွဲမှုလုပ်ငန်း များ ပူးပေါင်းဆောင်ရွက်ရန် ဆွေးနွေးခဲ့ပြီး နှစ်ဦးနှစ်ဖက် နားလည်မှုစာချွန်လွှာကို ၂၀၁၇ ခုနှစ်၊ ဧပြီလတွင် ချုပ်ဆိုခဲ့ပြီး အဆိုပါ နားလည်မှုစာချွန်လွှာအရ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန အနေဖြင့် ပန်းလှိုင် ရေထိန်းတံခါး တည်ဆောက်ရန် နယ်သာလန် အစိုးရ၏ Develop to Build (D2B Program) အစီအစဉ်မှ ထောက်ပံ့ကူညီမှုဖြင့် ဖြစ်မြောက် နိုင်စွမ်းလေ့လာမှု (Feasibility Study)ကို ဆောင်ရွက်ထားပြီး ဖြစ်ပါကြောင်း။

စာမျက်နှာ ၈ သို့ »»

»»» စာမျက်နှာ ၇ မှ

ဖြစ်မြောက်နိုင်စွမ်းလေ့လာခဲ့မှု (Feasibility Study)အရ ပန်းလှိုင်မြစ် ရေထိန်းတံခါး ဒီဇိုင်းပုံစံကို နည်းလမ်း (၄)ခုဖြင့် တည်ဆောက်ရန် လျာထားခဲ့ပါကြောင်း၊ ပန်းလှိုင် ရေထိန်းတံခါး တည်ဆောက်ခြင်း လုပ်ငန်းအတွက် ပတ်ဝန်းကျင်ရှိ စိုက်ပျိုးမြေများ ပါဝင်သွားနိုင် သည့်အတွက် ဒေသခံပြည်သူများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ဒေသ အာဏာပိုင် အဖွဲ့အစည်းများနှင့် အဆင့်ဆင့် ညှိနှိုင်းဆွေးနွေးပြီး တူးဖော်ရမည့် ဒီဇိုင်းပုံစံရေးဆွဲ ခြင်း၊ လုပ်ငန်းနယ်နိမိတ်သတ်မှတ် ခြင်းများ ဦးစွာဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပြီး ဒီရေအတက် အကျနှင့် နုန်းတင်မှုအခြေအနေ များကိုလည်း တိကျစွာ တိုင်းတာ တွက်ချက်ရန် လိုအပ်မည်ဖြစ်ပါ ကြောင်း။

ထို့ပြင် ပန်းလှိုင်မြစ်ကြောင်း ပြန်လည်တူးဖော်ခြင်း လုပ်ငန်း ဆောင်ရွက်ရာတွင် လည်း မြစ်ကြောင်းတစ်လျှောက် တူးဖော် ရာမှထွက်ရှိလာမည့် သဲနုန်းများ စွန့်ပစ်ရန်အတွက် နေရာရွေးချယ် သတ်မှတ်ရန် လိုအပ်မည်ဖြစ်ပါ ကြောင်း၊ ပန်းလှိုင်မြစ်ကြောင်း ပြန်လည်တူးဖော်ပြီးပါကလည်း စက်မှုဇုန်နှင့် လူနေရပ်ကွက်များမှ မြစ်အတွင်းသို့ အမှိုက်စွန့်ပစ်ခြင်း ကို တားမြစ်ခြင်း၊ စက်ရုံများမှ ထွက်ရှိလာသော ရေဆိုးများကို သန့်စင်ပြီးမှ စွန့်ပစ်ရန်စီမံခြင်း၊ မဆောင်ရွက်မီ မြစ်ကြောင်း တစ်လျှောက် ပတ်ဝန်းကျင်ရှိစက်မှု ဇုန်များ၊ လူနေအိမ်များ၊ ကျူးကျော် နေထိုင်မှုများနှင့် ဒေသခံများ၏ စိုက်ပျိုးမြေများ ပါဝင်သွားနိုင် သည့်အတွက် ဒေသခံပြည်သူများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ဒေသ အာဏာပိုင် အဖွဲ့အစည်းများနှင့် အဆင့်ဆင့် ညှိနှိုင်းဆွေးနွေးပြီး တူးဖော်ရမည့် ဒီဇိုင်းပုံစံရေးဆွဲ ခြင်း၊ လုပ်ငန်းနယ်နိမိတ်သတ်မှတ် ခြင်းများ ဦးစွာဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါကြောင်း။

ပန်းလှိုင်မြစ်ကြောင်း ပြန်လည် တူးဖော်ခြင်းလုပ်ငန်းနှင့် ပန်းလှိုင် ရေထိန်းတံခါး တည်ဆောက်ခြင်း လုပ်ငန်းများ ဆောင်ရွက်ပြီးစီး ပါက ရေကြီးရေလျှံဖြစ်ပွားမှုကို လျော့နည်း သက်သာစေခြင်း၊ နွေရာသီတွင် ရေချိထိန်းသိမ်း၍ သီးထပ်စိုက်ပျိုးနိုင်ခြင်း၊ ကုန်စည် ပို့ဆောင်ရေး ပိုမိုလွယ်ကူလာနိုင် မည်ဖြစ်ခြင်း၊ ဒီရေအတက်တွင် ဒီရေနှင့်အတူပါလာသော ရေငန် များကို ပန်းလှိုင်ရေထိန်းတံခါးမှ တားဆီးပေးခြင်းဖြင့် မြေဆီလွှာ ပျက်စီးမှုကို ကာကွယ်နိုင်မည် ဖြစ်ခြင်းတို့ကြောင့် ဆောင်ရွက် သင့်သည့်လုပ်ငန်း ဖြစ်ပါကြောင်း၊ သို့ရာတွင် ပန်းလှိုင်မြစ်ကြောင်း ပြန်လည်တူးဖော်ခြင်း လုပ်ငန်း ဆောင်ရွက်ရန်မှာ ပန်းလှိုင် ရေထိန်းတံခါး တည်ဆောက်ပြီးမှ သာ ဆက်လက်ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း။

ပန်းလှိုင် ရေထိန်းတံခါး တည်ဆောက်ခြင်း လုပ်ငန်းမှာ လည်း ပမာဏကြီးမားသည့် တည်ဆောက်ရေး စီမံကိန်းဖြစ် သည့်အတွက် ဘဏ္ဍာရေးဆိုင်ရာ လိုအပ်ချက် များပြားသည့်အပြင် နည်းပညာလိုအပ်ချက်များရှိခြင်း၊ လုပ်ငန်းများ မဆောင်ရွက်မီ၊ ဆောင်ရွက်စဉ်နှင့် ဆောင်ရွက်ပြီး ကာလတစ်လျှောက်တွင် အကောင် အထည်ဖော်ရမည့် လုပ်ငန်းစဉ် များ များပြားခြင်းတို့ကြောင့် ပန်းလှိုင်မြစ်ကြောင်း ပြန်လည် တူးဖော်ခြင်းလုပ်ငန်းနှင့် ပန်းလှိုင် ရေထိန်းတံခါး တည်ဆောက်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ရန် လတ်တလောတွင် အစီအစဉ်မရှိ သေးပါကြောင်းနှင့် ရေချိုရယူရေး လုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်းတို့ အတွက် အခက်အခဲမရှိစေရန် ဆက်လက်စီစဉ် ဆောင်ရွက်ပေး မည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ပဲနွားတိုင်းဒေသကြီး အမျိုးသား လွှတ်တော် ကိုယ်စားလှယ် အမှတ်(၈) ဦးသိန်းဇော်၏ **ပဲနွား တိုင်းဒေသကြီး သာယာဝတီ မြို့နယ် မြစ်ကျိုးကျေးရွာအုပ်စု လေးဘူးကျေးရွာနှင့် လက်ပံတန်း မြို့နယ် ကွမ်းခြံကျေးရွာအုပ်စုကို ဆက်သွယ်ထားသော လေးဘူး-ကွမ်းခြံ ရေကာတာပေါ်ရှိလမ်းမ လေးဘူး - ဆင်လမ်းအုပ်ငုံး၏ ပျက်စီးနေသော နေရာများကို ဂဝံ ထပ်ပိုးလွှာခင်း၍ ပြုပြင်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဗိုလ်မိုလ်ကျော်က ကျေးရွာအုပ်စု ၁၀ အုပ်စုရှိ ပြည်သူများ၊ ကျောင်းသား ကျောင်းသူများ၏ ပညာရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ လူမှုရေးလုပ်ငန်းများ ရာသီမရွေး အသုံးပြုနိုင်ရန်အတွက် လေးဘူး-ကွမ်းခြံ ရေကာတာပေါ်ရှိ ဆက်သွယ်ရေးလမ်းအား ပြုပြင် ဆောင်ရွက်ရန် ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး ရန်ပုံငွေ သို့မဟုတ် သင့်လျော်ရာ ရန်ပုံငွေမှ တောင်းခံပြီး ရန်ပုံငွေ ရရှိမှုအပေါ်မူတည်၍ အပိုင်းလိုက် ဆောင်ရွက်မည် ဖြစ်ပါကြောင်း ဖြေကြားသည်။

ယင်းနောက် အမျိုးသား လွှတ်တော်ဥက္ကဋ္ဌမြန်မာ-ကာဇက် စတန် လွှတ်တော်ချင်း ချစ်ကြည် ရင်နှီးရေးအသင်းတွင် စစ်ကိုင်း တိုင်းဒေသကြီး အမျိုးသား လွှတ်တော် ကိုယ်စားလှယ် အမှတ်(၃) ဒေါ်ကျော့ယဉ်ဝင်း အစား စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စား လှယ်အမှတ်(၇) ဦးသိန်းလှိုင်ကို အဖွဲ့ဝင်နေရာ အစားထိုးပြင်ဆင် ဖွဲ့စည်းခြင်းကို လွှတ်တော်သို့ တင်ပြပြီး အတည်ပြုချက်ရယူ သည်။

ဆက်လက်၍ အမျိုးသား လွှတ်တော်ဥက္ကဋ္ဌက မြန်မာ-လာအို လွှတ်တော်ချင်း ချစ်ကြည်ရင်နှီး ရေးအသင်းတွင် ဥက္ကဋ္ဌအဖြစ် ချင်းပြည်နယ် အမျိုးသား လွှတ်တော် ကိုယ်စားလှယ်(၉) ဦးအောင်မင်းနိုင်နှင့် အတွင်းရေးမှူး အဖြစ် တပ်မတော်သား ကိုယ်စား လှယ် ဗိုလ်မှူးဇဝနတို့ အပါအဝင် အဖွဲ့ဝင်ခုနစ်ဦးတို့၏ အမည်စာရင်း များကို လွှတ်တော်၏ အတည် ပြုချက်ရယူရာ အတည်ပြုသဖြင့် အမျိုးသားလွှတ်တော်နှင့် လာအို လွှတ်တော် ချစ်ကြည်ရင်နှီးရေး အသင်း ဖွဲ့စည်းခြင်းနှင့် အသင်း များတွင် ပါဝင်သည့် ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်တို့၏ အမည်စာရင်းများကို အတည်ပြု ကြောင်း ကြေညာသည်။

ထို့နောက် တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယ ပုံမှန်အစည်းအဝေး ၁၁ ရက် မြောက်နေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ၁၂ ရက်မြောက်နေ့ ကို ဇူလိုင် ၃ ရက်တွင် ဆက်လက် ကျင်းပသွားမည်ဖြစ်ကြောင်း သိရ သည်။ **သတင်းစဉ်**



တရုတ်အစားအစာချက်ပြုတ်နည်းသင်တန်း ဖွင့်လှစ်

နေပြည်တော် ဇွန် ၂၉

ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၏ ကြီးကြပ်မှု ဖူးကျင့် နိုင်ငံတကာဘာသာစကား သင်တန်းကျောင်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံယူနန် ပြည်နယ် ကူမင်းမြို့ရှိ Kunming Vocational University of Science and Technology တို့ ပူးပေါင်းစီစဉ်မှုဖြင့် ဖွင့်လှစ်သော တရုတ်အစားအစာချက်ပြုတ်နည်း သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဟိုတယ်ဇုန်ရှိ ရွှေစံအိမ်ဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားသို့ ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်၊ ဒုတိယဝန်ကြီး ဦးဖြိုးဇော်ဝိုး၊ ဖူးကျင့် နိုင်ငံတကာဘာသာစကား သင်တန်းကျောင်းမှ ဂုဏ်ထူးဆောင်ကျောင်းအုပ်ကြီးနှင့် ဆရာ၊ ဆရာမများ၊ Kunming Vocational University of Science and Technology မှ ဘုတ်အဖွဲ့ဥက္ကဋ္ဌနှင့် ပါမောက္ခ၊ ဆရာ၊ ဆရာမများ၊ တရုတ်နိုင်ငံမှ သင်တန်းနည်းပြများ၊ တာဝန်ရှိသူများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက သင်တန်းဖွင့် အမှာစကားပြောကြားပြီး Kunming Vocational University of Science and Technology မှ ဘုတ်အဖွဲ့ဥက္ကဋ္ဌနှင့် ဖူးကျင့် နိုင်ငံတကာဘာသာစကားသင်တန်း ကျောင်းမှ ဂုဏ်ထူးဆောင်ကျောင်းအုပ်ကြီးတို့က သင်တန်းဖွင့်လှစ်ခြင်း ရည်ရွယ်ချက်များနှင့် သင်တန်းများ ဖွင့်လှစ်သွားမည့်အစီအစဉ်များကို ရှင်းလင်း တင်ပြကြသည်။

ယခုဖွင့်လှစ်သည့် တရုတ်အစားအစာချက်ပြုတ် နည်းသင်တန်းကို နေပြည်တော်နှင့် မန္တလေးမြို့တို့တွင် ဇွန် ၂၉ ရက်တွင် တစ်ပြိုင်တည်း ဖွင့်လှစ်သင်ကြား ပို့ချသွားမည်ဖြစ်ပြီး သင်တန်းများသို့ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၁၂၀ တက်ရောက်ကာ ရက်သတ္တပတ်စ်ပတ်ကြာ ဖွင့်လှစ်သင်ကြားပို့ချပေးသွားမည် ဖြစ်ကြောင်းနှင့် အလားတူ သင်တန်းများကို ရန်ကုန်၊ တောင်ကြီး၊ ပြင်ဦးလွင်နှင့် ငွေဆောင်စသည့် ခရီးစဉ်ဒေသများတွင် လာမည့်ဇူလိုင်လအတွင်း ဖွင့်လှစ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ဒုတိယဝန်ကြီး ဦးမျိုးမြင့် တွန်းဇံမြို့ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၂၉

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်သည် ချင်းပြည်နယ်အတွင်း ပြန်လည် ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး ကော်မတီဝင်များနှင့်အတူ ဇွန် ၂၇ ရက်က တွန်းဇံမြို့ရှိ အခြေခံပညာအထက်တန်းကျောင်းကို သွားရောက် ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ကျောင်းအုပ်ကြီး၊ ဆရာ ဆရာမများ နှင့် တွေ့ဆုံပြီး ကျောင်းလိုအပ်ချက်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးကာ ဆရာ ဆရာမများအား လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ယင်းနောက် ကျောင်းသား ကျောင်းသူများ အားဆေးချစ်စွာ ပညာသင်ကြားနေမှု၊ ကျောင်းပတ်ဝန်းကျင် သန့်ရှင်းလှပရေးအတွက် မြို့မိမြို့ဖများက စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးပြီး ထောက်ပံ့ငွေပေးအပ်သည်။

တွန်းဇံမြို့နယ်တွင် အခြေခံပညာကျောင်းပေါင်း ၄၄ ကျောင်းဖွင့်လှစ်ပြီး ကျောင်းသား ကျောင်းသူ ၃၄၄၆ ဦး တက်ရောက်ပညာသင်ကြားလျက်ရှိကြောင်း သိရသည်။

ဆက်လက်၍ တွန်းဇံမြို့ရှိ ဘာသာရေး ခေါင်းဆောင်များ၊ မြို့မိမြို့ဖများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တွန်းဇံမြို့ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်း ကော်မတီဝင်များနှင့်တွေ့ဆုံပြီး တင်ပြချက်များအပေါ် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကော်မတီဝင်များနှင့် ပေါင်းစပ်ညှိနှိုင်းပေးကာ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည် တည်ဆောက်ရေးလုပ်ငန်းများအား ပူးပေါင်း ဆောင်ရွက်သွားကြရန်၊ အချိန်နှင့်တစ်ပြေးညီ အကောင်အထည်ဖော်ဆောင်ရွက်ကြရန်၊ ဒေသ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘာသာရေးခေါင်းဆောင်များ၊ မြို့မိမြို့ဖများ၊ ဌာန ဆိုင်ရာတာဝန်ရှိသူများ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက် ကြရန် မှာကြား၍ ကော်ဗီထုပ်များ ပေးအပ်သည်။

ထို့နောက် တွန်းဇံမြို့အား မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



အင်းစိန်အကျဉ်းထောင်မှ ပညာလေ့လာခွင့်ဆုံးရှုံးမှုမရှိဘဲ အောင်မြင်မှုပန်းတိုင်ကို တက်လှမ်းနိုင်ခဲ့ကြသူများ၏ ဝမ်းသာပီတိစကားသံများ

နိုင်ငံတော် အစိုးရအနေဖြင့် ပညာရေးကဏ္ဍကို အထူးအလေးထားပြီး ပညာဖြင့် နိုင်ငံတော်ကို တည်ဆောက်နိုင်ရန် အားပေးမြှင့်တင် ဖော်ဆောင်ပေးလျက်ရှိသည်။

ထိုသို့ ဖော်ဆောင်ရာတွင် အကျဉ်းဦးစီးဌာနရှိ အကျဉ်းထောင်များတွင် ပြစ်ဒဏ်ကျခံနေရသည့် တက္ကသိုလ်ဝင်စာမေးပွဲကို ဖြေဆိုရမည့်သူများကိုလည်း ပညာသင်ကြားခွင့်၊ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုခွင့် ရရှိစေရန် ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်ဗဟိုအကျဉ်းထောင်မှ အကျဉ်းသား ၃၃ ဦး၊ အကျဉ်းသူ သုံးဦး စုစုပေါင်း ၃၆ ဦး ဖြေဆိုခဲ့ပြီး ရာနှုန်းပြည့် ၃၆ ဦးလုံး အောင်မြင်ခဲ့ကာ သုံးဘာသာဂုဏ်ထူးရှင် တစ်ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် တစ်ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ငါးဦးနှင့် ရိုးရိုးအောင်မြင်သူ ၂၉ ဦး ရှိခဲ့သည်။

ထိုသို့ ပြစ်ဒဏ်ကျခံနေရသော်လည်း ပညာလေ့လာခွင့်ဆုံးရှုံးမှုမရှိဘဲ အောင်မြင်မှုပန်းတိုင်ကို တက်လှမ်းနိုင်ခဲ့ကြ သူများ၏ ဝမ်းသာပီတိ စကားသံများကို စုစည်းဖော်ပြအပ်ပါသည်။

ဦးရဲကိုကိုဇော် (ဦးစီးအရာရှိ၊ အင်းစိန်ဗဟိုအကျဉ်းထောင်)

လူငယ်တွေရဲ့ ဘဝတက်လမ်းအတွက် အင်းစိန်အကျဉ်းထောင်ကို ရောက်ရှိလာတဲ့ ကျောင်းသားတွေကို ပညာဆက်လက်သင်ကြားနိုင်အောင် ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ၂၀၂၁-၂၀၂၂ ကနေ ၂၀၂၅-၂၀၂၆ ခုနှစ်အထိ ငါးနှစ်တာကာလမှာ ရာနှုန်းပြည့်အောင်ချက်ရခဲ့တယ်။ ဂုဏ်ထူးတွေနဲ့အောင်မြင်အောင် သင်ကြားပေးခဲ့ပါတယ်။ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲမှာ ကျောင်းသား ၃၃ ဦးနဲ့ ကျောင်းသူသုံးဦး စုစုပေါင်း ၃၆ ဦး ပညာသင်ကြား ဖြေဆိုရာမှာ ၃၆ ဦးလုံး အောင်မြင်ခဲ့ပါတယ်။ ဂုဏ်ထူးသုံးဘာသာ တစ်ဦး၊ နှစ်ဘာသာ တစ်ဦးနဲ့ တစ်ဘာသာ ဂုဏ်ထူးရှင် ငါးဦးလည်း ထွက်ပေါ်ခဲ့ပါတယ်။ အကြောင်းအမျိုးမျိုး ကြောင့် အကျဉ်းထောင်ကိုရောက်ရှိလာတဲ့ လူငယ်တွေ သူတို့ရဲ့ ဘဝအနာဂတ်တွေ မဆုံးရှုံးအောင်၊ ဒီကနေထွက်သွားတဲ့အခါ နိုင်ငံအတွက် တစ်ထောင့်တစ်နေရာကနေ တာဝန်ထမ်းဆောင်ခွင့် ရအောင်ပညာရေးကဏ္ဍကိုမြှင့်တင်ပေးခြင်းဖြစ်ပါတယ်။

၂၀၂၅-၂၀၂၆ ပညာသင်နှစ်မှာ ဆိုရင် အခြေခံပညာဦးစီးဌာနက ဆရာ ဆရာမတွေနဲ့ အင်းစိန်အကျဉ်းထောင်က အကျဉ်းကျ ဆရာတွေနဲ့ ပူးပေါင်းပြီးတော့ အနီးကပ် သင်ကြားပေးခဲ့တာ ဖြစ်ပါတယ်။ အခြေခံပညာ ကျောင်းက သင်ရိုးညွှန်းတမ်း အတိုင်းပဲ စနစ်တကျနဲ့ သင်ကြားခဲ့ပြီး အခုလို ငါးနှစ်ဆက်တိုက် ကျရှုံးသူမရှိဘဲ အောင်မြင်မှု ဆက်တိုက်ရရှိခဲ့တာဟာ နိုင်ငံတော် အကြီးအကဲတွေ၊ အနီးကပ် ကြီးကြပ်စီမံပေးတဲ့ တာဝန်ရှိသူ တွေရဲ့ လူငယ်တွေအပေါ်ထားရှိတဲ့ စေတနာပါ။ အခုလို ဖြေဆိုသူ အားလုံး အောင်မြင်တဲ့အခါ သူတို့နဲ့ထပ်တူ ဝမ်းသာပီတိဖြစ်ရပါတယ်။ ၂၀၂၇ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲမှာလည်း အောင်မြင်မှုတွေ ဆက်လက်ရရှိနိုင်အောင် ဆောင်ရွက်သွားပါမယ်။

မောင်ကျော်မင်းခန့်
သုံးဘာသာဂုဏ်ထူးရှင်

ကျွန်တော် ဂုဏ်ထူးထွက်ခဲ့တဲ့ ဘာသာရပ်တွေက ပထဝီ၊ သမိုင်းနဲ့ ဘောဂဗေဒ ဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ အကျဉ်းကျခံနေရပေမယ့် ကျောင်းပညာရေးကို ဆက်လက် သင်ကြားခွင့်ရအောင် ဆောင်ရွက်ပေးတဲ့ နိုင်ငံတော် အကြီးအကဲတွေ၊ ပြည်ထောင်စု ဝန်ကြီး၊ အင်းစိန်ဗဟိုအကျဉ်း ထောင်က တာဝန်ရှိသူတွေ၊ ပြီးတော့ သင်ကြားပေးခဲ့ကြတဲ့ ဆရာ ဆရာမတွေ၊ အကျဉ်းသား ဆရာတွေအားလုံးကို ကျေးဇူး အထူးတင်ရှိပါတယ်။ ဒီနေရာ ကနေ ဦးခိုက်ကန်တော့ပါတယ်။

ပြင်ပကလူငယ်တွေကို ပြောလို တာက အချိန်ဆိုတာ အင်မတန် အဖိုးတန်ပါတယ်။ အချိန်နဲ့မိဘ ဟာ ပြန်လည်အစားထိုးလို့မရ ပါဘူး။ ကျွန်တော်တို့ခံစားရရှိခဲ့တဲ့ နောင်တတွေပါ။ ဒါပေမဲ့ နိုင်ငံတော် ရဲ့စေတနာနဲ့ ပညာသင်ကြားခွင့် ရပြီးတော့ အနာဂတ်အတွက် အလင်းဆောင်ခွင့် ရတဲ့အပေါ် အတိုင်းမသိ ကျေးဇူးအထူးတင်ပါ တယ်။ ကျွန်တော့်မှာ ရည်မှန်းချက် တွေ ရှိနေပါပြီ။ စီးပွားရေးပညာရှင် တစ်ဦးဖြစ်ချင်ပါတယ်။ ဆက်ပြီး ကြိုးစားသွားမှာပါ။

မောင်သက်ဖြိုးနောင်
နန်းဘာသာဂုဏ် ထူးရှင်

ကျွန်တော်က ပထဝီနဲ့ ဘောဂဗေဒ နှစ်ဘာသာ ဂုဏ်ထူးရခဲ့ပါတယ်။ အခုလို စာမေးပွဲမှာ ဂုဏ်ထူးနဲ့ အောင်မြင်တဲ့အတွက် အရင်ဆုံး ဖေဖေနဲ့ မေမေကို ကျေးဇူးတင်တယ်။ ပြီးတော့ ပညာသင်ကြားခွင့် ရအောင် ခွင့်ပြုပေးတဲ့ လူကြီးတွေ၊ အကျဉ်း ထောင်က တာဝန်ရှိသူတွေနဲ့ ဆရာ ဆရာမတွေ၊ အကျဉ်းသား ဆရာတွေ အားလုံးကို ကျေးဇူး အထူးတင်ပါတယ်။ ဒီနေရာ ကျေးဇူး အထူးတင်ပါတယ်။ လူငယ်တွေအနေနဲ့ ရည်မှန်းချက် ရှိသင့်ပါတယ်။ ရည်မှန်းချက်ရှိပြီး ကြိုးစားမှလည်း အောင်မြင်မှုရရှိ တာပါ။ ကျွန်တော်က ရည်မှန်းချက် မထားခဲ့လို့ ဒီအထဲကို ရောက်ရှိ ခဲ့တာပါ။ ဒါပေမယ့် ဒီကဆရာတွေ လမ်းညွှန်မှုနဲ့ ရည်မှန်းချက် အတွက် လမ်းကြောင်းတစ်ခု တည်ဆောင်နိုင်ခဲ့ပြီ ဖြစ်ပါတယ်။ ဒီအတွက် ဖော်မပြနိုင်အောင် ကြည်နူးဝမ်းသာရပါတယ်။ လူငယ် တွေကို လမ်းမှန်ရောက်အောင် လမ်းပြကူညီပေးတဲ့ အကျဉ်းဦးစီး ဌာနကို ကျေးဇူးတင်ရှိပါတယ်။

မမြေတ်သန္ဓာကျော်

ကျွန်မအနေနဲ့ အင်းစိန်အကျဉ်း ထောင်ကနေ တက္ကသိုလ်ဝင် စာမေးပွဲ ဖြေဆိုအောင်မြင်ခဲ့တဲ့ အတွက် ဖော်မပြနိုင်အောင် ဝမ်းသာရပါတယ်။ ထောင်ပိုင်၊ ထောင်မှူးနဲ့ ဆရာ ဆရာမတွေ အားလုံးကို ဦးခိုက်ကန်တော့ပါ တယ်၊ ကျေးဇူးအထူးတင်ရှိပါ တယ်။ ရည်မှန်းချက်ထားပြီး ကြိုးစားမှုကြောင့် အောင်မြင်မှုရခဲ့ တာပါ။ အပြင်ရောက်ရင် တက္ကသိုလ် ဆက်တက်ပြီး အနာဂတ်ဘဝ အတွက် အကောင်းဆုံးပုံဖော် သွားဖို့ အားအင်တွေ အပြည့်ရှိနေ ပါတယ်။





ဦးရဲကိုကိုဇော်

မမေဇင်စုမြတ်

ဒီအထဲရောက်တော့ ဘဝ လမ်းဆုံးပြီလို့ တွေးထင်ခဲ့တာပါ။ ဒါပေမဲ့ ပညာသင်ကြားခွင့်ရတော့ စိတ်ခွန်အားတွေ ရလာခဲ့ပါတယ်။ အကျဉ်းထောင်မှာ ဆိုပေမယ့် ပညာသင်ကြားသူ အားလုံးကို တစ်နှစ်ပတ်လုံး စာမေးပွဲ အောင်မြင်ရေးကိုသာ အာရုံစိုက် စေပြီး ပညာရေးထွန်းပေါက်ဖို့ အတွက် တွန်းအားပေးခဲ့တဲ့ အကျဉ်းဦးစီးဌာနက တာဝန်ရှိသူ အားလုံးကို ကျေးဇူးတင်ပါတယ်။ စာပေသင်ကြားဖို့ လိုအပ်တာ မှန်သမျှ ထောက်ပံ့ပေးမှုကိုလည်း ကျေးဇူးတင်ပါတယ်။ အောင်စာရင်း ထွက်ပြီဆိုတော့ ရတဲ့အမှတ် အပေါ်မူတည်ပြီး လုပ်ဆောင်သွား မှာပါ။ အမှတ်မီရင် အနုပညာ တက္ကသိုလ်မှာ ပန်းချီအထူးပြု တက်ရင်တာပါ။ ကျွန်မတို့ရဲ့ အနာဂတ်အတွက် ပညာသင်ကြား ခွင့် ပေးတဲ့ ပြည်ထဲရေးဝန်ကြီးဌာန အကျဉ်းဦးစီးဌာနကို အင်းစိန်ဗဟို အကျဉ်းထောင်က လူငယ် ၃၆ ဦးရဲ့ ကိုယ်စား ကျေးဇူးတင်ရှိတယ် ဆိုတာ ပြောလိုပါတယ်။

အင်တာဗျူး - သစ္စာ(mna)
ဓာတ်ပုံ - ဇွဲမာန်

မိုင်းရယ်မြို့၌ မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် ပန်းချီပြိုင်ပွဲကျင်းပ



မိုင်းရယ် ဇွန် ၂၉

ရှမ်းပြည်နယ် (မြောက်ပိုင်း) မိုင်းရယ်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဦးစီး၍ ဇူလိုင် ၃ ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပန်းချီပြိုင်ပွဲကို ယနေ့ နံနက် ၁၀ နာရီကပြည်သူ့စာကြည့်တိုက်ခန်းမ၌ ပြုလုပ်သည်။

အဆိုပါ ပြိုင်ပွဲတွင် အထက၊ အလက၊ မူလွှန် (၁)နှင့် မူလွှန် (တပ်တွင်း) ကျောင်းများမှ အခြေခံပညာအလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၂၀ က မြန်မာအမျိုးသမီးများနေ့ အထိမ်း အမှတ်ပန်းချီကို ယှဉ်ပြိုင်ခဲ့ကြပြီး စာအုပ်စာစောင်များနှင့် အသိပညာပေး နံရံကပ်စာစောင်ကို ကြည့်ရှု ခဲ့ကြသည်။ မိုင်းရယ်(ပြန်/ဆက်)



မော်လိုက်မြို့၌ သဘာဝဘေးအန္တရာယ် ကာကွယ်ရေး အသိပညာပေးဟောပြော

မော်လိုက် ဇွန် ၂၉

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်မြို့၌ မီးဘေးအန္တရာယ်နှင့် သဘာဝဘေးအန္တရာယ် အသိပညာပေးဟောပြောပွဲကို ဇွန် ၂၆ ရက်က အထက စုံညီခန်းမ၌ ကျင်းပသည်။

ဦးစွာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကာမတ္ဌကွန္ဒ ဦးနေထွန်း အောင်က အမှာစကားပြောကြားသည်။ ထို့နောက် ခရိုင်မီးသတ်ဦးစီးမှူးရုံးဦးစီးအရာရှိဦးအောင်ကိုဌေးက မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ၊ သဘာဝဘေးကယ်ဆယ်ရေးလုပ်ငန်းများနှင့် မီးငြိမ်းသတ်နည်းအဆင့်အဆင့်များကိုလည်းကောင်း၊ ခရိုင်ဘေးအန္တရာယ်စီမံခန့်ခွဲရေးဦးစီးဌာန ဦးစီးအရာရှိနှင့် ဦးစီးမှူး ဦးကျော်ငေသက်တို့က မြေပြိုဘေး၊ ရေဘေး၊ လေဘေး၊ မုန်တိုင်းဘေး စသည့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ သိကောင်းစရာများကိုလည်းကောင်း ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။ **ကိုထက်(ပြန်/ဆက်)**

ကရင်ပြည်နယ် အိမ်ခြံမြေဝန်ဆောင်မှုအသင်း အလုပ်အမှုဆောင်ရွေးချယ်ပွဲ ကျင်းပ

ဘားအံ ဇွန် ၂၉

မြန်မာနိုင်ငံ အိမ်ခြံမြေဝန်ဆောင်မှုအသင်း (ဗဟို)က ကြီးမှူး၍ ကရင်ပြည်နယ် အိမ်ခြံမြေဝန်ဆောင်မှုအသင်း၏ ၂၀၂၆-၂၀၂၉ ခုနှစ်အတွက် အလုပ်အမှုဆောင်ရွေးချယ်ပွဲ၊ နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးနှင့် MRESA အသင်းကြီး၏ (၁၄)နှစ်ပြည့် နှစ်ပတ်လည်အထိမ်းအမှတ် အခမ်းအနားကို ဇွန် ၂၈ ရက်က ဘားအံမြို့ တော်ဝင်ရုတာနယ်ဟိုတယ်၌ ကျင်းပသည်။

ဦးစွာ မြန်မာနိုင်ငံ အိမ်ခြံမြေဝန်ဆောင်မှုအသင်း(ဗဟို) ဥက္ကဋ္ဌ ဒေါ်မိုမိုအောင်၊ ဒုတိယဥက္ကဋ္ဌ ဦးမြင့်စိန်တို့ တက်ရောက် အမှာစကား ပြောကြားသည်။

ထို့နောက် ၂၀၂၆-၂၀၂၉ သက်တမ်းကာလအတွက် အလုပ်အမှုဆောင်၊ အမှုဆောင်သစ်များ ရွေးချယ်တင်မြှောက်ပွဲကို ကျင်းပရာ အသင်းသားစုံညီတို့၏ ဆန္ဒသဘောထားများဖြင့် ဥက္ကဋ္ဌဒုတိယ ဥက္ကဋ္ဌများအပါအဝင် အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူး၊ စာရင်းစစ်၊ တွဲဖက်စာရင်းစစ်၊ အမှုဆောင် စုစုပေါင်း ၂၇ ဦးကို ရွေးချယ် ပြင်ဆင်ဖွဲ့စည်းခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**







လူမှုဖူလုံရေးအဖွဲ့ သတင်းအချက်အလက်စနစ်၏ ဘဏ္ဍာရေးလုပ်ငန်းစဉ်များအတွက် သင်တန်းဖွင့်လှစ်



ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးထိန်လင်းနှင့် ဦးခင်မောင်စိုးတို့က မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (တပ်ကုန်း)၌ ရွှေ့လျားဆေးကုသယာဉ်ဖြင့် ကွင်းဆင်းဆေးကုသပေးမှုအား ကြည့်ရှုအားပေးစဉ်။

နေပြည်တော် ဇွန် ၂၉

အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့ သတင်းအချက်အလက်စနစ် (SSB Information System) ၏ဘဏ္ဍာရေးလုပ်ငန်းစဉ်များအတွက် Training of Trainers (TOT) သင်တန်းဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ လူမှုဖူလုံရေးအဖွဲ့ (ရုံးချုပ်)၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီးဌာနခင်မောင်စိုး၊ ဒုတိယဝန်ကြီးဌာနမောင်မောင်သန်း၊ သင်တန်းနည်းပြနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက သင်တန်းသားများ အနေဖြင့် ပို့ချသည့် သင်ခန်းစာများကို စိတ်ပါဝင်စားစွာနှင့် အားတက်သရော လိုက်ပါဆောင်ရွက်ကြရန်၊ လေ့လာသင်ယူခဲ့သည့် အတတ်ပညာများကို ထိထိရောက်ရောက် ပြန်လည်အသုံးချရန်မှာကြားသည်။

သင်တန်းဖွင့်ပွဲ အပြီးတွင် ပြည်ထောင်စုဝန်ကြီး ဦးထိန်လင်းနှင့် ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးတို့သည် နေပြည်တော် တပ်ကုန်းမြို့နယ်ရှိ လူမှုဖူလုံရေးအကျိုးဝင်မှတ်ပုံတင်ထားသော အလုပ်ငှာနများဖြစ်သည့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (နေပြည်တော်)နှင့် ဒဟက်ကုန်းသကြားစက်ရှိအာမခံအလုပ်သမားများအား လူမှုဖူလုံရေးအဖွဲ့ပိုင် ရွှေ့လျားဆေးကုသယာဉ်နှစ်စီးဖြင့် လုပ်ငန်းခွင်အရောက် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးနေမှုကို ကြည့်ရှုအားပေးသည်။

ပြည်ထောင်စု နယ်မြေ (နေပြည်တော်)တွင် အကျုံးဝင် အလုပ်ငှာနပေါင်း ၁၃၃ ငှာနနှင့် အာမခံအလုပ်သမားဦးရေ ၂၈၈၂ ဦးရှိပြီး မြို့နယ်လူမှုဖူလုံရေး ဆေးခန်းသုံးခန်း၊ စာချုပ်ဆေးခန်း ငါးခန်း၊ ဌာနကြီးဆေးခန်း လေးခန်း တို့ဖြင့် ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်လျက်ရှိရာ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်း ဆေးဖိုး အမှုတွဲပေါင်း ၂၁၅၁ နှင့် ငွေကျပ် ၅၇၀ ဒသမ ၆၈၅ သန်းကို ဆေးဖိုး ပြန်လည် ပေးအမ်းနိုင်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

ပင်းတယမြို့နယ်၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ



ပင်းတယ ဇွန် ၂၉

ရှမ်းပြည်နယ် (တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ် မွေးလှရေကန်ထင်ရှားတောတွင် မိုးရာသီစုပေါင်း သစ်ပင်စိုက်ပျိုးပွဲ ကျင်းပသည်။

ဦးစွာ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးအောကာလင်းက အမှာစကားပြောကြားပြီး ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ပျိုးပင်များကိုပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

ယင်နောက် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဒေသအဆင့်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ကျောင်းဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ တက်ရောက်လာကြသည့်ဒေသခံတိုင်းရင်းသား၊ တိုင်းရင်းသူများ၊ မိဘပြည်သူများက စုပေါင်း၍ သတ်မှတ်နေရာတို့တွင် ထင်ရှားပင်စုစုပေါင်း ၁၀၀၀ ကိုစိုက်ပျိုးခဲ့ကြောင်း သိရသည်။ **အောင်ကိုဦး(ပြန်/ဆက်)**

အင်းစိန်မြို့နယ်၌ အခွန်ဆိုင်ရာ အသိပညာပေးဆွေးနွေး

ရန်ကုန် ဇွန် ၂၉

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် အခွန်ဦးစီးမှူးရုံးအနေဖြင့် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် တည်ဆဲ ဥပဒေများအရ လိုက်နာဆောင်ရွက်ရမည့်ကိစ္စများနှင့် စပ်လျဉ်း၍ အသိပညာပေးဆွေးနွေးပွဲကို ဇွန် ၂၉ ရက် နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အခွန်ဦးစီးဌာနမှူး လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အိအိဖြူက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် တည်ဆဲ ဥပဒေများအရ လိုက်နာဆောင်ရွက်ရမည့်ကိစ္စများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ ကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးခဲ့ကြရာ အသိပညာပေးဆွေးနွေးပွဲသို့ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် အခွန်ထမ်း လုပ်ငန်းရှင်များ စုစုပေါင်း ၁၁၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

ထွန်းလင်းကျော်(ပြန်/ဆက်)



ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေအသိပညာပေး သင်တန်းဖွင့်လှစ်



ဟင်္သာတ ဇွန် ၂၉

ဧရာဝတီ တိုင်းဒေသကြီး ဟင်္သာတခရိုင် လူမှုဝန်ထမ်းဦးစီးဌာနကကြီးမှူးကျင်းပသောကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ဥပဒေအသိပညာပေး သင်တန်းကို ဇွန် ၂၈ ရက်မှစ၍ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး လူထုအခြေပြုဗဟိုဌာန ခန်းမ၌ ဖွင့်လှစ်သည်။

သင်တန်းတွင် ခရိုင်လူမှုဝန်ထမ်း ဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒေါ်စောနှင်းဦးက ကလေးသူငယ် အခွင့်အရေးများနှင့် လိုက်နာစောင့်ထိန်းရမည့် ကျင့်ဝတ်စည်းကမ်းတို့ကို လည်းကောင်း၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဇာဇာဝင်းက ဥပဒေတွင် ပြဋ္ဌာန်းထားသော ပြစ်မှုနှင့် ပြစ်ဒဏ်များကိုလည်းကောင်း သင်ကြားပို့ချ ဆွေးနွေးခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

ရမည်းသင်းမြို့နယ်၌ မိုးရာသီသစ်ပင်စိုက်ပျိုးရေးပွဲတော် ကျင်းပ



ရမည်းသင်း ဇွန် ၂၉

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်၌ မိုးရာသီသစ်ပင်စိုက်ပျိုးရေးပွဲတော်အခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက သီလဝ ဂေါက်ကွင်းအတွင်း၌ ကျင်းပသည်။

မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားတွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိန်မြင့်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမောင်ရွှေသိန်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများ၊ စုစုပေါင်း ၁၂၀ တို့က တမာ၊ မယ်ဇလီ၊ စိန်ပန်း၊ မဟော်ဂနီ၊ သပြေဘူတ စသည့် ပျိုးပင်ပေါင်း ၅၀၀ တို့ကို စုပေါင်းစိုက်ပျိုးကြကြောင်း သိရသည်။

ဧော်ဝင်းအောင်(ရမည်းသင်း)



ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ် သရက်တပင်ကျေးရွာအုပ်စု (အထက) သရက်တပင်ကျောင်းဝင်း၌ ဇွန် ၂၆ ရက်က သစ်ပင်စိုက်ပျိုးပွဲ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးတင့်ထူးနှင့် အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးမျိုးသန့်တို့က စုပေါင်းစိုက်ပျိုးကြစဉ်။ ပေါက်စ(မင်းလှ)

ဆရာ ဆရာမများ၏ ပညာအရည်အသွေးမြင့်မားရေး ကြိုးစားဆောင်ရွက်ပေး

ဒေါက်တာသန့်စင် (ရူပဗေဒ)

ကျွန်တော်၏မိခင်သည် မူလတန်းပြဆရာမတစ်ဦးဖြစ်ပါသည်။ ယခုအခါ အငြိမ်းစားယူပြီး အသက် ၉၅ နှစ်ရှိပြီဖြစ်ပါသည်။ ကျွန်တော်၏မိခင်ဘက်မှ အမျိုးများသည်လည်း အခြေခံပညာ ဆရာ ဆရာမ၊ ကျောင်းအုပ်၊ ပညာရေးမှူးအငြိမ်းစားများဖြစ်ကြပါသည်။ ကျွန်တော်သည် အခြေခံပညာရေးကို များစွာစိတ်ဝင်စားပါသည်။ ကျွန်တော် အထက်တန်းကျောင်းသားဘဝက ရူပဗေဒနှင့် သခ္ခါဘာသာရပ်ကို များစွာ စိတ်ဝင်စားခဲ့ပါသည်။ တက္ကသိုလ်ဝင်စာမေးပွဲတွင်လည်း သခ္ခါနှင့် ရူပဗေဒဘာသာရပ်ဂုဏ်ထူးဖြင့် မုံရွာမြို့ အထက (၁)မှ အောင်မြင်ခဲ့ပါသည်။

ရူပဗေဒနှင့် သခ္ခါကို ဘာကြောင့် စိတ်ဝင်စားရသနည်းဆိုသော် အထက်တန်းကျောင်းသားဘဝတွင် ထိုဘာသာရပ်နှစ်ခုကို သင်ကြားပေးသည့် ဆရာများသည် ဘာသာရပ်ကိုသင်ကြားရာတွင် အလွန်ကျွမ်းကျင်ပြီး ကျွန်တော်တို့ကို သင်ကြားနည်းမျိုးစုံဖြင့် စိတ်ဝင်စားအောင် သင်ကြားပေးပါသည်။ ဆရာ ဆရာမဦးရေ ပြည့်စုံစွာရှိခြင်းကြောင့်လည်း ပါဝင်ပါသည်။

ထိုအချိန်က သခ္ခါသင်ရာတွင် အက္ခရာသခ္ခါ၊ တြိဂုံမိုနိုမေတြီ၊ ဂျီသြမေတြီဘာသာရပ်သုံးခုကို ဆရာသုံးဦးက သီးခြားစီသင်ကြားပေးပါသည်။ ကျွန်တော်အားနေလျှင် သခ္ခါနှင့် ရူပဗေဒပုစ္ဆာများကိုသာ လေ့လာနေမိပါသည်။ ထိုဆရာများ စာသင်မည့်အချိန်ကိုသာ စောင့်နေမိသည်အထိ ဘာသာရပ်ကိုစိတ်ဝင်စားပါသည်။ သတိပြုမိသည်မှာ ထိုအချိန်က ဓာတုဗေဒဘာသာရပ်တွင် သင်ကြားနေသော ဆရာများမှာ မြို့နယ်မှ အလုပ်များဖြင့် အစည်းအဝေး မကြာခဏတက်နေရသောကြောင့် အစားထိုး ဆရာ ဆရာမများက ဝင်ရောက်သင်ကြားနေရပြီး ကျွန်တော်သည် ဓာတုဗေဒဘာသာကို ကောင်းစွာစိတ်မဝင်စားတော့ပါ။

ယခု ကျွန်တော်သည် တက္ကသိုလ်ဆရာ၊ ပညာရေးသုတေသန၊ ကျောင်းပြင်ပ ပညာရေးတို့တွင် ဝန်ထမ်းလုပ်သက် ၃၇ နှစ်ခန့်လုပ်ခဲ့ပြီး ဒုတိယညွှန်ကြားရေးမှူးချုပ်ရာထူးဖြင့် အငြိမ်းစားယူခဲ့ပါသည်။ ထို့ကြောင့် ပညာရေးကိုစိတ်ဝင်စားသဖြင့် ယခုဆောင်းပါးကိုရေးရခြင်းဖြစ်ပါသည်။ အခြေခံပညာ ဆရာ ဆရာမများသည် ကျောင်းသား ကျောင်းသူများကို စာပေသင်ကြားရေးတွင်သာမက အကျင့်စာရိတ္တ၊ ပြည်သူ့နီတိ၊ ပေါင်းသင်းဆက်ဆံရေး၊ မိမိကိုယ်မိမိ တာဝန်ယူတတ်မှု စသည်တို့ကိုပါ သင်ကြားပို့ချပေးနေရသော စံပြပုဂ္ဂိုလ်များဖြစ်ပါသည်။

တက္ကသိုလ်ကြီးနှစ်ခု၌ ဆရာ ဆရာမများကို အဓိကထား သင်ကြားမွေးထုတ်

မြန်မာနိုင်ငံတွင် အခြေခံပညာ ဆရာ ဆရာမ သုံးသိန်းတစ်သောင်းခန့်ရှိပါသည်။ ၂၀၂၄ - ၂၀၂၅ ပညာသင်နှစ်တွင် အခြေခံပညာကျောင်းများတွင် ကျောင်းအပ်နှံသူ ကျောင်းသား ကျောင်းသူဦးရေ ၇ ဒသမ ၃ သန်းကျော် ရှိကြောင်း သိရပါသည်။ ဆရာ ဆရာမများအတွက်

ဆရာ ဆရာမများသည် ဘာသာရပ်ဆိုင်ရာသာမက အခြားပြင်ပ ဗဟုသုတရရှိစေမည့် စာအုပ်စာပေများကို လေ့လာနေရန် လိုအပ်ပါသည်။ သို့မှသာ တပည့်များကို ပညာရေးအပြင် အခြားဗဟုသုတများကိုပါ ထည့်သွင်းသင်ကြားပေးနိုင်မည်ဖြစ်ပါသည်။ ကျောင်းသား ကျောင်းသူများ စာပေဖတ်ရှုရန် စာကြည့်တိုက်၊ ပြတိုက်များ လေ့လာစိတ်ဝင်စားစေရေး သင်ကြားလမ်းညွှန်ပြသ

မြန်မာနိုင်ငံတွင် ရန်ကုန်ပညာရေးတက္ကသိုလ်၊ စစ်ကိုင်းပညာရေးတက္ကသိုလ်ဟူသည့် တက္ကသိုလ်ကြီးနှစ်ခု၌ ဆရာ ဆရာမများကို အဓိကထားသင်ကြားမွေးထုတ်ပေးနေပြီး ဆရာအတတ်သင်ကောလိပ် ၂၅ ခုမှလည်းပါဝင်ကာ ဆရာ ဆရာမများ၏သင်ကြားရေးကို ပါဝင်ထောက်ပံ့ပေးနေပါသည်။

ဂရိလူမျိုး သမိုင်းပညာရှင် ဟီရိုဒိုးတပ်စ် (Herodotus) က **“ပညာရေးကိုတိုးတက်အောင်ပြုပြင်လိုလျှင် ဆရာကို ပြုပြင်ရမည်၊ ဆရာကို ပြုပြင်လိုလျှင် ဆရာအတတ်ပညာကို မြှင့်တင်ရမည်”**ဟု ပြောကြားခဲ့ပါသည်။

ဆရာတစ်ဦးသည် စာပေအရည်အသွေး (Academic Qualification) ရှိရမည့်အပြင် ဆရာအတတ်ပညာအရည်အသွေး (Teacher Education Qualification)လည်းရှိရန် လိုအပ်ပါသည်။ ထို့အတူ အရည်အသွေးရှိ ပညာရေးသို့ဦးတည်ရာတွင် ဆရာ၏လစာ၊ ဆရာ၏ လူမှုစီးပွားဘဝ၊ ဆရာ၏ ဂုဏ်သိက္ခာနှင့် ဆရာ၏ကျင့်ဝတ်များ ကောင်းမွန်၊ ခိုင်မာရေးသည်လည်း အဓိကကျပါသည်။ ဆရာ ဆရာမများအတွက် ထိုက်တန်လျော်ကန်သည့် ကူညီပံ့ပိုးမှုအစီအစဉ်များကိုလည်း နိုင်ငံတော်က ပံ့ပိုးပေးလျက်ရှိပါသည်။ ကျောင်းများကိုအုပ်ချုပ်သည့် ကျောင်းစီမံအုပ်ချုပ်မှုကဏ္ဍသည်လည်း အရည်အသွေးရှိ ပညာရေးသူ့ဦးတည်ရာတွင် အရေးကြီးသည့်အချက်တစ်ချက်ဖြစ်ပါသည်။

ဆရာ ဆရာမများအတွက် စာပေပညာနှင့် ဆရာအတတ်ပညာကို တစ်ပြိုင်နက် သင်ကြားပေးသည့်စနစ်များရှိသလို စာပေပညာတတ်မြောက်ပြီးမှ ဆရာအတတ်ပညာကို ထပ်ဆင့်သင်ယူသည့်ပုံစံ (Consecutive Model) များကို နည်းအမျိုးမျိုးဖြင့် နိုင်ငံအသီးသီးတွင် ဆရာများ ပညာရည်မြင့်မားရန် သင်ကြားပေးလျက်ရှိပါသည်။

သင်ပြနည်းမျိုးစုံဖြင့် သင်ကြားနေရ

ဆရာ ဆရာမများက စာသင်ခန်းအတွင်းရှိ ကျောင်းသား ကျောင်းသူများကို စာပေသင်ကြားရာတွင် သင်ပြနည်းမျိုးစုံဖြင့် သင်ကြားနေရပါသည်။အဘယ်ကြောင့်ဆိုသော် ကျောင်းသား ကျောင်းသူများသည် ဉာဏ်ရည်ဉာဏ်သွေး၊ အကျင့်နှင့် တစ်ကိုယ်ရေစာပေကို စိတ်ဝင်စားမှုချင်း တစ်ဦးနှင့်တစ်ဦး မတူကြပါ။

ပုံပြောသင်ပြနည်း၊ မေးခွန်းနှင့်အဖြေပြော၍ သင်ပြနည်း၊ ဟောပြောဆွေးနွေးသင်ပြနည်း၊ သရုပ်ပြသင်ကြားနည်း၊ လက်တွေ့စမ်းသပ်ခန်းအသုံးပြု၍ သင်ကြားနည်း၊ ကွင်းဆင်းလေ့လာသင်ကြားနည်း၊ အုပ်စုဖွဲ့သင်ကြားနည်း၊ အပြန်အလှန်ပြောဆိုသင်ကြားနည်း စသည်ဖြင့် သင်ကြားနည်း မြောက်မြားစွာရှိပါသည်။ အဓိကမှာ ကျောင်းသား ကျောင်းသူများကို ပညာရပ်ဆိုင်ရာများ သင်ကြားပေးသည့်အပြင် ကျောင်းသား ကျောင်းသူများ၏ လူနှင့်စိတ်ကိုပါ ပြုပြင်ပေးသည့် သင်ပြပေးသည့်စနစ်မှာ အကောင်းဆုံးဖြစ်ပါသည်။

အခြေခံပညာ မူလတန်း၊ အလယ်တန်း၊ အထက်တန်းပြဆရာ ဆရာမများတွင် မူလတန်းပြဆရာ ဆရာမဦးရေက ပိုမိုများပြားပါသည်။ ဆရာ ဆရာမများ၏ ရာထူးအဆင့်ဆင့် တိုးတက်ပြောင်းရွှေ့ပေးရေးသည်လည်း ဆရာ ဆရာမများ၏ဘဝတွင် အရေးကြီးသည့် လုပ်ငန်းစဉ်တစ်ခုဖြစ်ပါသည်။ သင့်လျော်သည့်အချိန်တွင် ရာထူးတိုးပေးခြင်း၊ ဆရာ ဆရာမများ၏ ဆန္ဒပြုသည့်နေရာနှင့် အနီးဆုံးနေရာများသို့ ပြောင်းရွှေ့ပေးခြင်းသည် ဆရာ ဆရာမများ၏ စိတ်ဓာတ်ရွှင်လျက်နေရပ်မှုကို ဖြစ်ပေါ်စေပါသည်။

ဆရာ ဆရာမများသည် ဘာသာရပ်ဆိုင်ရာသာမက အခြားပြင်ပ ဗဟုသုတရရှိစေမည့် စာအုပ်စာပေများကို လေ့လာနေရန် လိုအပ်ပါသည်။ သို့မှသာ တပည့်များကို ပညာရေးအပြင် အခြားဗဟုသုတများကိုပါ ထည့်သွင်းသင်ကြားပေးနိုင်မည်ဖြစ်ပါသည်။ ကျောင်းသား ကျောင်းသူများ စာပေဖတ်ရှုရန် စာကြည့်တိုက်၊ ပြတိုက်များ လေ့လာစိတ်ဝင်စားစေရေး သင်ကြားလမ်းညွှန်ပြသပေးရပါမည်။

ယခုအခါ အစိုးရသစ်အနေဖြင့် မြန်မာနိုင်ငံ ပညာရေးကဏ္ဍအဆင့်မြှင့်တင်ရန် ကြိုးပမ်းဆောင်ရွက်နေပါသည်။ ဆရာ ဆရာမများ၏ အခန်းကဏ္ဍကိုလည်း မြှင့်တင်ရန် ပူးပေါင်းဆောင်ရွက်ကြပါစို့ဟု အကြံပြုရေးသားတင်ပြလိုက်ရပါသည်။ ။

❍ အာဆီယံဖလားမှ

ယင်းပြိုင်ပွဲကို ငါးသင်းနှစ်အုပ်စုခွဲ၍ ဇူလိုင် ၂၄ ရက်မှ သြဂုတ် ၂၆ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲဝင်တစ်သင်းလျှင် အုပ်စုလေးပွဲကို အိမ်ကွင်းနှစ်ပွဲ၊ အဝေးကွင်း နှစ်ပွဲ ကစားရမည်ဖြစ်သည်။ အုပ်စုခွဲဝေထားမှုအရ အုပ်စု (A) တွင် ဗီယက်နမ်၊ အင်ဒိုနီးရှား၊ စင်ကာပူ၊ ကမ္ဘောဒီးယား၊ တီမော၊ အုပ်စု (B) တွင် ထိုင်း၊ မလေးရှား၊ ဖိလစ်ပိုင်၊ မြန်မာ၊ လာအိုအသင်းတို့ ပါဝင်နေသည်။ မြန်မာအသင်းသည် အုပ်စုပွဲများအနက် မလေးရှား၊ လာအိုအသင်းတို့နှင့်ပွဲများကို အိမ်ကွင်း၊ ဖိလစ်ပိုင်၊ ထိုင်းအသင်းတို့နှင့်ပွဲများကို အဝေးကွင်း ကစားရမည်ဖြစ်သည်။ မြန်မာအသင်းသည် အိမ်ကွင်းနှစ်ပွဲအနက် မလေးရှားအသင်းနှင့်ပွဲကို ဇူလိုင် ၂၅ ရက်တွင် သုဝဏ္ဏကွင်း၊ လာအိုအသင်းနှင့်ပွဲကို သြဂုတ် ၄ ရက်တွင် သုဝဏ္ဏကွင်း၌ ကျင်းပမည်ဖြစ်ပြီး နှစ်ပွဲစလုံးကို ညနေ ၄ နာရီခွဲတွင် ကျင်းပမည်ဖြစ်သည်။ အဝေးကွင်းပွဲများအဖြစ် ဇူလိုင် ၂၈ ရက်တွင် ဖိလစ်ပိုင်အသင်း၊ သြဂုတ် ၈ ရက်တွင် ထိုင်းအသင်းနှင့် ကစားရမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် ယင်းပြိုင်ပွဲအတွက် စခန်းဝင်လေ့ကျင့်မှုများ ပြုလုပ်နေပြီး နည်းပြချုပ်အဖြစ် ဦးမျိုးလှိုင်ဝင်းက ကိုင်တွယ်နေသည်။ ဦးမျိုးလှိုင်ဝင်းသည် အာဆီယံဖလားပြိုင်ပွဲဝင် မြန်မာအသင်းကို နှစ်ကြိမ်ဆက်တိုက် ကိုင်တွယ်ခွင့်ရခြင်းဖြစ်သည်။

သတင်း-ညီမြတ်သော်တာ၊ ဓာတ်ပုံ-MFF

❐ တောင်အာဖရိကမှ

ကနေဒါအသင်းဟာ တောင်အာဖရိကအသင်းကို အနိုင်ရရှိခဲ့တာကြောင့် ၂၀၂၆ ခုနှစ် ကမ္ဘာဖလားပြိုင်ပွဲရဲ့ (၁၆)သင်းအဆင့်ကို ပထမဆုံးတက်ရောက်နိုင်ခဲ့တဲ့အသင်းအဖြစ် မှတ်တမ်းဝင်ခဲ့တာလည်း ဖြစ်ပါတယ်။ တောင်အာဖရိကအသင်းကို အနိုင်ရရှိခဲ့ပြီး ကမ္ဘာဖလား (၁၆) သင်းအဆင့်ကို တက်လှမ်းခွင့်ရရှိခဲ့တဲ့ ကနေဒါအသင်းဟာ နောက်တစ်ဆင့်မှာ မော်ရိုကိုအသင်းနဲ့ နယ်သာလန်အသင်းတို့ ပွဲစဉ်မှာ အနိုင်ရရှိတဲ့အသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာဖြစ်ပါတယ်။ **ဇွေကြေယ်**

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးနှင့် နယ်မြေလုံခြုံရေးတာဝန်များကို ထမ်းဆောင်ခဲ့သည့် အောင်ပွဲရရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆို

နေပြည်တော် ဇွန် ၂၉

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် ကယားပြည်နယ်အတွင်း စစ်ဆင်ရေးနှင့် နယ်မြေလုံခြုံရေးတာဝန်များကို ထမ်းဆောင်၍ အောင်ပွဲအလီလီရရှိခဲ့သည့် အောင်ပွဲရရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်းကို ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်မြို့ရှိ နယ်မြေခံတပ်ရင်း၌ ပြုလုပ်ရာ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည် မိသားစုဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံတိုင်းရင်းသားပြည်သူများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် တိုင်းရင်းသားရိုးရာအကအဖွဲ့များ တက်ရောက်ကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းရေးအတွက် ရှေ့တန်းစစ်ဖျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို နေ့မအားညမနား စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန် တပ်မတော်သားများအား တက်ရောက်လာကြသူများက အောင်သပြေခက်များ၊ ပန်းကုံးများဖြင့်လည်းကောင်း၊ အိုးစည်ဗိုးပတ်၊ အတီးအမှုတ်အကအခုန်များဖြင့်လည်းကောင်း ဝမ်းမြောက်စွာ သောင်းသောင်းဖြဖြ ကြိုဆိုဂုဏ်ပြုခဲ့ကြသည်။

ထို့နောက် တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက အောင်ပွဲရရှေ့တန်းပြန် တပ်မတော်သားများအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်



■ ကျောဖုံးမှ

ပြည်ထောင်စု မဖြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံး ညီညွတ်မှု မဖြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ပုဒ်မ ၄၀ (ခ) ပါ ပြည်ထောင်စုအစိုးရအဖွဲ့၏ တာဝန်ဝတ္တရားများအနက် တစ်ခုအပါအဝင် ပြည်ထောင်စုအတွင်း ရှိသမျှသော တိုင်းရင်းသားလူမျိုးစုများ၏ ဘာသာစကား၊ ယဉ်ကျေးမှုဓလေ့ထုံးတမ်းစဉ်လာများကို ထိန်းသိမ်းစောင့်ရှောက်ရန် ပြည်ထောင်စုအစိုးရအဖွဲ့ကို ပြဋ္ဌာန်းထားသည်အတိုင်း ပြည်ထောင်စုအတွင်း ရှိသမျှသော တိုင်းရင်းသားလူမျိုးစုများ၏ ဘာသာစကား၊ ယဉ်ကျေးမှုဓလေ့ထုံးတမ်းစဉ်လာများကို ထိန်းသိမ်းစောင့်ရှောက်ရန် နိုင်ငံသားတိုင်းတွင်တာဝန်ရှိကြသဖြင့် ထမ်းသင်တန်းများမှ သင်တန်းဆင်းခဲ့သည့် ပြည်သူ့စစ်မှုထမ်းနိုင်ငံ့သားကောင်းများသည် တာဝန်ကျရာ တပ်ရင်း/တပ်ဖွဲ့အသီးသီးတွင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဦးလည်မသုန်ကျေပွန်စွာ ထမ်းဆောင်နေကြပြီဖြစ်သည်။

ကျွန်တော် ဒီသင်တန်းကို တက်ရောက်ရတဲ့ ရည်ရွယ်ချက်ကတော့ မိမိနိုင်ငံနဲ့ တိုင်းပြည်အတွက် တာဝန်ကျေပွန်စေချင်တဲ့ စိတ်ကြောင့် တက်ရောက်ခဲ့ခြင်း ဖြစ်ပါတယ်။ သင်ကြားပေးမယ့် ဘာသာရပ်တွေနဲ့ ပတ်သက်ပြီးတော့ ကျွန်တော် အကောင်းဆုံးကြိုးစားအတွက် အကျိုးရှိစေမယ့် ရလဒ်တွေကို ရရှိမှာဖြစ်တဲ့အတွက် ကြောင့်မို့လို့ ကိုယ်ခွမ်းညာဏ်စွမ်းရှိသမျှကြိုးစားပြီးတော့ တက်ရောက်သင်ကြားပါလို့ ကျွန်တော်ပြောကြားချင်ပါတယ်။ ကျွန်တော်အခု သင်တန်းကာလသုံးလ ပြီးဆုံးသွားတဲ့အချိန်မှာ ကျွန်တော် ဒီစည်းကမ်းဥပဒေကို လိုက်နာချင်တဲ့အတွက် ဒီစစ်မှုထမ်းအပတ်စဉ် (၂၆) ကို လာရောက်တက်ရောက်ခဲ့ခြင်း ဖြစ်ပါတယ်။ အကောင်းဆုံးကြိုးစားသွားမှာပါ။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်ကိုယ်တိုင်က လည်း စိတ်ဝင်စားတယ်။ စစ်မှုထမ်းတာဝန် ပြီးဆုံးသွားရင်လည်း နောင်လာနောက်သားတွေကို ဒီလို ကောင်းတဲ့ အချက်အလက်လေးတွေ ရှိတယ်ဆိုတာကို ပြန်ပြောပြသွားချင်တယ်။ ဒါကြောင့် သေချာလေး သင်ကြားဖို့ ဆုံးဖြတ်ချက်ချထားပါတယ်။

သတင်းစဉ်

❖





ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ် (၂၆) သင်တန်းဖွင့်ပွဲ ကျင်းပစဉ်။

ယင်းတာဝန်များကို ထမ်းဆောင်နိုင်ရေးအတွက် စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်၏ ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်နိုင်ရန် ရည်ရွယ်၍ ပြည်သူ့စစ်မှုထမ်း ဥပဒေကို ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်တွင် စတင်အာဏာတည်စေခဲ့ပြီး ပြည်သူ့စစ်မှုထမ်း သင်တန်းများကို ဖွင့်လှစ်သင်ကြားပေးခဲ့သည်။ အဆိုပါပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ် (၂၆) မှ နိုင်ငံ့သားကောင်းလူငယ်များအဖြစ် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဂုဏ်ယူစွာထမ်းဆောင်ရန် သင်တန်း တက်ရောက်ကြမည့် သင်တန်းသားများ၏ စကားသံများကိုလည်း ယခုလိုပဲ ကြားသိရပါသည် -

ယနေ့တွင် ဖွင့်လှစ်လိုက်သည့် ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၂၆)မှ နိုင်ငံ့သားကောင်းလူငယ်များအဖြစ် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဂုဏ်ယူစွာထမ်းဆောင်ရန် သင်တန်း တက်ရောက်ကြမည့် သင်တန်းသားများ၏ စကားသံများကိုလည်း ယခုလိုပဲ ကြားသိရပါသည် -

သွားမယ်လို့ ပြောကြားချင်ပါတယ်။ ကျွန်တော်နဲ့အတူတူ သင်တန်း တက်ရောက်မယ့် သူငယ်ချင်းတွေကို ပြောကြားချင်တာကတော့ ကျွန်တော်တို့ တပ်မတော်မှာ စိတ်ဓာတ်ကောင်းတာတွေ စည်းကမ်းကောင်းတာ နောက်တစ်ခုက စစ်နည်းပဏ္ဍာဟာတွေ သင်ကြားပေးမှာဖြစ်တဲ့အတွက်ကြောင့်မို့လို့ ဒီဘဝတာဝန်ကျတဲ့ တပ်ရင်းတွေမှာပဲ တပ်မတော်မှပေးအပ်တဲ့ တာဝန်တွေကို ကျေပွန်စွာနဲ့ ထမ်းဆောင်သွားမှာပါ။

၂။ ကျွန်တော့်ရည်ရွယ်ချက်ကတော့ ကျွန်တော်က မြန်မာနိုင်ငံသား တစ်ယောက်လည်းဖြစ်တယ်။ ရခိုင်တိုင်းရင်းသား တစ်ယောက်လည်း ဖြစ်တဲ့အတွက်ကြောင့် မြန်မာနိုင်ငံက ချမှတ်ထားတဲ့





ကျောင်းကုန်းမြို့၌ မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဝတ်စားဆင်ယင်မှုသရုပ်ပြပွဲ ကျင်းပ

ကျောင်းကုန်း ဇွန် ၂၉

ဇူလိုင်လ (၃) ရက်နေ့တွင် ကျရောက်မည့် နှစ်(၃၀)ပြည့် မြန်မာ အမျိုးသမီးများနေ့ကို ကြိုဆို ဂုဏ်ပြုသောအားဖြင့် မြို့နယ်အမျိုးသမီးရေးရာ အဖွဲ့က ကြီးမှူးကျင်းပသည့် ဝတ်စားဆင်ယင်မှုသရုပ်ပြပွဲကို ယနေ့ နံနက်ပိုင်းက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အေးချမ်းသာယာခန်းမ၌ ကျင်းပသည်။



အခမ်းအနားကို မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မြစန္ဒာညိုက ဝတ်စားဆင်ယင်မှု သရုပ်ပြပွဲ ကျင်းပရခြင်း အကြောင်းနှင့် ၂၀၂၆ ခုနှစ် ခြောက်လတာကာလ အတွင်း လုပ်ငန်း ဆောင်ရွက်ခဲ့မှုမှတ်တမ်းများကို ပရိုဂျက်တာဖြင့် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များက "ယဉ်တစ်ကိုယ်မယ်"သီချင်းဖြင့် သရုပ်ပြဖျော်ဖြေပြီး ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နန့်သီတာချိုစင်နှင့် မိတ်ဖက် အဖွဲ့အစည်းများက အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

ဝင်းကြိုင်(ပြန်/ဆက်)

- အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။
- အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။



လေယာဉ်အမှတ် MH370 ရှာဖွေရေး သဘောတူညီချက်သက်တမ်းတိုးမြှင့်

ကွာလာလမ်ပူ ဇွန် ၂၉

မလေးရှားလေကြောင်းလိုင်းမှ ပျောက်ဆုံးခဲ့သည့် လေယာဉ်အမှတ် MH370 ၏ အစိတ်အပိုင်းများအား အိန္ဒိယသမုဒ္ဒရာတောင်ပိုင်းရှိ ရေအောက်ထဲတွင် ရှာဖွေသည့်လုပ်ငန်းဆောင်ရွက်ရန်အတွက် မလေးရှားအစိုးရနှင့် ရှာဖွေရေးကုမ္ပဏီ Ocean Infinity ကြား သဘောတူညီချက်ကို တစ်နှစ်သက်တမ်းတိုးခဲ့ကြောင်း မလေးရှားပို့ဆောင်ရေးဝန်ကြီး အန်ထော်နီလိုကီဆီဖေ့က ဇွန် ၂၉ ရက်တွင် ပြောကြားသည်။

သဘောတူညီချက် သက်တမ်းတိုးသည့်ကာလသည် ယခုနှစ် ဇူလိုင် ၁ ရက်မှ ၂၀၂၇ ခုနှစ် ဇွန် ၃၀ ရက်အထိ အကျုံးဝင်မည်ဟု သိရသည်။

ယခုသက်တမ်းတိုးခဲ့သည့် သဘောတူညီချက်သည် မူလက သဘောတူညီချက်များအတိုင်း မပြောင်းလဲဘဲတည်ရှိမည်ဖြစ်ပြီး ပျောက်ဆုံးခဲ့သည့် လေယာဉ်အစိတ်အပိုင်းကို မတွေ့ရှိပါက အစိုးရအနေဖြင့် ရှာဖွေရေးကုမ္ပဏီအား အခကြေးငွေ တစ်စုံတစ်ရာပေးရန်မလိုအပ်ကြောင်း သဘောတူညီချက်တွင် သတ်မှတ်ထားသည်။ သို့ရာတွင် လေယာဉ်အစိတ်အပိုင်းရှိသည့်နေရာကို ဖော်ထုတ်နိုင်ကအစိုးရအနေဖြင့် ရှာဖွေရေးကုမ္ပဏီအား ကန်ဒေါ်လာသန်း ၇၀ ပေးရမည်ဟုလည်း သဘောတူညီချက်အရ သိရသည်။ ယခုကဲ့သို့ သဘောတူညီချက်ကို သက်တမ်းတိုးခြင်းဖြင့် ရှာဖွေရေးကုမ္ပဏီအနေဖြင့် ရေအောက် စတုရန်းကီလိုမီတာ ၇၄,၈၅၄ အကျယ်အဝန်းတွင် ထပ်မံရှာဖွေရမည်ဖြစ်သည်။

MH370 ပျောက်ဆုံးမှုသည် ၂၀၁၄ ခုနှစ် မတ် ၈ ရက်တွင် ဖြစ်ပွားခဲ့သော မတော်တဆမှုတစ်ခုဖြစ်ပြီး ကွာလာလမ်ပူမှ တရုတ်နိုင်ငံ ပေကျင်းသို့ ပျံသန်းနေသော လေယာဉ်သည် ခရီးသည် ၂၃၉ ဦးနှင့်အတူ ရေဒါမျက်နှာပြင်မှ ပျောက်ဆုံးသွားခဲ့သည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-စိုးသူရ

အာဖရိကဒေသဆိုင်ရာ အီဘိုလာရောဂါတိုက်ဖျက်ရေး စကြံတည်ထောင်

အာဒစ်အဘာဘာ ဇွန် ၂၉

အာဖရိကဒေသတွင်း အီဘိုလာရောဂါတိုက်ဖျက်ရေးအတွက် အာဖရိကကူးစက်ရောဂါကာကွယ်ထိန်းချုပ်ရေးစင်တာ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ယူဂန်ဒါအစိုးရတို့အကြား ဒေသတွင်း ရောဂါထိန်းချုပ်ဖူဓီမံခန့်ခွဲရေးအထောက်အကူပြု ပူးပေါင်းအဖွဲ့ တရားဝင်ဖွဲ့စည်းခဲ့ကြောင်း သိရသည်။

ဒေသတွင်း ကျန်းမာရေးဆိုင်ရာ အရေးပေါ်အခြေအနေများနှင့် အီဘိုလာရောဂါထိန်းချုပ်ရေးအတွက် ဆောင်ရွက်ခြင်းဖြစ်သည်။

ယခုဖွဲ့စည်းသည့်အဖွဲ့သည် လက်ရှိဖြစ်ပွားနေသော Bundibugyo အီဘိုလာမိုင်းရပ်စ်ရောဂါ တုံ့ပြန်မှုကို ပံ့ပိုးပေးမည်ဖြစ်ပြီး အာဖရိက၏ ပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေများအတွက် ပြင်ဆင်ခြင်း၊ ညှိနှိုင်းဆောင်ရွက်ခြင်းနှင့် တုံ့ပြန်ခြင်း စွမ်းရည်ကို အားကောင်းစေရန် ပေါင်းစည်းထားသော လုပ်ငန်းလည်ပတ်မှု စကြံတစ်ခုကို တည်ထောင်ဆောင်ရွက်မည်ဟု သိရသည်။

"ယခုဆောင်ရွက်ချက်သည် အာဖရိက၏ ပြည်သူ့ကျန်းမာရေးအရေးပေါ်အခြေအနေကို တုံ့ပြန်ရာတွင် အားကောင်းစေရန် သိသာထင်ရှားသော မှတ်တိုင်တစ်ခုဖြစ်ပြီး အာဖရိကကူးစက်ရောဂါကာကွယ်ထိန်းချုပ်ရေးစင်တာ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် အာဖရိကသမဂ္ဂအဖွဲ့ဝင်နိုင်ငံများအကြား ပိုမိုရှုပ်ထွေးလာသော ပြည်သူ့ကျန်းမာရေးခြိမ်းခြောက်မှုများကို ညှိနှိုင်းဆောင်ရွက်နိုင်မည်ဖြစ်ပြီး နိုင်ငံအလိုက် ဦးဆောင်သော တုံ့ပြန်မှုများကို တည်ဆောက်ရန် မျှဝေထားသော ကတိကဝတ်ကို ထင်ဟပ်စေသည်ဟု" အာဖရိက ကူးစက်ရောဂါကာကွယ်ထိန်းချုပ်ရေးစင်တာ၏ ထုတ်ပြန်ချက်အရ သိရသည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-စိုးသူရ



ငလျင်ဒဏ်သင့် ဗင်နီဇွဲလားနိုင်ငံသို့ တရုတ်နိုင်ငံက အကူအညီများပေးအပ်

ပေကျင်း ဇွန် ၂၉

တရုတ်နိုင်ငံသည် ငလျင်အပြီး ကယ်ဆယ်ရေးနှင့် ပြန်လည်တည်ဆောက်ရေးအတွက် ဗင်နီဇွဲလားနိုင်ငံသို့ နောက်ထပ်အကူအညီများပေးအပ်ရန် ဆုံးဖြတ်ခဲ့ကြောင်း တရုတ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနပြောရေးဆိုခွင့်ရှိသူ ဂါအိုကိုကန်က ဇွန် ၂၉ ရက်တွင် ပြောကြားခဲ့သည်။

ယခုပေးအပ်သည့် အရေးပေါ်ပစ္စည်းအကူအညီသည် ယွမ် သန်း ၁၀၀ တန်ဖိုးရှိကြောင်း ပြောရေးဆိုခွင့်ရှိသူက မှတ်ချက်ပြုပြောကြားခဲ့သည်။

တရုတ်နိုင်ငံသည် ဗင်နီဇွဲလားနိုင်ငံတွင်ဖြစ်ခဲ့သည့် ငလျင်များ၏ ပြင်းထန်မှုကို အနီးကပ်စောင့်ကြည့်နေကြောင်းနှင့် ငလျင်ဒုက္ခများတွင် ဘေးအန္တရာယ်တုံ့ပြန်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် တရုတ်နိုင်ငံက ဂြိုဟ်တုပုံရိပ်များကိုလည်း ပေးအပ်ခဲ့ကြောင်း ၎င်းကပြောကြားခဲ့သည်။

ဗင်နီဇွဲလားရှိ တရုတ်ကုမ္ပဏီများနှင့် ပြည်ပရောက် တရုတ်လူမျိုးများအသင်းအဖွဲ့များသည် အရေးပေါ်လိုအပ်သော စက်ယန္တရားများနှင့် ဆေးဝါးပစ္စည်းများကို ပေးအပ်ခဲ့ပြီး အသက်ရှင်ကျန်ရစ်သူများကို ရှာဖွေရန် ကယ်ဆယ်ရေးအဖွဲ့များကို ဖွဲ့စည်းခဲ့ကြောင်းနှင့် ဘေးအန္တရာယ်တုံ့ပြန်ရေးလုပ်ငန်းများ များပြားလာသည်နှင့်အမျှ တရုတ်နိုင်ငံသည် ကူညီရန်အသင့်ရှိနေကြောင်း ၎င်းက မှတ်ချက်ပြု ပြောကြားခဲ့သည်။

ကိုးကား-ဆင်ဟွာ၊ ဘာသာပြန် -စိုးသူရ

ကမ်းဝေးကမ်းနီး ငါးဖမ်းရေယာဉ်များ ရာသီဥတုဆိုးရွားချိန်များတွင် လှိုင်းဒဏ်၊ လေဒဏ်များ ခိုလှုံနိုင်ရန် တည်နေရာများဖော်ပြ

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနသည် မြန်မာ့ပင်လယ်ငါးလုပ်ငန်းရေပြင်အတွင်း ငါးဖမ်းလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်နေသော နိုင်ငံသားပိုင် ကမ်းဝေး ငါးဖမ်းရေယာဉ်များနှင့် ကမ်းနီးငါးဖမ်းရေယာဉ်များအနေဖြင့် မုတ်သုံရာသီအတွင်း ရာသီဥတုဆိုးရွားချိန်များတွင် လှိုင်းဒဏ်၊ လေဒဏ်များ ခိုလှုံနိုင်ရန်အတွက် အောက်ဖော်ပြပါ တည်နေရာများ၌ ရာသီဥတုခိုလှုံနိုင်ပါကြောင်းကို (၉-၆-၂၀၂၆) ရက်စွဲပါ ညွှန်ကြားချက်အမှတ်၊ ၂/၂၀၂၆ ဖြင့် ထုတ်ပြန်ပေးထားပြီး ဖြစ်ပါသည် -

(က) ရခိုင်ပြည်နယ်၊ စစ်တွေမြို့နယ်၊ မင်းဂံချောင်းအတွင်း မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၂၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၅၈ မိနစ်။

(ခ) ရခိုင်ပြည်နယ်၊ ပေါက်တောမြို့နယ်၊ ဖရုံဂါကျွန်း မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၀၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၀၀ မိနစ်။

(ဂ) ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်၊ လေပွေ့ချောင်း မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၄ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၃ မိနစ်။

(ဃ) ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်၊ ဆင်ခေါင်းဆိပ်ကမ်း မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၃၁ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၁၃ မိနစ်။

(င) ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်၊ သဖြူချိုင်(ANDREW BAY) မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၂၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၀ မိနစ်။

(စ) ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့နယ်၊ သဘော်ဆိပ် မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၁၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၁၃ မိနစ်။

(ဆ) ရခိုင်ပြည်နယ်၊ ဂွမြို့နယ်၊ တင်းတောကျေးရွာအုပ်စု၊ အမော်ချိုင် မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၃၇ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၃၄ မိနစ်။

(ဇ) ဧရာဝတီတိုင်းဒေသကြီး၊ ပေတောမြို့နယ်၊ ဟိုင်းကြီးကျွန်း (HAINGYI ISLAND) မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၅၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၀ မိနစ်။

(ဈ) ဧရာဝတီတိုင်းဒေသကြီး၊ ပေတောမြို့နယ်၊ ပြင်ခရိုင်၊ ချောင်းဝကျေးရွာ မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၀၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၄.၄၀ မိနစ်။

(ည) ဧရာဝတီတိုင်းဒေသကြီး၊ ဘိုကလေးမြို့နယ်၊ ကဒုံကန်ကျေးရွာ မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၄၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၆ မိနစ်။

(ဋ) မွန်ပြည်နယ်၊ ရေးမြို့နယ်၊ ဝါးကျွန်း မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၁၁.၃၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၄၄ မိနစ်။

(ဌ) တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံမြို့နယ်၊ မောင်းမကန် ဘုတ်ကျွန်း(MIDDLE MOSCOS) မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၄၈ မိနစ်။

(ဍ) တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံမြို့နယ်၊ လောင်းလုံဘုတ်ကျွန်း(SOUTH MOSCOS) မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၄၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၅၄ မိနစ်။

(ဎ) တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့နယ်၊ တနင်္သာရီကျွန်း (TANINTHARYI ISLAND) မြောက်လတ္တီတွဒ် ၁၂ ဒီဂရီ ၃၄ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၅၂ မိနစ်။

(ဏ) တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမြို့နယ်၊ ပြင်စဘုကျွန်း (PYIN SA BU ISLAND) အရှေ့ဘက်ရေပြင် မြောက်လတ္တီတွဒ် ၁၁ ဒီဂရီ ၄၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၈ ဒီဂရီ ၀၅ မိနစ်။

၂။ နိုင်ငံသားပိုင် ကမ်းဝေးငါးဖမ်းရေယာဉ်များနှင့် ကမ်းနီးငါးဖမ်းရေယာဉ်များအား ရာသီဥတုခိုလှုံခွင့်ပြုရာနေရာ သတ်မှတ်ပေးထားခြင်းမှာ မုတ်သုံရာသီ ရာသီဥတုဆိုးရွားချိန်အတွင်း ငါးဖမ်းရေယာဉ်များနှင့် ရေလုပ်သားများ အန္တရာယ်ကင်းရှင်းလုံခြုံစွာ ကျွန်းခိုရပ်နားနိုင်ရန်အတွက် သတ်မှတ်ပေးထားခြင်းဖြစ်ပြီး ရာသီဥတုခိုလှုံသည်ကို အကြောင်းပြု၍ ကမ်းနီးဒေသအတွင်း ငါး/ပုစွန်ဖမ်းဆီးနေသည်ကို စစ်ဆေးတွေ့ရှိရပါက ထိရောက်စွာ အရေးယူခြင်းခံရမည်ဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်
ဆည်မြောင်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာန

အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများအား ဆက်လက်စစ်ဆေး ဆောင်ရွက်လျက်ရှိပြီး ပြည်ပနိုင်ငံသား ၁၂ ဦး ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ပြည်နှင်နိုင်ရေး စစ်ဆေးနိုင်ခဲ့



နေပြည်တော် ဇွန် ၂၉

နိုင်ငံတော်အစိုးရ အနေဖြင့် နယ်စပ်ဒေသများ၌ တရားမဝင် ဝင်ရောက်နေထိုင်ပြီး အွန်လိုင်း လောင်းကစားမှု၊ အွန်လိုင်း လိမ်လည်မှုအပါအဝင် ဒုစရိုက်မှု လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက် ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို စုံစမ်းစစ်ဆေးဖော်ထုတ်၍ သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်း ပေးအပ်လျက်ရှိသည်။

ထိုသို့ ပြည်နှင်လွှဲပြောင်းပေး လျက်ရှိရာ ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံ ဖြတ်သန်း၍ ကရင်ပြည်နယ် မြဝတီ မြို့ဝန်းကျင်ရှိ ဆိုက်များအတွင်းသို့ တရားမဝင် လမ်းကြောင်းမှ တစ်ဆင့် ဝင်ရောက်နေခဲ့သည့် တရုတ်နိုင်ငံသား ငါးဦး၊ အီသီယိုးပီးယားနိုင်ငံသား နှစ်ဦး၊ ဘူရွန်ဒီနိုင်ငံသား နှစ်ဦး၊ နမီးဘီးယား နိုင်ငံသား တစ်ဦး၊ လိုက်ဘီးရီးယား နိုင်ငံသား တစ်ဦးနှင့် ယူဂန္ဒာနိုင်ငံ သား တစ်ဦး စုစုပေါင်း ပြည်ပနိုင်ငံ သား ၁၂ ဦးကို ထပ်မံဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ပြီး ပြည်နှင်နိုင်ရေး စစ်ဆေးနိုင်ခဲ့သည်။

အဆိုပါ ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြန်လည် လွှဲပြောင်းပေးနိုင်ရေး အတွက် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့ များ၏ လိုအပ်သည့် ကိုယ်ရေး အချက်အလက်များနှင့် မှတ်တမ်း များ စာရင်းကောက်ယူခြင်းလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို မြဝတီ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေး မှူး ဦးရဲလင်းမောင်နှင့် တာဝန်ရှိသူ များက လိုက်လံကြည့်ရှုစစ်ဆေး ပြီး လိုအပ်သည်များ ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ပေးသည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ၂၀၂၆ ခုနှစ် ဇွန် ၂၉ ရက်အထိ မြဝတီ မြို့နယ်အတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပ နိုင်ငံသား စုစုပေါင်း ၁၄၇၃၀ ထိန်းသိမ်းနိုင်ခဲ့ကြောင်းနှင့် ၎င်း နိုင်ငံသားအားလုံးကို စစ်ဆေး ပြီးစီးခဲ့ပြီး ၎င်းတို့အနက်မှ ၁၃၅၅၃ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့် အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေး ခဲ့သည်။

လွှဲပြောင်းပေးအပ်ရန် ကျန်ရှိ သည့် ပြည်ပနိုင်ငံသား ၁၁၇၇ ဦး တွင် မြန်မာနိုင်ငံ လူဝင်မှုကြီးကြပ် ရေး (လတ်တလော)ပြဋ္ဌာန်းချက် များ အက်ဥပဒေပုဒ်မ ၃(၁)/၁၃(၁) နှင့် မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများ ဆိုင်ရာ ဥပဒေအရ အပြစ်ပေး အရေးယူခဲ့သည့် ပြည်ပနိုင်ငံသား ၆၆၂ ဦးရှိသည့်အတွက် ကျန်ရှိ သည့် ပြည်ပနိုင်ငံသား ၅၁၅ ဦးတို့ အား သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေ ပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်း စောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက် နေသူများနှင့် နောက်ကွယ်မှ ကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ် ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင် ရေး အိမ်နီးချင်းနှင့် ဒေသတွင်း နိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်း များနှင့် တက်ကြွစွာ ပူးပေါင်း ဆောင်ရွက်လျက် ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ခုက္ခ ရောက်နေကြသော နိုင်ငံခြားသား များနှင့် လူကုန်ကူးခံရသည့် နိုင်ငံ ခြားသားများကို သက်ဆိုင်ရာနိုင်ငံ များသို့အမြန်ဆုံး ပြည်နှင်လွှဲပြောင်း ပေးနိုင်ရေး ထိရောက်စွာ ညှိနှိုင်း ဆောင်ရွက်လျက်ရှိကြောင်း သိရ သည်။

သတင်းစဉ်



သရက်မြို့နယ်၌ အထွက်တိုးမျိုးနှင့် သွင်းအားစုများ ပေးအပ်

သရက် ဇွန် ၂၉

မကွေးတိုင်းဒေသကြီး သရက်မြို့နယ် သမဝါယမဦးစီးဌာနက နိုင်ငံတော်ထောက်ပံ့ငွေဖြင့် လူမှုစီးပွားမြှင့်တင်ရေး (သက်တန့်ရောင် စီမံကိန်း) အရင်းမပျောက်လည်ပတ်ရန်ပုံငွေဖြင့် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် မိုးစပါးပန်းတိုင်အထွက်နှုန်းရရှိနိုင်ရေးအတွက် အထွက်နှုန်းတိုးမျိုးများ နှင့် သွင်းအားစုခတ်မြေဩဇာများ ပံ့ပိုးပေးအပ်လျက်ရှိသည်။

ဦးစွာ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးမှူးက မိုးစပါးစီမံကိန်း ဆောင်ရွက်သော သရက်မြို့နယ် အင်းမငယ်ကျေးရွာ အာရုဏ်ဦး လယ်ယာနှင့် အထွေထွေစီးပွားရေးသမဝါယမအသင်းမှ အသင်းသား တောင်သူများနှင့်တွေ့ဆုံပြီး စီမံကိန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြား သည်။ ထို့နောက် မိုးစပါးစိုက်ပျိုးလျက်ရှိသည့် သမဝါယမအသင်း တစ်သင်းမှ စိုက်ကေ ၁၄၀ အတွက် ငွေကျပ် ၄၀၃၂၀၀၀ နှင့်ညီမျှသော အထွက် တိုးမျိုးနှင့် သွင်းအားစုများ ပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



ကျိုင်းတုံမြို့၌ အခွန်ပညာပေး ရှင်းလင်းဆွေးနွေးပွဲ ကျင်းပ

ကျိုင်းတုံ ဇွန် ၂၉

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ ပြည်တွင်းအခွန်ဦးစီးဌာနမှ စားသောက်ဆိုင်လုပ်ငန်းရှင်များအား အခွန်ပညာပေး ရှင်းလင်းပွဲကို ဇွန် ၂၉ ရက်က ကျင်းပသည်။

ရှင်းလင်းဆွေးနွေးပွဲတွင် ကျိုင်းတုံမြို့နယ် အခွန်ဦးစီးဌာနမှူး ဒေါ်ကေသွယ်ကျော်က အခွန်ကောက်ခံရသည့် ရည်ရွယ်ချက်များ အကြောင်း၊ စားသောက်ဆိုင်လုပ်ငန်းရှင်များအား ပြေစာများအပေါ် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာအကြောင်း စသည်ပြည်တွင်း အခွန်ဦးစီးဌာနက ဆောင်ရွက်လျက်ရှိသည့် အခွန်အကြောင်းသိကောင်း စရာများကို အသိပညာပေး ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

အောင်ဇင်မြင့်(ပြန်/ဆက်)

လျှင်ဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးလက်တွေ့လေ့ကျင့်

ပြည် ဇွန် ၂၉

ကွန်ပျူတာတက္ကသိုလ် (ပြည်) နှင့် ပြည်ခရိုင်ဘေးအန္တရာယ် ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သည့် လျှင် ဘေးအန္တရာယ်ဆိုင်ရာ အသိပညာ တိုးမြှင့်စေရန် ပညာပေးသင်ကြား မှုများနှင့် အရေးပေါ်အခြေအနေ များတွင် လုံခြုံစွာတုံ့ပြန်ဆောင် ရွက်နိုင်စေရေး လက်တွေ့လေ့ကျင့် ခြင်းကို ဇွန် ၂၅ ရက် နံနက်ပိုင်းက ကွန်ပျူတာတက္ကသိုလ် (ပြည်) ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပ သည်။



အခမ်းအနားတွင် ပြည်ခရိုင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဦးစီးဌာန ခရိုင်ဦးစီးမှူးရုံးမှ ဒုတိယ ညွှန်ကြားရေးမှူး ဒေါ်တင်တင်ချို က လျှင်ဘေးအန္တရာယ်ဆိုင်ရာ သိကောင်းစရာများကို ဟောပြော ဆွေးနွေးပြီး ကျောင်းသား ကျောင်းသူများက လက်တွေ့ သရုပ်ပြလေ့ကျင့်ခဲ့ကြရာ ခရိုင် သဘာဝဘေးအန္တရာယ် ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ ခရိုင်/မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့ များက အာဟာရဖြည့်စာသောက် ဖွယ်ရာများ ဝေငှပေးခဲ့သည်။

ဝဏ္ဏထွန်း(ပြန်/ဆက်)

ကောကရိတ်မြို့၌ မျိုးစပါးနှင့်မျိုးစေ့ချကိရိယာများ ပေးအပ်



ကော့ကရိတ် ဇွန် ၂၉

ကရင်ပြည်နယ် အစိုးရအဖွဲ့က ကော့ကရိတ်မြို့နယ်အတွင်းရှိ တောင်သူများအား မျိုးစပါးများ နှင့် မျိုးစေ့ချကိရိယာများ ပေးအပ် ပွဲကို ဇွန် ၂၇ ရက် နံနက်ပိုင်းက မြို့နယ်သမဝါယမဂိုဒေါင်၌ ကျင်းပ သည်။

ဦးစွာ ခရိုင်စီမံခန့်ခွဲရေး နှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဥက္ကာက အမှာစကားပြောကြား ပြီး ပြည်နယ်စိုက်မျိုးရေးဦးစီးဌာန ဒုတိယပြည်နယ် စိုက်မျိုးရေး ဦးစီးမှူး ဒေါ်နော်သူးလေထီးက မျိုးစပါးနှင့် မျိုးစေ့ချကိရိယာများ ပေးအပ်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ပေးအပ်

ဆက်လက်၍ တာဝန်ရှိသူ များက မိုးစပါးစိုက်တောင်သူ ၅၀ တို့အတွက် မျိုးစပါးအိတ် ၂၅၀ နှင့် မျိုးစေ့ချကိရိယာ ၃၀ ကို ပေးအပ်ခဲ့ကြောင်း သိရ သည်။

ခရိုင်(ပြန်/ဆက်)

ဓနုဖြူမြို့နယ်၌ တိရစ္ဆာန်စွန့်ပစ်ပစ္စည်းမှ သဘာဝမြေဩဇာပြုလုပ်ခြင်း သင်တန်းဖွင့်

ဓနုဖြူ ဇွန် ၂၉

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူ မြို့နယ်၌ တိရစ္ဆာန်စွန့်ပစ်ပစ္စည်း များမှ သဘာဝမြေဩဇာပြုလုပ် ခြင်းသင်တန်းကို ဇွန် ၂၅ ရက် ညနေပိုင်းက အဆိုပါဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပ သည်။

ပြောကြား

အခမ်းအနားတွင် မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီး ဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်မိုးလွင်က အမှာစကား ပြောကြားသည်။ ထို့နောက် မြို့နယ်မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာနမှူး ဒေါက်တာအိချို(ဧင် က သင်တန်းဖွင့်လှစ်ခြင်း



ရည်ရွယ်ချက်ကို ရှင်းလင်း ပြောကြားသည်။ အဆိုပါသင်တန်း ကို သင်တန်းသား ၂၀ ဖြင့် ဇွန် ၂၅ ရက်မှ ၂၆ ရက်အထိ သင်ကြား သွားမည်ဖြစ်ကြောင်း သိရသည်။

အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)



ကရင်ပြည်နယ် မြဝတီမြို့နယ် ရွှေကုက္ကိုလ်နယ်မြေရှိ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ လုပ်ကိုင်ခဲ့သည့် တရားမဝင် အဆောက်အအုံများအား ဖောက်ခွဲဖျက်ဆီးမှုကို တွေ့ရစဉ်။



ကရင်ပြည်နယ် မြဝတီခရိုင် ရွှေကုက္ကိုလ်နယ်မြေရှိ အွန်လိုင်းလိမ်လည် လောင်းကစားမှု လုပ်ကိုင်ခဲ့သည့် တရားမဝင် ခုနစ်ထပ် လူနေအဆောက်အအုံအား ယမ်းဖြင့် ဖောက်ခွဲဖျက်ဆီးပြီးမှုကို တွေ့ရစဉ်။

ရွှေကုက္ကိုလ်နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် တရားမဝင် ခုနစ်ထပ် လူနေအဆောက်အအုံ တစ်လုံးအား စနစ်တကျ ထပ်မံဖောက်ခွဲဖြိုချဖျက်ဆီး၊ တရားမဝင်လူနေအဆောက်အအုံ ၆၆ လုံး ဖြိုချဖျက်ဆီးပြီးဖြစ်

နေပြည်တော် ၆နှစ် ၂၉

အွန်လိုင်း လိမ်လည်လောင်းကစားမှုများကို အခြေချလုပ်ကိုင်ခဲ့ကြသည့် ကရင်ပြည်နယ် မြဝတီမြို့နယ် ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများရှိ တရားမဝင် အဆောက်အအုံများအား အပြီးတိုင်ဖြိုချဖျက်ဆီးခြင်းများနှင့် လုပ်ငန်းလုပ်ဆောင်ရာတွင် အသုံးပြုခဲ့သည့် ပစ္စည်းများအား စနစ်တကျဖျက်ဆီးခြင်းများကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ တရားမဝင် ခုနစ်ထပ် လူနေအဆောက်အအုံ တစ်လုံးကို ထပ်မံ၍ စနစ်တကျ ဖောက်ခွဲဖြိုချဖျက်ဆီးခဲ့ကြောင်း သိရသည်။

ရွှေကုက္ကိုလ်နယ်မြေအတွင်း၌ အွန်လိုင်းလိမ်လည် လောင်းကစားလုပ်ငန်းများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် အဆောက်အအုံ ၇၇ လုံးအနက် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၅၅ လုံးနှင့် ဖောက်ခွဲဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၅၅ လုံးနှင့် ဖောက်ခွဲဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၅၀ ဟူ၍ အဆောက်အအုံ အမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ပြီး စနစ်တကျ ဖြိုချဖျက်ဆီးလျက်ရှိရာ ယနေ့တွင် ဖောက်ခွဲ၍ ဖြိုချဖျက်ဆီးရန် သတ်မှတ်ထားသည့် အဆောက်အအုံ အလုံး ၂၀ အနက် ခုနစ်ထပ် လူနေအဆောက်အအုံ တစ်လုံးကို စနစ်တကျ ထပ်မံဖောက်ခွဲဖျက်ဆီးခဲ့ကြောင်း သိရသည်။

ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များအနေဖြင့် ယနေ့အထိ အွန်လိုင်းလိမ်လည် လောင်းကစားလုပ်ငန်းများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် တရားမဝင် အဆောက်အအုံ စုစုပေါင်း ၆၆ လုံးအား စနစ်တကျ ဖြိုချဖျက်ဆီးပြီး ဖြစ်ကြောင်းနှင့် ဖျက်ဆီးရန် ကျန်ရှိသည့် တရားမဝင် အဆောက်အအုံ ၁၁ လုံးကိုလည်း ဆက်လက်၍ စနစ်တကျ ဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



သင်္ကန်းကျွန်းပညာရေးဒီဂရီကောလိပ် ကြက်ခြေနီအသင်းခွဲ ရှေးဦးပြုစုခြင်း(အခြေခံ) သင်တန်းဆင်းပွဲ ကျင်းပ

ရန်ကုန် ၆နှစ် ၂၉

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် သင်္ကန်းကျွန်းပညာရေးဒီဂရီကောလိပ် ကြက်ခြေနီအသင်းခွဲ ရှေးဦးပြုစုခြင်း(အခြေခံ) သင်တန်းဆင်းပွဲနှင့် စုပေါင်းသွေးလှူဒါန်းပွဲကို ၆နှစ် ၂၆ ရက်က ကျင်းပသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဗိုလ်ဌေးက သင်တန်းဆင်း အမှာစကားပြောကြားပြီး သင်တန်းအမှတ်စဉ်(၁/၂၀၂၆)၌ ထူးချွန်စွာအောင်မြင်ခဲ့ကြသူ သုံးဦးအား ဆုများချီးမြှင့်ခဲ့သည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌက သင်တန်းအမှတ်စဉ်(၂/၂၀၂၆)၌ ထူးချွန်ဆုရရှိသူ သုံးဦးအား လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး ပြန်ကြားရေး၊ ကယ်ဆယ်ရေးနှင့် သာသနာရေးဝန်ကြီး ဦးနေလင်းထွန်းက သင်တန်းအမှတ်စဉ်(၃/၂၀၂၆)၌ ထူးချွန်ဆုရရှိသူ သုံးဦးအား လည်းကောင်း၊ သင်္ကန်းကျွန်းခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်မိုးထိုက်က သင်တန်းအမှတ်စဉ်(၄/၂၀၂၆)၌ ထူးချွန်ဆုရရှိသူ သုံးဦးအား လည်းကောင်း ဆုများချီးမြှင့်ခဲ့သည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီ အမှုဆောင်အဖွဲ့ဝင်က သင်တန်းဆင်းအောင်လက်မှတ်များပေးအပ်ခဲ့သည်။ ဆက်လက်၍ သင်တန်းသား သင်တန်းသူများက ရှေးဦးပြုစုခြင်း စွမ်းရည်ပြသခဲ့ကြပြီး သင်္ကန်းကျွန်းပညာရေးဒီဂရီကောလိပ် ကျောင်းအုပ်ကြီး ဒေါ်နှင်းကြူဦးက ကြက်ခြေနီအသင်းဝင်အဆိုပြုလွှာ ပေးအပ်ခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

တောင်ဥက္ကလာပမြို့နယ်၌ မီးဘေးကာကွယ်ရေး သရုပ်ပြ

ရန်ကုန် ၆နှစ် ၂၉

မီးဘေးအန္တရာယ်နှင့် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် အသိပညာပေးဟောပြောခြင်းနှင့် လက်တွေ့သရုပ်ပြသခြင်းကို တောင်ဥက္ကလာပမြို့နယ် မီးသတ်ဦးစီးဌာနက ၆နှစ် ၂၆ ရက်တွင် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ ဆောင်ရွက်သည်။

ဦးစွာ မြို့နယ်မီးသတ်ဦးစီးမှူး ဦးဇင်မင်းက ဘေးအန္တရာယ်ကျရောက်လာပါက ကြိုတင်ကာကွယ်နိုင်မည့် နည်းလမ်းများကို ရှင်းလင်းဟောပြောရာ ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးခဲ့ကြပြီး မီးဘေးနှင့် သဘာဝဘေးအန္တရာယ်ကျရောက်ပါက အသုံးပြုသည့်ပစ္စည်းများနှင့် အသုံးပြုပုံ အဆင့်ဆင့်တို့အား လက်တွေ့သရုပ်ပြသင်ကြားခဲ့ကြောင်း သိရသည်။

ခင်ဆွေနှင်း(ပြန်/ဆက်)





ဘုတ်ပြင်းမြို့၌ သီးသန့်မီးသတ်တပ်ဖွဲ့ဝင်များ အကြိုအခြေခံမီးသတ်ပညာသင်တန်း ဖွင့်လှစ်

ဘုတ်ပြင်း ၆နှစ် ၂၉

တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းမြို့တွင် သီးသန့်မီးသတ်တပ်ဖွဲ့ဝင်များ အကြိုအခြေခံမီးသတ်ပညာသင်တန်း(၁/၂၀၂၆)ဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းက မြို့နယ်မီးသတ်ဦးစီးမှူးရုံး၌ ကျင်းပသည်။

ဦးစွာ ဘုတ်ပြင်းမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီက အမှာစကားပြောကြားသည်။

အဆိုပါ သင်တန်းသို့ ဘုတ်ပြင်းမြို့နယ်အတွင်းရှိ ဧရာ၊ စက်သုံးဆီသိုလှောင်/ဖြန့်ဖြူး/ရောင်းချနေသည့် လုပ်ငန်းများ၊ ဟိုတယ်၊ တည်းခိုခန်း လုပ်ငန်းများနှင့် စက်ရုံ၊ ကုမ္ပဏီ စသည်တို့မှ သင်တန်းသား ၅၀ တက်ရောက်ကြပြီး ၆နှစ် ၂၉ ရက်မှ ဇူလိုင် ၁၀ ရက်အထိ စာတွေ့၊ လက်တွေ့ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

ဗျာပုံမြို့၌ ပျားမွေးမြူရေး ပြည်သူပညာပေးသင်တန်းဖွင့်

ဗျာပုံ ၆နှစ် ၂၉

ဧရာဝတီတိုင်းဒေသကြီး ဗျာပုံမြို့နယ်တွင် ခရိုင်/မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သည့် ပျားမွေးမြူရေး ပြည်သူပညာပေးသင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက ဗျာပုံမြို့နယ် ငါးလုပ်ငန်းသင်တန်းကျောင်း၌ ပြုလုပ်သည်။

ဦးစွာ ဗျာပုံခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်လွင်ဦးက အမှာစကားပြောကြားပြီး ဗျာပုံခရိုင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါက်တာ ဆောင်းနွင်းဖြူတို့က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါ သင်တန်းသို့ ဗျာပုံခရိုင်အတွင်းရှိ(ဗျာပုံ၊ ကျိုက်လတ်၊



ဒေးဒရဲ၊ ဘိုကလေး)မြို့နယ်များမှ စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် တောင်သူများ စုစုပေါင်း ၂၀ အား ပျားမွေးမြူရေးဌာနမှ တာဝန်ရှိသူများက နှစ်ရက်ကြာ စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

ရောဝတီတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ပုသိမ်ခရိုင်ပြည်သူ့စာကြည့်တိုက်ရှိ လုပ်ငန်းဆောင်ရွက်နေမှုများ ကြည့်ရှုအားပေး

ပုသိမ် ဇွန် ၂၉

ရောဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ပြည်သူ့စာကြည့်တိုက်တွင် စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်၍ စာဖတ်ရှုသူပိုမိုများပြားလာစေရေး လုပ်ငန်းဆောင်ရွက်နေမှုများအား ရောဝတီတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးခင်မောင်ကြည်နှင့် တာဝန်ရှိသူများက ယနေ့မွန်းလွဲပိုင်းတွင် ကြည့်ရှုအားပေးသည်။

လျှပ်ခါန်းပေးအပ်

ဦးစွာ ရောဝတီတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများသည် ပုသိမ်ခရိုင် ပြည်သူ့စာကြည့်တိုက်က စာအုပ်စာစောင် ငှားရမ်းနေမှုများ၊ သုတ၊ ရသ စာအုပ်များ ခင်းကျင်းထားရှိမှု



နှင့် DLMS စနစ်ဖြင့် စာအုပ်စာရင်းသွင်း ထားရှိမှုများကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီး ကြည့်ရှုစစ်ဆေးရာ ဌာန တိုင်းဒေသကြီး ညွှန်ကြားရေးမှူး ဒေါ်ဖြူဖြူရည်က ရှင်းလင်းတင်ပြခဲ့ပြီး တိုင်းဒေသကြီးဝန်ကြီးက လိုအပ်သည်များ မှာကြားကာ စာအုပ်စာစောင်များ လျှပ်ခါန်းပေးအပ်ခဲ့သည်။

ပုသိမ်ခရိုင် ပြည်သူ့စာကြည့်တိုက် အနေဖြင့် ပြည်သူများ အသိပညာများရရှိစေရန် အွန်လိုင်းမှတစ်ဆင့် အသိပညာပေးလုပ်ငန်းများဆောင်ရွက်ခြင်း၊ ရွှေလျားစာကြည့်တိုက်ကားဖြင့် အခြေခံပညာကျောင်းများသို့ သွားရောက်၍ စာအုပ်စာစောင်များငှားရမ်းခြင်း၊ နံရံကပ်စာစောင်ပြသပေးခြင်းနှင့် အသိပညာပေးဟောပြောခြင်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

ပြည်သူ့ထံမှ ပေးစာများ ပေးပို့လိုပါလျှင်

ပြည်သူ့ထံမှ ပေးစာကဏ္ဍသို့ ပေးပို့လိုပါက ပေးပို့သူ၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ် မိတ္တူ၊ နေရပ်လိပ်စာအပြည့်အစုံ ရေးသားဖော်ပြ၍ ပြည်သူ့ထံမှ ပေးစာကဏ္ဍ၊ ကြေးမုံသတင်းစာတိုက် အမှတ်(၇၇)၊ (၅၂) လမ်း (မဟာဗန္ဓုလလမ်းထောင့်)ပုဇွန်တောင်မြို့နယ် ရန်ကုန်မြို့နှင့် themirror.npt@gmail.com သို့ လိပ်မူပေးပို့နိုင်ပါသည်။



ပွင့်ဖြူမြို့နယ်၌ သမဝါယမအသင်းသား တောင်သူများအား မျိုးနှင့်သွင်းအားစုများပေးအပ်

ပွင့်ဖြူ ဇွန် ၂၉

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ သမဝါယမအသင်းသားများအား မျိုးနှင့်သွင်းအားစုများပေးအပ်ပွဲကို ဇွန် ၂၈ ရက်က လက်ပန္ဓယ်ကျေးရွာ ရွှေနွယ်မြေလယ်/ထွေ သမဝါယမအသင်းဥက္ကဋ္ဌနေအိမ်၌ ကျင်းပသည်။

ဦးစွာ မကွေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးအေးဝင်းက စီမံကိန်းနှင့်ပတ်သက်သည့် လုပ်ငန်းများကို ရှင်းလင်းပြောကြားပြီး မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သဇင်ဦးက မျိုးနှင့်သွင်းအားစုများ ပေးအပ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက လက်ပန္ဓယ်ကျေးရွာ ရွှေနွယ်မြေလယ်/ထွေသမဝါယမအသင်းမှ အသင်းသား ၂၁ ဦးအား တစ်ဧကလျှင် ငွေကျပ် ၃၀၄၅၀၀ နှုန်းဖြင့် မိုးစပါးစိုက်ဧက ၆၅ ဧကအတွက် စုစုပေါင်း ပံ့ပိုးငွေကျပ် ၁၉၇ ဒသမ ၉၂၅ သိန်းနှင့်ညီမျှသော မျိုးနှင့်သွင်းအားစုများ ပေးအပ်ခဲ့ကြောင်း သိရသည်။

လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)

ဟင်္သာတမြို့နယ်၌ ကောက်စိုက်စက်ဖြင့် လက်တွေ့သရုပ်ပြ စိုက်ပျိုးပွဲကျင်းပ

ဟင်္သာတ ဇွန် ၂၉

ရောဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ် ကုန်းကြီးကျေးရွာ၌ ခရိုင်နှင့်မြို့နယ် စက်မှုလယ်ယာဦးစီးဌာနကကြီးမှူး၍ ဇွန် ၂၆ ရက် နံနက်ပိုင်းတွင် ခြောက်တန်းသွားကောက်စိုက်စက်ဖြင့် လက်တွေ့သရုပ်ပြ စိုက်ပျိုးပွဲကျင်းပသည်။

အဆိုပါကောက်စိုက်စက်ဖြင့် စိုက်ပျိုးပွဲကို ဟင်္သာတခရိုင် စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးလှိုင်ထွန်းနှင့်အဖွဲ့ဝင်များ၊ ဟင်္သာတခရိုင် စက်မှုလယ်ယာဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးငြိမ်းသောင်းနှင့်ဝန်ထမ်းများ၊ မြို့နယ်စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးအောင်ဇော်မင်းနှင့် အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံတောင်သူများ တက်ရောက်လေ့လာကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)





ချောင်းဆုံမြို့နယ်၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်းကော်မတီဖွဲ့စည်း

ချောင်းဆုံ ဇွန် ၂၉

မွန်ပြည်နယ် ချောင်းဆုံမြို့နယ် ကွမ်သဲကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

ဦးစွာ ချောင်းဆုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စန်းစန်းမော်က ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းအကြောင်း၊ စီမံကိန်းနှင့်ပတ်သက်၍ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို အသေးစိတ်ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက ကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့်စည်းကမ်းချက်များ၊ စီမံကိန်းလုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ကဏ္ဍတစ်ခုချင်းစီအလိုက် ရှင်းလင်းပြောကြားပြီး အစည်းအဝေးသို့ တက်ရောက်လာကြသော ကျေးရွာသူ ကျေးရွာသား ရပ်မိရပ်ဖများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဝင် ကိုးဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ပေးခဲ့ကြောင်း သိရသည်။ သုတ

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၃၀-၆-၂၀၂၆

ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	တာဝယ်	ရှမ်းပြည်	ပုသိမ်	ကြန်ကြီးနား	စစ်ကိုင်	ဘားအံ	မော်လမြိုင်	လားရှိုး	တောင်ကြီး	ထွေ့ဒိုကော်	ဟားခါး
92 Ron	၃၆၆၅၅	၃၈၇၀၀	၃၈၂၂၀	၃၆၆၃၀	၃၈၅၇၀	၃၈၅၅၀	၃၈၂၂၀	၃၈၀၀၀	၄၀၆၆၅	၄၀၆၃၅	၃၈၂၂၀	၃၈၅၇၀	၃၈၆၀၀	၃၈၅၇၀	၃၈၅၆၀	၄၀၀၀၀
95 Ron	၃၆၆၅၅	၃၈၅၇၀	၃၈၆၀၀	၃၈၂၃၅	၃၈၅၇၅	၃၈၅၇၀	၃၈၅၇၅	၃၈၅၇၀	၄၁၁၅၀	၄၁၀၆၀	၃၈၅၇၅	၃၉၀၇၀	၃၈၅၇၅	၃၈၅၇၀	၃၈၆၆၀	၄၀၉၀၀
HSD (500 ppm)	၃၅၂၈၅	၃၆၆၀၀	၃၆၆၂၅	၃၅၅၀၀	၃၆၆၀၅	၃၆၅၀၀	၃၆၂၀၀	၃၆၆၂၅	-	၃၉၅၅၅	၃၆၆၂၅	၄၀၂၅၀	၃၆၂၂၀	၃၆၆၀၀	၃၆၆၂၅	၃၉၂၀၀
HSD (50 ppm)	၄၁၉၀	၄၁၇၅	၄၂၂၅	၄၂၀၅	၄၁၇၅	၄၁၆၅	၄၁၉၅	၄၂၀၅	၄၆၆၀	၄၆၆၀	၄၂၂၅	၄၁၇၀	၄၁၇၅	၄၁၇၅	၄၁၇၅	၄၂၀၅
HSD (10 ppm)	၄၁၉၀	၄၁၇၅	၄၂၂၅	၄၂၀၅	၄၁၇၅	၄၁၆၅	၄၁၉၅	၄၂၀၅	၄၆၆၀	၄၆၆၀	၄၂၂၅	၄၁၇၀	၄၁၇၅	၄၁၇၅	၄၁၇၅	၄၂၀၅

ကျပ်/လီတာ

Fuel (ဝေါဟာရဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၃၆၅၀၉	၃၈၂၂၀
95 Ron	၃၆၅၀၀	၃၆၆၀၉
HSD (500 ppm)	၃၅၂၅၅	၃၆၂၀၀
HSD (50 ppm)	၄၁၉၇	၄၂၀၅
HSD (10 ppm)	၄၁၉၇	၄၂၀၅

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လှုံ့ဆြေစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၅၅၊ ၀၉-၆၈၀၅၈၉၈၈၈

စက်သုံးဆီတင်သွင်းသို့လှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ



ပခုက္ကူ ပညာရေးဒီဂရီကောလိပ်၌ မိုးရာသီဘော်လီဘောအားကစားပြိုင်ပွဲ ကျင်းပ

ပခုက္ကူ ဇွန် ၂၉

ပခုက္ကူပညာရေးဒီဂရီကောလိပ်၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် မိုးရာသီဘော်လီဘောအားကစားပြိုင်ပွဲကို ယနေ့နံနက်ပိုင်းက အဆိုပါကောလိပ်ရှိ မိုးလုံလေလုံအားကစားရုံခန်းမ၌ ကျင်းပသည်။

ဦးစွာ ပခုက္ကူပညာရေးဒီဂရီကောလိပ် ကျောင်းကောင်စီဥက္ကဋ္ဌ ဒေါ်မြင့်မြင့်သန်းက အမှာစကားပြောကြားပြီး အဖွင့်ပွဲစဉ်အဖြစ် ဘုရင့်နောင်အသင်းနှင့် ကျန်စစ်သားအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဘုရင့်နောင်အသင်းက နှစ်ပွဲပြတ်ဖြင့် အနိုင်ရရှိကြောင်း သိရသည်။

ဘာမီသာ(ပခုက္ကူ)

စားအုန်းဆီနှင့် နောက်ဆက်တွဲနှလုံးရောဂါ

အိအိချော (CTQM)

စားသုံးဆီသည် မြန်မာတို့၏ နေ့စဉ်ကြော်လှော်ချက်ပြုတ်ရာတွင် မရှိမဖြစ် အခြေခံစားသောက်ကုန်တစ်ခုဖြစ်ပါသည်။ စားသုံးဆီဟုဆိုရာ၌ ရှေးအစဉ်အဆက် ဘိုးဘေးများလက်ထက်မှပင် စားသုံးလာကြသည့် ပြည်တွင်းဖြစ် မြေပဲဆီနှင့် နှမ်းဆီတို့အပြင် ခေတ်ကာလလိုအပ်ချက်အရ ပြည်ပမှတင်သွင်းလာသော စားအုန်းဆီ၊ နေကြာဆီနှင့် ပဲပုပ်ဆီ စသည်တို့လည်း ပါဝင်နေပါသည်။



မြန်မာတို့၏ စားသုံးဆီစားသုံးရခြင်းအပေါ် နှစ်သက်မြတ်နိုးမှုကို "ဆီရွှဲဖွေတောင် ဟင်းဖြစ်"ဆိုသည့်စကားရပ်က သက်သေခံနိုင်ပါသည်။ ထို့ပြင် ဟင်းချက်စားရာ၌ ဆီနည်းနေသည့်အခါ ဆီပြန်ဟင်းမဖြစ်ဘဲ ခြောက်ခြောက်ကပ်ကပ်ဖြစ်နေပါက "ဆီမပါ ငြားမပါ"ဟု ထုတ်ဖော်ပြောဆိုရလောက်အောင် စိတ်မကျေနပ်မှုကို ပြသတတ်ကြပါသည်။ ဤမျှလောက် စားသုံးဆီစားသုံးမှုကို နှစ်သက်ကြသော မြန်မာပြည်သူများအနေဖြင့် "မိမိတို့ဝယ်ယူသုံးစွဲနေသော စားသုံးဆီအမျိုးမျိုးတို့၏ အရည်အသွေးပိုင်းဆိုင်ရာ အကြောင်းအရာများသည် မိမိတို့ကျန်းမာရေးနှင့် တိုက်ရိုက်ဆက်စပ်နေသည်"ဟူသောအချက်ကို နှလုံးသွင်းထားရမည်ဖြစ်ပါသည်။

အဆီအက်စစ်များဖွဲ့စည်းပုံနှင့် ပါဝင်မှုအချိုးအစား

စားသုံးဆီတို့၏ အရည်အသွေးပိုင်းဆိုင်ရာအကြောင်းအရာများကို လေ့လာကြည့်မည်ဆိုလျှင် စားသုံးဆီတစ်မျိုးချင်းစီ၏ အဆီအက်စစ်များဖွဲ့စည်းပုံနှင့် ပါဝင်မှုအချိုးအစားတို့က အဓိကကျလှပါသည်။ စားသုံးဆီသည် ဓာတုဗေဒဖွဲ့စည်းပုံအရ အဆီအက်စစ် (Fatty Acid) နှင့် ဂလစ်စရော (Glycerol) တို့ပေါင်းစပ်ပါဝင်နေပါသည်။ ယင်းအဆီအက်စစ်အပိုင်းတွင် မပြည့်ဝမှုတစ်ခုပါသော အဆီအက်စစ် (Mono Unsaturated Fatty Acid)၊ မပြည့်ဝမှုတစ်ခုထက်ပိုသော အဆီအက်စစ် (Poly Unsaturated Fatty Acid) နှင့် ပြည့်ဝအဆီအက်စစ် (Saturated Fatty Acid) များသည် အချိုးအစားအမျိုးမျိုးတို့ဖြင့် ပါဝင်ပေါင်းစပ်လျက် တည်ရှိကြပါသည်။ ၎င်းတို့၏ ပေါင်းစပ်မှုအချိုးပေါ်မူတည်၍ စားသုံးဆီများ၏ အရည်အသွေးနှင့် ကျန်းမာရေးဆိုင်ရာ အကျိုးသက်ရောက်မှုများ ကွဲပြားနေရခြင်းဖြစ်ပါသည်။

မြန်မာ့စားသုံးဆီ စျေးကွက်တွင် အရောင်းရဆုံး စားသုံးဆီအမျိုးအစားနှင့် စားသုံးသူများ သုံးစွဲမှုအများဆုံး စားသုံးဆီမှာ "စားအုန်းဆီ" ဖြစ်ပါသည်။ စားအုန်းဆီပြီးလျှင် မြေပဲဆီသည် သုံးစွဲမှုအများဆုံးဖြစ်ပါသည်။

စားသုံးသူတို့ အများဆုံးစားသုံးကြသည့် စားအုန်းဆီသည် ဆီအုန်းသီး၏ အသားပိုင်းကို ကြိတ်ချေခြင်းမှရရှိလာသည့်ဆီကြမ်းကို နည်းပညာသုံး၍ အဆင့်ဆင့်ပြန်လည်သန့်စင်ပြီးမှ ရရှိလာခြင်းဖြစ်ပါသည်။ ဆီကြမ်းအဆင့်တွင် အနီရောင်အဖြစ် ခပ်ပျစ်ပျစ်တည်ရှိပြီး သန့်စင်ပြီးသော ဆီချောအဆင့်တွင် အဝါရောင်အဖြစ် ပြောင်းလဲလာကာ အရည်နှင့် အနှစ်ပိုင်းတွဲဆက်လျက် တည်ရှိပါသည်။ ယင်းကို အအေးခံ၍ အရစ်ကျခွဲထုတ်ခြင်း ပြုလုပ်ပြီးမှသာ ဆီအရည်ပိုင်းကို ရရှိနိုင်ပါသည်။

သန့်စင်ပြီးသော ဆီချောများနှင့် အအေးခံခွဲထုတ်ပြီးသော ဆီအရည်ပိုင်းတို့သည် ဆီကြမ်းအဆင့်တွင်ပါဝင်နေသည့် မကောင်းသောအချဉ်ဓာတ်၊ အချဲ့ဓာတ်၊ အနံ့နှင့် အရောင်တို့ ကင်းစင်ပြီး ဖြစ်သောကြောင့် စားသုံးဆီအဆင့်ဟု သတ်မှတ်နိုင်ပါသည်။ ထို့ကြောင့် ယင်းတို့၏ ဓာတုဖွဲ့စည်းပုံကို CODEX STANDARD စံချိန်စံညွှန်းတွင် လေ့လာမည်ဆိုပါက Palm Oil တွင် Palmitic ပြည့်ဝအဆီအက်စစ် (39.3–47.5)၊ Stearic ပြည့်ဝအဆီအက်စစ် (3.5–6.0) နှင့် Oleic မပြည့်ဝအဆီအက်စစ် (36.0–44.0) ပါဝင်နေပါသည်။ ထိုနည်းတူ Palm Olein တွင် Palmitic ပြည့်ဝအဆီအက်စစ် (38.0–43.5)၊ Stearic ပြည့်ဝအဆီအက်စစ် (3.5–5.0) နှင့် Oleic မပြည့်ဝအဆီအက်စစ် (39.8–46.0) ပါဝင်နေကြောင်း တွေ့ရှိရမည်ဖြစ်ပါသည်။

> **"ကျန်းမာရေးစစ်တမ်းကောက်ယူချက်များအရ မြန်မာနိုင်ငံ၏ သေဆုံးမှုအများဆုံး ၁၀ မျိုးတွင် နှလုံးသွေးကြောကျဉ်းရောဂါကြောင့် သေဆုံးမှုအများဆုံးဖြစ်ပြီး သုတေသနတွေ့ရှိချက်များအရ စားအုန်းဆီတွင်ပါဝင်သော ကိုလက်စထရောပမာဏသည် အခြားဟင်းသီးဟင်းရွက်ဆီများအောက် နည်းသော်လည်း ၎င်းတွင် ပြည့်ဝဆီများစွာပါဝင်နေသောကြောင့် နှလုံးရောဂါ၊ နှလုံးသွေးကြောကျဉ်းရောဂါနှင့် သွေးတိုးရောဂါတို့ကို ပိုမိုဖြစ်နိုင်စေကြောင်း လေ့လာသိရှိရပါသည်။**

စားသုံးဆီတွင် ပါဝင်ဖွဲ့စည်းထားကြသော အဆီအက်စစ်များစွာရှိသည့်အနက် ရာခိုင်နှုန်းအများဆုံးဖြင့် ပါဝင်နေသော အဆီအက်စစ်အမျိုးအစားသည် ၎င်း စားသုံးဆီ၏ ဝိသေသလက္ခဏာ၊ ဂုဏ်အရည်အသွေးနှင့် ကျန်းမာရေးအတွက် အကျိုးသက်ရောက်မှုတို့ကို အဆုံးအဖြတ်ပေးရာတွင် များစွာသက်ရောက်မှုရှိစေပါသည်။ Palmitic အက်စစ်သည် ကာဗွန်အရေအတွက် ၁၆ လုံးပါသော ပြည့်ဝအဆီအက်စစ် အမျိုးအစားဖြစ်ပြီး နှလုံးရောဂါဖြစ်ပွားစေသော သွေးတွင်း ကိုလက်စထရောဖြင့်မားမှုနှင့် ဆက်စပ်နေပါသည်။

Oleic Acid သည် ကာဗွန် ၁၈ လုံးပါပြီး မပြည့်ဝမှုတစ်ခုရှိသော မိုနိုမပြည့်ဝအဆီအက်စစ် အမျိုးအစားဖြစ်ပါသည်။ နှလုံးကျန်းမာရေးကို များစွာအထောက်အကူပြုသော အဆီအက်စစ်ဟုလည်း မှတ်သားဖူးပါသည်။ ထို့ပြင် မပြည့်ဝမှုတစ်ခုထက်ပိုရှိပါဝင်ပြီး ကာဗွန် ၁၈ လုံးရှိသော Linoleic Acid သည် Poly Unsaturated Fatty Acid ဖြစ်ကာ နှလုံးကျန်းမာရေးကို များစွာအထောက်အကူပြုပြီး သွေးအတွင်းရှိ မကောင်းသော ကိုလက်စထရော ပါဝင်မှုကိုလည်း လျော့ကျစေနိုင်ပါသည်။

ဆီအမျိုးအစားများ၏ ဂုဏ်အရည်အသွေးများ

ဤသို့ဆိုလျှင် စားသုံးသူပြည်သူများ အနေဖြင့် မိမိတို့ နှစ်သက်စွာဝယ်ယူစားသောက်နေသော ဆီအမျိုးအစားများ၏ ဂုဏ်အရည်အသွေးများကို နှိုင်းယှဉ်စဉ်းစားနိုင်မည်ဖြစ်ပါသည်။ စားအုန်းဆီတွင်ပါဝင်သော ပြည့်ဝအဆီအက်စစ်များ၏ပမာဏသည် မြေပဲဆီ၊ နှမ်းဆီတို့ထက် များစွာမြင့်တက်နေသည်ကို တွေ့ရှိနိုင် သကဲ့သို့ မြေပဲဆီနှင့် နှမ်းဆီတို့တွင်ပါဝင်သော ကျန်းမာရေးအကျိုးပြု မပြည့်ဝအဆီအက်စစ် အမျိုးအစားများသည် စားအုန်းဆီတွင် ပါဝင်မှုပိုနည်းနေသည်ကို တွေ့ရမည်ဖြစ်ပါသည်။ ထို့ကြောင့် စားအုန်းဆီကို နှစ်ရှည်လများ ပမာဏအတိုင်းအတာ အချိန်အဆမလိုဘဲ စားသောက်နေကြသူများအနေဖြင့် မိမိတို့၏ သွေးတွင်းကိုလက်စထရောအတိုင်းအတာနှင့် နှလုံးအခြေအနေတို့ကို စစ်ဆေးထားသင့်ပါသည်။

ကျန်းမာရေးစစ်တမ်း ကောက်ယူချက်များအရ မြန်မာနိုင်ငံ၏သေဆုံးမှုအများဆုံး ၁၀ မျိုးတွင် နှလုံးသွေးကြောကျဉ်းရောဂါကြောင့် သေဆုံးမှုအများဆုံးဖြစ်ပြီး သုတေသနတွေ့ရှိချက်များအရ စားအုန်းဆီတွင်ပါဝင်သော ကိုလက်စထရောပမာဏသည် အခြားဟင်းသီးဟင်းရွက်ဆီများအောက် နည်းသော်လည်း ၎င်းတွင် ပြည့်ဝဆီများစွာပါဝင်နေသောကြောင့် နှလုံးရောဂါ၊ နှလုံးသွေးကြောကျဉ်းရောဂါနှင့် သွေးတိုးရောဂါတို့ကို ပိုမိုဖြစ်နိုင်စေကြောင်း လေ့လာသိရှိရပါသည်။

စားအုန်းဆီရောင်းဝယ်မှုများ

ကမ္ဘာ့နိုင်ငံများ၏ စားအုန်းဆီရောင်းဝယ်မှုကို လေ့လာကြည့်မည်ဆိုပါက ၂၀၂၀ ပြည့်နှစ်နှင့် ၂၀၂၁ ခုနှစ်အတွင်း အီသီယိုးပီးယားနိုင်ငံသည် စုစုပေါင်း စားသုံးဆီသုံးစွဲမှု ၆၃၀၀၀၀ MT ဝန်းကျင်ရှိခဲ့ပြီး ၎င်း၏ ၉၀ ရာခိုင်နှုန်းမှာ မလေးရှားနှင့် အင်ဒိုနီးရှားနိုင်ငံတို့မှ တင်သွင်းသော စားအုန်းဆီများဖြစ်ကြောင်း၊ ၂၀၀၈ ခုနှစ်အတွင်း စားသုံးဆီတင်သွင်းမှုအတွက် ဒေါ်လာသန်းပေါင်း ၅၅၀ သုံးစွဲခဲ့ရာ ယင်း၏ ၈၈ ရာခိုင်နှုန်းသည်လည်း မလေးရှားနှင့် အင်ဒိုနီးရှားနိုင်ငံတို့မှ စားအုန်းဆီများဖြစ်ကြောင်း၊ ပြည့်ဝဆီစားသုံးခြင်း၏ အကျိုးသက်ရောက်မှုအနေဖြင့် ယင်းနိုင်ငံအတွင်း နှလုံးရောဂါ ခံစားရသူများပြားလာခဲ့ကြောင်း လေ့လာသိရှိရပါသည်။

စားအုန်းဆီသည် ကမ္ဘာ့နိုင်ငံအသီးသီးရှိ ဟင်းချက်ဆီအုပ်စုတွင်ပါဝင်သော စားသုံးဆီဖြစ်သော်လည်း ကျန်းမာရေးအထောက်အကူပြု စားသုံးဆီအုပ်စုဝင်အဖြစ် ရပ်တည်နိုင်ခြင်းမရှိခဲ့သည်မှာ ယင်းတွင် ပမာဏများစွာပါဝင်နေသော ပြည့်ဝဆီကြောင့်ဖြစ်ပါသည်။ ထို့ကြောင့် ၂၀၁၃ ခုနှစ်တွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)နှင့် စိုက်ပျိုးရေးနှင့် စားနပ်ရိက္ခာအဖွဲ့ (FAO) တို့ကလည်း ပြည့်ဝဆီအလွန်အကျွံစားသုံးခြင်းသည် နှလုံးရောဂါခံစားရန် ဖြစ်နိုင်ခြေများကြောင်း ထုတ်ပြန်ခဲ့ခြင်းဖြစ်ပါသည်။

ဆီကိုစား၍ အသားမဖြစ်သော်လည်း နေ့စဉ်လှုပ်ရှားသွားလာမှုများ ပြုလုပ်နိုင်ရန်အတွက် လိုအပ်သောစွမ်းအင်ကိုရရှိနိုင်ရန် စားသုံးဆီကို မစားမဖြစ်စားနေကြရမည်ဖြစ်ပါသည်။ သို့သော်လည်း မိမိတို့၏ ကျန်းမာရေးကိုရှေးရှုပြီး ပြည့်ဝဆီများကို ရှောင်ရှားကြရမည်ဖြစ်ပါသည်။ တစ်ဖက်တွင်လည်း မပြည့်ဝဆီအများအပြားပါဝင်ပြီး ကျန်းမာရေးကို အထောက်အကူပေးနိုင်သော ပြည်တွင်းဖြစ် မြေပဲဆီ၊ နှမ်းဆီတို့ကို ရွေးချယ်ဝယ်ယူကာ အနည်းဆုံးပမာဏလျှော့ချပြီး စားသောက်နေထိုင်သွားသင့်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

ကျမ်းကိုးစာရင်း

၁။ MWD Web Portal, Myawaddy.net.mm

၂။ https://www.jstage.jst.go.jp/Article/jos/70/12/70



ပိုလီတက္ကနစ်တက္ကသိုလ်(ပင်လုံ) မိုးရာသီဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

လွိုင်လင် ဇွန် ၂၉

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့ရှိ ပိုလီတက္ကနစ်တက္ကသိုလ်(ပင်လုံ) ၂၀၂၆-၂၀၂၇ ပညာသင်နှစ် မိုးရာသီဘောလုံးပြိုင်ပွဲ (အမျိုးသား) ဖွင့်ပွဲကို ယနေ့မွန်းလွဲပိုင်းက ခရိုင်အားကစားကွင်း၌ ကျင်းပသည်။

ဦးစွာ ပိုလီတက္ကနစ်တက္ကသိုလ်(ပင်လုံ) ဒုတိယပါမောက္ခချုပ် ဒေါက်တာထွန်းမြင့်က အမှာစကားပြောကြားသည်။ ထို့နောက် ကျောင်းသူများက တေးသရုပ်ဖော်သီချင်းဖြင့်ကပြဖျော်ဖြေပြီး ဘောလုံးပြိုင်ပွဲ ပထမပွဲစဉ်ကို ယှဉ်ပြိုင်ကစားကြသည်။

အဆိုပါ မိုးရာသီဘောလုံးပြိုင်ပွဲသို့ ဒုတိယပါမောက္ခချုပ်နှင့် ဌာနမှူးများ၊ ကျောင်းသား ကျောင်းသူများ၊ ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြပြီး ဘောလုံးပြိုင်ပွဲတွင် မေဂျာအသီးသီးမှ အသင်းငါးသင်းပါဝင်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

လွိုင်လင်မိုး

အရေးပေါ်ကယ်ဆယ်ရေးသင်တန်းဆင်း၊ မီးသတ်ပစ္စည်းများ လှူဒါန်း

ရန်ကုန် ဇွန် ၂၉



ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်)တွင် အကြိုအခြေခံမီးသတ်ပညာနှင့် အရေးပေါ်ကယ်ဆယ်ရေးသင်တန်း (၁/၂၀၂၆)သင်တန်းဆင်းပွဲနှင့် မီးသတ်ပစ္စည်းများ လှူဒါန်းပွဲကို ယနေ့ နံနက် ၁၀ နာရီက အဆိုပါဆေးရုံကြီး၌ ကျင်းပသည်။

သင်တန်းဆင်းပွဲ အခမ်းအနားသို့ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ်မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးရဲဇင်းသူ၊ ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးမင်းစမ်းအေးနှင့် အရာရှိ၊ နည်းပြတပ်ဖွဲ့ဝင်များ၊ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက သင်တန်းဆင်းအမှာစကား ပြောကြားပြီး မီးသတ်ဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ်က မီးသတ်ပညာ၊ အရေးပေါ်ကယ်ဆယ်ရေးနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် သင်တန်းတွင် ဆုရရှိသူများအား ဆုများချီးမြှင့်ပြီး သင်တန်းဆင်း လက်မှတ်များ ပေးအပ်သည်။ ယင်းနောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဌာနချုပ် ဒုတိယညွှန်ကြားရေးမှူးချုပ်က ဇီဝိတဒါန သံဃာ့ဆေးရုံသို့ မီးသတ်ဆေးဘူး 2Kg နှစ်ဘူး၊ မီးသတ်ပိုက်လိပ်လေးလိပ်နှင့် 3D မီးသတ်ပိုက်ခေါင်းနှစ်ခေါင်းတို့ကို လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့က လက်ခံရယူခဲ့ကြောင်း သိရသည်။ ဗလ

ပေါက်ခေါင်းမြို့နယ်၌ ယင်လုံအိမ်သာစီမံချက်ဆောင်ရွက်



ပေါက်ခေါင်း ဇွန် ၂၉

ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ်တွင် ယနေ့နံနက်ပိုင်းက ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်း ယင်လုံအိမ်သာစီမံချက်ဖြင့် ငါးခုအိုင်ကျေးရွာနှင့် ဥက္ကဋ္ဌကတောကန်ကျေးရွာများတွင် ယင်လုံအိမ်သာများ လိုက်လံစစ်ဆေးသည်။

ထိုသို့ဆောင်ရွက်ရာတွင် ငါးခုအိုင် ကျေးလက်ကျန်းမာရေးဌာနမှ ပြည်သူ့ကျန်းမာရေးဝန်ထမ်းများက ငါးခုအိုင်ကျေးရွာနှင့် ဥက္ကဋ္ဌတောကန်ကျေးရွာတို့တွင် ယင်လုံအိမ်သာ ရာနှုန်းပြည့်စနစ်တကျ ဆောက်လုပ်အသုံးပြုကြရန် ပြည်သူလူထုအား ကျန်းမာရေးပညာပေးခြင်းနှင့် ယင်လုံအိမ်သာများ လိုက်လံစစ်ဆေးခြင်း လုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ဖုန်းကျော်ဇင်(ပြန်/ဆက်)

တမူးမြို့၌ ကျောင်းပြင်ပပညာရေး အသိပညာပေးဟောပြောပွဲကျင်းပ

တမူး ဇွန် ၂၉

စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ကဘော်ခန်းမ၌ ဇွန် ၂၇ ရက်က ကျောင်းပြင်ပပညာရေး အသိပညာပေးဟောပြောပွဲ ကျင်းပသည်။



အသိပညာပေးဟောပြော

ဦးစွာ တမူးခရိုင် ပညာရေးမှူး ဦးချစ်ငွေက ကျောင်းပြင်ပပညာရေးလုပ်ငန်းဆိုင်ရာများ၊ ကျောင်းပြင်ပ မူလတန်းပညာရေး လုပ်ငန်းဆိုင်ရာများနှင့် ကျောင်းပြင်ပ အလယ်တန်းပညာရေး လုပ်ငန်းဆိုင်ရာများကို အသိပညာပေးဟောပြောသည်။

အဆိုပါ အသိပညာပေးဟောပြောပွဲသို့ ခရိုင်ပညာရေးမှူး ဦးချစ်ငွေနှင့် တာဝန်ရှိသူများ၊ မြို့နယ်ပညာရေးမှူး ဦးစောစီးစယ်နှင့် တာဝန်ရှိသူများ၊ တမူးမြို့ပေါ်ရှိ အခြေခံပညာ အထက်တန်းကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများ၊ ကျောင်းသားမိဘများ စုစုပေါင်းအင်အား ၂၀၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



အလုံမြို့နယ်၌ အခြေခံပညာအထက်တန်းအဆင့်နှင့် အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲကျင်းပ

အလုံ ဇွန် ၂၉

ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ် စောရန်ပိုင်အရှေ့ရပ်ကွက် အောက်ကြည့်မြင်တိုင်းလမ်း အထက(၄)သိရိရတနာခန်းမ၌ ယမန်နေ့နံနက်ပိုင်းက ၂၀၂၆ ခုနှစ် မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် ရန်ကုန်တိုင်းဒေသကြီး အခြေခံပညာအထက်တန်းအဆင့်နှင့် အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲ ကျင်းပခဲ့သည်။

ထို့နောက် အခြေခံပညာအထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲကို "စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် အမျိုးသမီးများ၏အခန်းကဏ္ဍ" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲကို "မြန်မာ့ယဉ်ကျေးမှုနှင့် မြန်မာအမျိုးသမီး" ခေါင်းစဉ်များဖြင့်လည်းကောင်း ဖြေဆိုယှဉ်ပြိုင်ခဲ့ကြသည်။ အဆိုပါပြိုင်ပွဲတွင် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၄၂ ဦးနှင့် အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၄၂ ဦး စုစုပေါင်း ၈၄ ဦးတို့ ယှဉ်ပြိုင်ပြီး တစ်ဦးလျှင် ကျောင်းသုံး ဗလာစာအုပ်တစ်ဒါဇင်၊ အာဟာရမုန့်၊ အအေးနှင့်ရေသန့်ဘူးများ ပေးအပ်ခဲ့ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

အခြေခံပညာကျောင်းပေါင်းစုံ အသက်(၁၄)နှစ်အောက် ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကျင်းပ



ဇီးကုန်း ဇွန် ၂၉

ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့နယ်၌ အခြေခံပညာကျောင်းပေါင်းစုံ အသက်(၁၄)နှစ်အောက် ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက မြို့နယ်အားကစားကွင်း၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌဦးမျိုးသက်အောင်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြသည်။

အဆိုပါ ပြိုင်ပွဲများကို ဇွန် ၂၀ ရက်မှ ၂၉ ရက်အထိ ကျင်းပခဲ့ရာ အခြေခံပညာ ကျောင်းများမှ အသင်း ရှစ်သင်း ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။ ယနေ့တွင် တတိယနေရာအဖြစ် မြို့မအသင်းနှင့် လေးမျက်နှာ အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ပြီး ဗိုလ်လုပွဲကို ကံကြီးအသင်းနှင့် ရွာဝိုင်းကြီး အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ကံကြီးအသင်းက ၄ ဂိုး - ၃ ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ပထမ၊ ဒုတိယနှင့် တတိယဆု ရရှိသော အသင်းများကို ခရိုင်ပညာရေးမှူး(တာဝန်ပေး) ဦးဝင်းလှိုင်၊ မြို့နယ်ပညာရေးမှူး ဒေါ်သန်းသန်းဌေးနှင့် တာဝန်ရှိသူများက ဆုဖလားနှင့် ဆုငွေများ၊ ဆုတံဆိပ်များကို ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

■

❖ မြန်မာအမျိုးသမီးလိင်မှ

နှစ်သင်းစလုံး အမာခံကစားသမားအစုံအလင်ဖြင့် ပွဲထွက်ခဲ့ပြီး ၃၈ မိနစ်တွင် မြတ်နိုးခင်က သစ္စာအားမာန် အသင်းအတွက် ဂိုးစတင်သွင်းယူကာ ပထမပိုင်းအပြီးတွင် ဦးဆောင်နေသည်။ ဒုတိယပိုင်းတွင် ရန်ကုန်ယူနိုက်တက် အသင်းက ချေပဂိုးရရန် ကြိုးပမ်းလာပြီး ၆၅ မိနစ်တွင် ဒေစီအောင်က ချေပဂိုးပြန်သွင်းကာ အနိုင်ဂိုးကို မိနစ် ၇၀ တွင် ဇင်မိုးပြည့်က ပင်နယ်တီမှတစ်ဆင့် သွင်းယူခဲ့သည်။ ယခုပွဲအတွက် အကောင်းဆုံးကစားသမားဆု (AYA Pay player of the Match) ကို ရန်ကုန်ယူနိုက်တက်ဂိုးသမား အေမိခိုင်က ရရှိပြီး အမှတ်တရဆုနှင့် ဆုကြေးငွေကျပ် ငါးသိန်းရရှိသည်။

ပဒုမ္မာကွင်း၌ ကျင်းပသည့်ပွဲတွင် Young Lionesses အသင်းက ရန်ကုန်စီးတီးအသင်းကို ကိုးဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ မြန်မာ ယူ-၁၇ လူငယ်လက်ရွေးစင်အမျိုးသမီး အသင်းဖြစ်သော Young Lionesses အသင်းသည် တိုက်စစ်မှူး ရှင်းသန့်ဖြူစင်ပြုး၏ တစ်ဦးတည်း ငါးဂိုး သွင်းယူမှုနှင့်အတူ ယခုရာသီ၏ ဂိုးအပြတ်ဆုံးနိုင်ပွဲ ရယူနိုင်ခဲ့သည်။ Young Lionesses အသင်းအတွက် အနိုင်ဂိုးများကို ၂၅ မိနစ်တွင် ပြည့်ပိုင်မှူးအိမ်၊ ၃၂ မိနစ်တွင် မြတ်မိုးစံ၊ ၃၈၊ ၄၉၊ ၆၃၊ ၇၀၊ ၇၁ မိနစ်တွင် ရှင်းသန့်ဖြူစင်ပြုး၊ ၆၇ မိနစ်တွင် ဆောင်းသဇင်၊ ၈၃ မိနစ်တွင် ဝင်းရူပါတို့က သွင်းယူခဲ့သည်။ Young Lionesses အသင်းသည် ဒုတိယမြောက်နိုင်ပွဲရယူနိုင်ခဲ့ပြီး ရန်ကုန်စီးတီးအသင်းမှာမူ သုံးပွဲဆက်တိုက် ရှုံးပွဲနှင့် ရင်ဆိုင်ခဲ့ရသည်။ ယခုပွဲအတွက်အကောင်းဆုံးကစားသမား ဆု (AYA Pay player of the Match) ကို ငါးဂိုးသွင်းယူသည့် Young Lionesses အသင်းတိုက်စစ်မှူး ရှင်းသန့်ဖြူစင်ပြုး က ရရှိပြီး အမှတ်တရဆုနှင့် ဆုကြေးငွေကျပ် ငါးသိန်း ရရှိသည်။

ပွဲစဉ် ၃ ဒုတိယနေ့ကို ဇွန် ၃၀ ရက်တွင် ဆက်လက် ကျင်းပမည်ဖြစ်ပြီး ပုသိမ်မြို့ရှိ ကိုးသိန်းကွင်း၌ ဧရာဝတီအသင်းနှင့် အား/ကာသိပ္ပံအသင်း၊ သုဝဏ္ဏကွင်း၌ ရတနာပုံအသင်းနှင့် ဇွဲကပင်ယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ `

သတင်း-ကိုညီလေး

ဓာတ်ပုံ-MWL

ပညာ ရှေ့အိုး လူမခိုး ..... ပညာရဲရင့် ပွဲလယ်တင့်

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
ပြည်ထောင်စုဝန်ကြီးရုံး
အိတ်ဖွင့်စုပေါင်းတင်ဒါခေါ်ဆိုခြင်း

၁။ လျှပ်စစ်ကဏ္ဍရှိ ဦးစီးဌာန/ လုပ်ငန်း/ ကော်ပိုရေးရှင်း အသီးသီးအတွက် အောက်ဖော်ပြပါ ရုံးသုံးစက်ကိရိယာ၊ ရုံးသုံးပရိဘောဂနှင့် ရုံးသုံးအခြားပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ဆိုဝယ်ယူလိုပါသည်-

စဉ်	တင်ဒါအမှတ်	အကြောင်းအရာ
က	5(T)/MOEE/ 26–27	လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ရုံးအမှတ်(၂၇) တွင် Extend and Migration Storage and Firewall Protection Management System ဆောင်ရွက်ခြင်း လုပ်ငန်း။
ခ	6(T)/ MOEE/ 26–27	လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ရုံးအမှတ်(၂၇) တွင် MOEE Data Center Protection and Management System ဆောင်ရွက်ခြင်း လုပ်ငန်း။
ဂ	7(T)/ MOEE/ 26–27	လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ရုံးအမှတ် (၂၇) တွင် Network Upgrading and Monitoring System ဆောင်ရွက်ခြင်းလုပ်ငန်း။
ဃ	8(T)/MOEE/ 26–27	လျှပ်စစ်ကဏ္ဍရှိ ဌာနအသီးသီးတွင် အသုံးပြုရန် Desktop Computer၊ Laptop Computer၊ Monitor နှင့် UPS များ ဝယ်ယူရန်။
င	9(T)/MOEE/ 26–27	လျှပ်စစ်ကဏ္ဍရှိ ဌာနအသီးသီးတွင် အသုံးပြုရန် Copier များ ဝယ်ယူရန်။
စ	10(T)/MOEE/ 26–27	လျှပ်စစ်ကဏ္ဍရှိ ဌာနအသီးသီးတွင် အသုံးပြုရန် Printer၊ Scanner၊ Note Counting Machine နှင့် Cash Counting Machine များ ဝယ်ယူရန်။
ဆ	11(T)/MOEE/ 26–27	လျှပ်စစ်ကဏ္ဍရှိ ဌာနအသီးသီးတွင် အသုံးပြုရန် ရုံးသုံးပရိဘောဂများ ဝယ်ယူရန်။

၂။ အိတ်ဖွင့်တင်ဒါများအား လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန၊ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ်(၂၇)၊ နေပြည်တော်သို့ တင်ဒါပိတ်ရက် (၁၃-၇-၂၀၂၆) ရက် (၁၃:၀၀) နာရီအချိန် နောက်ဆုံးထား၍ (လူကိုယ်တိုင်) လာရောက်တင်သွင်းရမည်။

၃။ သတင်းစာတွင် ကြော်ငြာသည့် ရက်မှစတင်၍ တင်ဒါပုံစံများအား ရုံးချိန်အတွင်း လာရောက်စုံစမ်း ဝယ်ယူနိုင်ပါသည်။ တင်ဒါကြော်ငြာအား ဝန်ကြီးဌာန၏ Web-Portal (www.moep.gov.mm)တွင်လည်း ကြော်ငြာမည်ဖြစ်ပါသည်။

ပြည်ထောင်စုဝန်ကြီးရုံး စုပေါင်းတင်ဒါ
တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ
လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန
ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ်(၂၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၃၄၁၀၂၀၉၊ ၀၆၇-၃၄၁၀၂၈၂

ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ ကျောက်တန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-စံချိန်မှီ အဆင့်-၂၊ မြေကွက်အမှတ်-၂၁၉၄၊ အကျယ်အဝန်း (အလျား၄၀ပေxအနံ၆၀ပေ)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့သည် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေး ဦးစီးဌာနတွင် ဦးလှအောင်(AC-၀၄၉၀၅၀) [၁၂/မရက(နိုင်)၀၈၄၉၀၈]အမည်ဖြင့် ချထားပေးသော ပါမစ်မြေကွက်ကို အရပ်ကတိစာချုပ်အဆက်အစပ်ဖြင့် ဝယ်ယူပိုင်ဆိုင်၍လက်ရောက်ထားရှိပြီး လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးရဲဝင်းအောင်[၇/ပတန(နိုင်)၁၁၁၈၇၇]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်စန္ဒာလင်း[၁၂/မဂဒ(နိုင်)၁၃၅၇၆၄]က အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ မြေကွက်အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုစာရွက်စာတမ်းအထောက်အထား မူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက မြေကွက်အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဝယ်ယူသူ ဒေါ်စန္ဒာလင်း၏ လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်သက်လေးချို LL.B., D.B.L, D.I.L, D.M.L
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၂၀၈/၂၃-၁၂-၂၀၁၄)
အမှတ်-A /၂၄၊ မြရတနာလမ်း၊ မြို့မတောင်ရပ်ကွက်၊ သန်လျင်မြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၂၀၀၂၄၂၈၉၊ ၀၉-၉၆၄၂၂၄၂၈၉

ငြင်းချက်ထုတ်ရန်ဆင့်စာ
(တရားမကျင့်ထုံးဥပဒေ အမိန့် -၅၊ နည်းဥပဒေ ၁ နှင့် ၅)
မင်္ဂလာဒုံခရိုင်တရားရုံး
၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၁၈

ဒေါ်ကျင်အေး နှင့် ၁။ ဦးနိုင်လင်း
၂။ ဒေါ်အေးအေးစိုး
၃။ ဒေါ်မေသန်းထွေး

တရားလို **တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ စောရန်နိုင်အနောက်ရပ်ကွက်၊ ဝေဘာဂီလမ်း၊ အမှတ်-၂၁/၆ လွှာတွင်နေထိုင်သော (၁)တရားပြိုင် ဦးနိုင်လင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၇)ရပ်ကွက်၊ မင်းရဲကျော်စွာ(၆) လမ်း၊ အမှတ်(၁၂၈) တွင်နေထိုင်သော (၂)တရားပြိုင် ဒေါ်အေးအေးစိုး နှင့် ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ အောက်ကြည့်မြင်တိုင်လမ်း၊ အမှတ်(၄၆၈)တွင် နေထိုင်သော (၃)တရားပြိုင် ဒေါ်မေသန်းထွေး သိစေရမည်။

သင့်အပေါ်၌ တရားလိုက " အမည်ငှား (Benami Transaction) ဖြင့် ဝယ်ယူထားကြောင်း မြွက်ဟကြေညာပေးစေလိုမှု" နှင့် လျှောက်ထားစွဲဆိုသည် ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက် (၁၃၈၈ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၉ ရက်) နေ့ မွန်းမတည့်မီ (၁၀:၀၀) နာရီ အချိန်တွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့်(၁) စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့် အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဇွန်လ ၂၅ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ဝင်းအောင်)
ခရိုင်တရားသူကြီး
မင်္ဂလာဒုံခရိုင်တရားရုံး

ဖခင်အမည်မှန်

နေပြည်တော် ဇမ္ဗူသီရိမြို့နယ် Edumax ကျောင်းတွင်G-9တက်ရောက်နေသော မောင်ဉာဏ်ရဲထက်၏ ဖခင်အမည်မှန်မှာ ဦးအောင်အောင်နိုင် ဖြစ်ပါသည်။

မွေးသက္ကရာဇ်အမှန်

ပဲခူးတိုင်းဒေသကြီး၊ နတ်တလင်းခရိုင်၊ ဇီးကုန်းမြို့နယ်၊ အ ထ က(ခွဲ)ကံကြီးကျောင်း GRADE.11 တွင် ပညာသင်ကြားနေသော (ဘ)ဦးမင်းမင်းထွန်း၏ သား မောင်စိုင်းစိုင်း ၏ မွေးသက္ကရာဇ်မှာ (၂၆-၁-၂၀၁၀) ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ (၈)ရပ်ကွက်၊ အခြေခံပညာ အထက်တန်းကျောင်း အထက(ခွဲ)၁၇တွင် ပညာသင်ကြားနေသော မဆုမြတ်သဒ္ဒါ (Grade-8)၏ ဖခင်အမည်မှန်မှာ ဦးဝေယံဖြိုး [၁၂/လသယ(နိုင်) ၀၇၀၈၅၇]ဖြစ်ပါကြောင်း။

မိခင်အမည်မှန်

ရန်ကုန်တိုင်း ဒေသကြီး၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ အမှတ်(၁၇)၊အခြေခံပညာအထက်တန်းကျောင်း၊ Grade-12 မှ မောင်ကံမြင့်၏ မိခင်အမည်မှန်မှာ ဒေါ်သန်းသန်းဝင်း [၁၂/လသယ (နိုင်)၀၅၅၁၀] ဖြစ်ပါသည်။

ဒေါ်သန်းသန်းဝင်း

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ လက်ယက်စမ်းကျေးရွာအုပ်စု၊ သီလဝါအိမ်ရာစီမံကိန်း၊ စုပေါင်းပိုင် အဆောက်အအုံ ၊ အပိုင်း(၁) ရှိ တိုက်အမှတ် (၉)၊ (၄)ခန်းတွဲ (၅)ထပ်တိုက်၏ အခန်းအမှတ် (၁၀၃) ပထမထပ် (၆၅၀ စတုရန်းပေ) ရှိသောတိုက်ခန်းသည် ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေး ဦးစီးဌာနတွင် ဦးငြိမ်းမင်းမောင် [၉ /လဝန(နိုင်) ၁၉၀၉၉၂] အမည်ဖြင့် မှတ်သားတည်ရှိပြီး အမည်ပေါက်သူထံမှ အရပ်ကတိစာချုပ်ဖြင့် **ဝယ်ယူထားသူဖြစ်သော ဦးဝင်းကိုကိုနိုင်[၁၂/သကတ(နိုင်)၁၆၃၆၉၄]**ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော **ဒေါ်နီလာဦး [၁၂/ဗဟန(နိုင်)၀၀၀၂၉၈]** က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍(၇) ရက်အတွင်း ကျွန်ုပ်နှင့် အခန်းပိုင်ရှင်ထံသို့ ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်းမူရင်းများကို ကိုင်ဆောင်၍ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်ပြုလုပ်မည့်တိုက်ခန်းကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်သန်းမြင့် (LLB, WIPO, Switzerland)
တရားလွှတ်တော်ရှေ့နေ(စဉ် - ၁၂၇၇၄)
၄၃၊ သီတာလမ်း၊ ရန်အောင်ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉- ၉၆၇၆၈၃၂၀၄၊ ၀၉- ၄၅၀၂၇၉၄၆၈

ကန့်ကွက်နိုင်ပါကြောင်းနှင့် အများသိစေရန်ကြေညာခြင်း

